# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ နတ်တော်လပြည့်ကျော် (၉)ရက် ၊ အင်္ဂါနေ့ ၊ (24-12-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၂၃၈)


## ဒို့တာဝန်အရေးသုံးပါး

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်

## ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲကို စစ်ဆေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၃**

တပ်မတော်၏ အမျိုးသမီးစစ်မှုထမ်းများ၏ အခန်းကဏ္ဍကို အားသစ်လောင်းမည့် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ကျောင်းအုပ်ကြီးနှင့် မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏

**စာမျက်နှာ ၁၆ ကော်လံ ၁** ⚐




ရတနာပုံ
၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်
အယ်ဒီတာ့အာဘော်

# အားလပ်ရက်များကို အကျိုးရှိစွာအသုံးချ

ဖွံ့ဖြိုးတိုးတက်သော ယနေ့ခေတ်တွင် လူတို့သည်လည်း နေ့စဉ်စိတ်ဖိစီးမှုများ၊ စိတ်သောကများနှင့် ဘဝကို ရုန်းကန်နေကြရသည်။ ထိုသို့ ရုန်းကန်နေရသူများအတွက် အားလပ်ရက်သည် ရုပ်ပိုင်းဆိုင်ရာ အနားရရုံသာမက စိတ်ပိုင်းဆိုင်ရာအပန်းဖြေနိုင်သည့်အချိန်များဖြစ်သည်။ ထို့ကြောင့် မိမိတို့ရရှိသော အားလပ်ရက်များကို အကျိုးရှိစွာခွဲခြမ်းစိတ်ဖြာအသုံးချနိုင်ကြရမည်ဖြစ်ပေသည်။

ပုံမှန်လုပ်ဆောင်ရသည့်အရာများ အထူးသဖြင့် ကျောင်းများအပါအဝင် ရုံးလုပ်ငန်းများကို ဓလေ့ထုံးတမ်းအရ သို့မဟုတ် ဥပဒေအရ ရွှေ့ဆိုင်းခြင်း သို့မဟုတ် လျှော့ချခြင်းပြုလုပ်ရန် သီးခြားဖယ်ထားသည့်နေ့များကို အားလပ်ရက်ဟုခေါ်သည်။ ယေဘုယျသဘောရ ယဉ်ကျေးမှု သို့မဟုတ် ဘာသာရေးနှင့် ပတ်သက်၍ အရေးပါသောဖြစ်ရပ် သို့မဟုတ် အစဉ်အလာတစ်ရပ်အတွက် အခမ်းအနားကျင်းပခြင်း သို့မဟုတ် ဂုဏ်ပြုခြင်းများအတွက် လူတို့ကိုခွင့်ပြုရန် ရည်ရွယ်၍ အားလပ်ရက်များသတ်မှတ်ထားခြင်းဖြစ်သည်။ အားလပ်ရက်များကို အစိုးရအဖွဲ့များ၊ ဘာသာရေးအဖွဲ့အစည်းများ သို့မဟုတ် အခြားအဖွဲ့အစည်းများက သတ်မှတ်ထားခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရသည် အများပြည်သူနှင့်နိုင်ငံ့ဝန်ထမ်းများ ခရီးသွားလာမှုလွယ်ကူစေရန်နှင့် ရက်ရှည်အနားယူအပန်းဖြေနိုင်စေရန်အတွက် ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ် ပြက္ခဒိန်နှစ်အတွင်း အစိုးရရုံးပိတ်ရက်နှင့် အများပြည်သူအလုပ်ပိတ်ရက်များကြားရှိ ရုံးဖွင့်ရက်များကို တစ်ဆက်တည်းရုံးပိတ်ရက်အဖြစ် သတ်မှတ်ထားသည်။ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်(စနေနေ့)၊ ၂၉ ရက် (တနင်္ဂနွေနေ့)၊ ၃၀ ရက်(ကရင်နှစ်သစ်ကူးနေ့)နှင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တို့ကြားရှိ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်၊ (ရုံးပိတ်ရက်ငါးရက်)၊ ၂၀၂၅ ခုနှစ် မတ် ၁၃ ရက်(တပေါင်းလပြည့်နေ့)၊ ၁၅ ရက်(စနေ နေ့)နှင့် ၁၆ ရက်(တနင်္ဂနွေနေ့)တို့ကြားရှိ မတ် ၁၄ ရက်နှင့် တပေါင်းလပြည့်နေ၏ ရှေ့တစ်ရက်ဖြစ်သည့် မတ် ၁၂ ရက်(ရုံးပိတ်ရက်ငါးရက်)။ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁ ရက်(စနေနေ့)၊ ၂ ရက်(တနင်္ဂနွေနေ့)နှင့် ၄ ရက် (တန်ဆောင်မုန်းလပြည့်နေ)တို့ကြားရှိ နိုဝင်ဘာ ၃ ရက်(ရုံးပိတ်ရက်လေးရက်)။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်(ခရစ္စမတ်နေ့)၊ ၂၇ ရက်(စနေနေ့)နှင့် ၂၈ ရက်(တနင်္ဂနွေနေ့)တို့ကြားရှိ ဒီဇင်ဘာ ၂၆ ရက် (ရုံးပိတ်ရက်လေးရက်) တို့ကို တစ်ဆက်တည်းရုံးပိတ်ရက်အဖြစ် သတ်မှတ်ထားသည်။

နိုင်ငံတော်အစိုးရက ပိတ်ရက်ရှည်အဖြစ် သတ်မှတ်ပေးသည့်ရုံးပိတ်ရက်ရှည်များ၏ ရှေ့လာမည့် အဦးဆုံးစနေနေ့တစ်ရက်စီကို အစားထိုးရုံးတက်ရက်များအဖြစ် သတ်မှတ်ထားသည်။ အားလပ်ရက်များကို အကျိုးရှိရှိအသုံးချရန် နောက်ထပ်နည်းလမ်းမှာ ခရီးသွားဝါသနာပါသူများအတွက် မိသားစုဖြင့်ဖြစ်စေ၊ သူငယ်ချင်းမိတ်ဆွေများနှင့်ဖြစ်စေ ခရီးတိုကလေးများကို သွားရောက်သင့်သည်။ ကိုယ်ချစ်သောသူများနှင့်ခရီးသွားခြင်းသည်လည်း ဒေသန္တရဗဟုသုတရနိုင်သည့်အပြင် စိတ်ကိုပျော်ရွှင်လန်းဆန်းစေသည်။ လူတစ်ဦးသည် ပျော်ရွှင်နေသောစိတ်ဖြင့် အလုပ်လုပ်သည့်အချိန်သည် အောင်မြင်မှုများကို ပိုမိုရရှိစေနိုင်သည်။

သို့ဖြစ်ရာ နေ့စဉ်စိတ်ဖိစီးမှုများ၊ စိတ်သောကရောက်မှုများပြေလျော့စေရန် အားလပ်ရက်ရှည်များကို အကျိုးရှိစွာအသုံးချပြီး လုပ်ငန်းခွင်ပြန်ရောက်ချိန်တွင် အကြံဉာဏ်သစ်များ၊ စိတ်ကူးသစ်များ၊ ဖန်တီးမှုအသစ်များနှင့် မိမိတို့ဆောင်ရွက်ရမည့်တာဝန်များကို တက်ကြွပျော်ရွှင်စွာထမ်းဆောင်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**မန္တလေး ဒီဇင်ဘာ ၂၃**

ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ရှိ ရှင်းလင်းဆောင်တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သောင်းနိုင်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် ပြင်ဦးလွင်မြို့ ကိုပန်းမြို့တော်၊ ခရီးသွားမြို့တော်၊ ပန်းအခြေခံ စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးသည့်မြို့တော်၊ ပန်းထုတ်လုပ်ဖြန့်ဖြူးရာ ဗဟိုချက်မဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပပြုလုပ်သည့် ယခုအလုပ်ရုံဆွေးနွေးပွဲမှတစ်ဆင့် အပင်မျိုးစိတ်များထိန်းသိမ်းခြင်း၊ သိပ္ပံနည်းကျ သုတေသနပြုခြင်း၊ ပန်းမန်စိုက်ပျိုးခြင်း၊ အသိပညာပေးခြင်းနှင့် သဘာဝအရင်းအမြစ်များကို ရေရှည်တည်တံ့စွာအသုံးချခြင်း အစရှိသည့်အကျိုးကျေးဇူးများကို ပေးစွမ်းလျက်ရှိသည့် ရုက္ခဗေဒဥယျာဉ်များ အောင်မြင်စွာ ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုနိုင်မည့် နည်းလမ်းများကို အကြံပြုဖော်ထုတ်သွားကြရန် စသည်ဖြင့် ပြောကြားခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ကျွမ်းကျင်သူများက ရှင်းလင်းတင်ပြခြင်း၊ အုပ်စုဖွဲ့ဆွေးနွေးခြင်းတို့ ပါဝင်ပြီး ရုက္ခဗေဒနှင့် ဥယျာဉ်ဆိုင်ရာ ကျွမ်းကျင်သူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အမျိုးသားကန်တော်ကြီးဥယျာဉ် အောင်မြင်စွာ ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုနိုင်မည့် နည်းလမ်းများကို အမျိုးသားကန်တော်ကြီးဥယျာဉ်အမြဲသာယာလှပရေး၊ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း စိုက်ပျိုးသင့်သည့် ဈေးကွက်ဝင်ပန်းမျိုးစိတ်များ ဖော်ထုတ်ရေး၊ သုတေသနဖွံ့ဖြိုးတိုးတက်စေရေးနှင့် နည်းပညာများ တီထွင်ဆန်းသစ်ရေး စသည့် ခေါင်းစဉ်သုံးခုဖြင့် အုပ်စုသုံးအုပ်စုဖွဲ့၍ ဆွေးနွေးအကြံပြုဖော်ထုတ်ခဲ့ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ကြောင်း၊ အမျိုးသားကန်တော်ကြီးဥယျာဉ်၏ နှစ် ၁၀၀ ပြည့်အထိမ်းအမှတ်နှင့် ပန်းပွဲတော်ကို လှည့်လည်ကြည့်ရှု လေ့လာခဲ့ကြကြောင်း သိရသည်။

**မျိုးကျော်**

# တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ၁၃၉၂ ဧက ရိတ်သိမ်းပြီးစီး

**တမူး ဒီဇင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ၁၃၉၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၃၉၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ဖူးစားပြောင်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှစတင်၍ ယနေ့ထိ ရိတ်သိမ်းခဲ့ကြရာ ၁၃၉၂ ဧက ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ပြောင်းဖူး ၁၅၀၀၀ ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ တမူးခရိုင်မှာ ဖူးစားပြောင်း ၁၃၉၂ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှား ရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေး ဆောင်ရွက်ပေးခဲ့တယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

ယခုနှစ် တမူးခရိုင်တွင် ဖူးစားပြောင်းစိုက် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေး အသုံးပြုရေး၊ စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တမူးခရိုင်တွင် ဖူးစားပြောင်း စိုက်ပျိုးရာတွင် ဖူးစားပြောင်း တစ်ဧကလျှင် ပြောင်းဖူး ၁၅၀၀၀ ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ်ငါးသိန်းကျော် ကုန်ကျကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးခုံးမ ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ ဒီဇင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးခုံးမပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးခုံးမပိဿာချိန် ၆၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ငါးခုံးမ ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဖျာပုံမြို့နယ်မှ ငါးခုံးမများအပါအဝင်ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ အများဆုံးတင်ပို့ရောင်းချနေကြောင်း သိရသည်။

"အခု အခြားဒေသတွေထက် ငါးခုံးမကို ရန်ကုန်ဈေးကွက်ထဲ အရင်ထက်ပိုမိုတင်ပို့အားကောင်းနေပါတယ်။ ပြည်တွင်းငါးစားသုံးမှုများလာတာကြောင့် ရန်ကုန်ဈေးကွက်က အဝယ်လိုက်လာတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်း ငါးခုံးမ ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ငါးခုံးမက ပြီးခဲ့တဲ့လကထက် ရန်ကုန်ဈေးကွက်ကို ပိဿာချိန် ၂၀၀၀၀ ထိ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်" ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ငါးခုံးမများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်နှင့် အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါငါးများ နေ့စဉ်တင်ပို့ရောင်းချလာရသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုင်းတုံမြို့နယ် ပန်ပြတ်(အထက်)ကျေးရွာ၌ VDP စီမံကိန်းဖြင့် ဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မိုင်းတုံ ဒီဇင်ဘာ ၂၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ဖြင့် လွယ်ခမ်းလုံကျေးရွာအုပ်စု ပန်ပြတ်(အထက်) ကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာနှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက ပန်ပြတ်(အထက်)ကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ပိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ပန်ပြတ်(အထက်) ကျေးရွာ၌ အလျားပေ ၄၀၊ အနံ ၂၇ ပေ၊ အမြင့် ၁၂ ပေရှိကျေးရွာဘက်စုံသုံး ခန်းမဆောင်ကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၅သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၆၉ သန်း၊ စုစုပေါင်း ရန်ပုံငွေကျပ် ၁၆ ဒသမ ၆၉ သန်း အသုံးပြုကာ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများ၏ ကွင်းဆင်းကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လ ဒုတိယပတ်ကစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာထံမှ သိရသည်။

**မောင်ခိုင်**

# မြဝတီမြို့နယ် ကုန်းမလေးကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြဝတီ ဒီဇင်ဘာ ၂၃**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကုန်းမလေးကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၂၂ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဒေါ်ကပေါ်ထူး၊ မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက VRFP စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကုန်းမလေးကျေးရွာ၌ VRFP ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ငွေစာရင်းဇယားများ စနစ်တကျ ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါကုန်းမလေးကျေးရွာ၌ VRFPကျေးရွာစီမံကိန်းကို၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁၀ သိန်းဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ပဋ္ဌမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ကိုးဦးကို ငွေကျပ် ၁၁၁ သိန်း ထုတ်ချေးပေးထားကြောင်း မြဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ကိုသက်**

# ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၁၃၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ခင်ဦး ဒီဇင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၁၁၃၄ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၅၀၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၃၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ခင်ဦးမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာ ၁၅၀၇ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၁၃၄ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

ခင်ဦးမြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အချိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည် မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အချိန်မြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် ခင်ဦးမြို့နယ်တွင် နေကြာစိုက်ပျိုးမည့်တောင်သူများကို မျိုးစေ့များ ပံ့ပိုးပေးနိုင်ရေး၊ ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှတောင်သူ ဖလှယ်သည့်နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးလျက်ရှိကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ဝမ်းတွင်းမြို့နယ် ရေအောင့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝမ်းတွင်း ဒီဇင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေအောင့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ရေအောင့်ကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၇ ဦးကို ရန်ပုံငွေကျပ် ၃၂ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နွေးနွေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ မနောသုခဆန် ၂၄ ပြည်ဝင် အိတ်ရေ ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဆန်အမျိုးအစားသည် ဆန်ကြမ်းအုပ်စုတွင်ပါဝင်သည့် အမျိုးအစားဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်း မော်လမြိုင်ကျွန်းမြို့နယ်ကနေ မနောသုခဆန်တွေအများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်ကနေထွက်ရှိတဲ့ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ မနောသုခဆန်အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ ဆန်အိတ်တွေကို ကုန်းလမ်းနဲ့ အဓိကထား တင်ပို့ရောင်းချနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နွေးနွေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၁၀၀ လျှင် ငွေကျပ် ၉၉၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဆန်များ အရောင်းအဝယ် ကောင်းမွန်လာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သည့် လုပ်ငန်းရှင်များ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# မြေဆီလွှာနှင့် မြေဩဇာ (အပိုင်း ၁၈)

ပါမောက္ခကိုကိုအောင်

မြေဆီလွှာအတွင်း၌ မြေဩဇာထက်သန်ကောင်းမွန်လာအောင် ပြုပြင်ဆောင်ရွက်ပေးသည့်အရာများထဲတွင် မြေဆီလွှာ၌ ပေါက်ရောက်ရှင်သန်နေကြသော အပင်ကြီးငယ် အသွယ်သွယ်တို့၏အမြစ်များကလည်း တစ်နည်းတစ်ဖုံ ပါဝင်လျက်ရှိနေကြသည်။ အပင်ကြီးငယ်တို့ ရှင်သန်ဖွံ့ဖြိုးနေစဉ်ကာလတစ်လျှောက်လုံး၌ ၎င်းအပင်တို့၏အမြစ်များက မြေဆီလွှာအပေါ်ယံမှ အောက်လွှာများအထိတိုင် ထိုးဖောက်ဝင်ရောက်သွားကြသည်။ ထိုကဲ့သို့ ထိုးဖောက်ဝင်ရောက်သွားခြင်းကြောင့် မြေဆီလွှာအတွင်းသို့ လေကိုဝင်ရောက်စေသလို၊ မြေဆီလွှာအတွင်းရှိ ရေမြေးများနှင့် ရေလွတ်များကိုပါ ဟန်ချက်ညီညီ ရွေ့လျားသွားစေသည်။

အပင်ကြီးငယ်တို့ သေကျေပျက်စီးသွားသည့်အခါ အော်ဂဲနစ်ဒြပ်အများအပြားကို ဆွေးမြည့်သွားစေရန်အတွက် မြေမှုန့်တို့နှင့် လုံးထွေးကာ ချန်ထားရစ်ခဲ့ကြသည်။ ထို့ပြင် ထိုကဲ့သို့ ဆွေးမြည့်သွားခြင်းကြောင့် အခြားသော ရှင်သန်ကြီးထွားလျက်ရှိနေကြသည့် အမြစ်များကို မြေဆီလွှာထဲသို့ လွယ်လင့်တကူ ထိုးဖောက်ဝင်ရောက်စေနိုင်ကြသည်။ ရှင်သန်နေသော အမြစ်များက ထိုးဖောက်ဝင်ရောက်ကြသည့်လမ်းကြောင်းမှ မြေဆီလွှာအတွင်းသို့ လေကိုဝင်ရောက်စေပြီး ရေများကိုလည်း တစ်နေရာမှအခြားတစ်နေရာသို့ စီးဆင်းသွားစေသည်။ စိုက်ပျိုးတောင်သူတို့က လယ်ယာစိုက်ခင်းအတွင်း ရေထုတ်မြောင်းများချ၍ ရေပိုများကိုထုတ်ပစ်ရာ၌ အဆိုပါရေစီးကြောင်းကလေးများက များစွာအထောက်အကူပြုပေးကြသည်။

မြေဆီလွှာဖြစ်ပေါ်တိုးတက်အောင် ဆောင်ကြဉ်းပေးသူ အကြီးစားသက်ရှိအများစုမှာ တိရစ္ဆာန်များဖြစ်ကြသော်လည်း အငယ်စား သက်ရှိအများစုတို့ကမူ ရုက္ခဗေဒပညာရပ်စာရင်းဝင် အပင်ငယ်များဖြစ်ကြသည်။ မြေဆီလွှာအကျိုးပြု အငယ်စားသက်ရှိများဖြစ်ကြသော မှိုနု၊ မှိုမျိုး၊ အယ်ဂျေး၊ ဗက်တီးရီးယားတို့အနက် ဗက်တီးရီးယားများသည် မြေဆီလွှာအတွင်း မှီတင်းရှင်သန်လျက်ရှိကြသော သက်ရှိများထဲတွင် အရေးအကြီးဆုံးသက်ရှိများဖြစ်ကြသည်။

မြေဆီလွှာအတွင်းရှိ ဗက်တီးရီးယားအများစုမှာ တုတ်ချောင်းပုံသဏ္ဌာန်ရှိကြပြီး လက်သဖွယ်ဖြစ်နေသော အမွေးအမှင်တို့ဖြင့် မြေဆီလွှာအတွင်း တစ်နေရာမှတစ်နေရာသို့ ကူးသန်းသွားလာရွေ့လျားလျက်ရှိနေကြသည်။ အချို့သော ဗက်တီးရီးယားတို့သည် ပဲပင်ပေါက်ပုံသဏ္ဌာန်ဖြစ်ပြီး အချို့ကမူ ကင်းခြေများသဏ္ဌာန်၊ ပုရွက်ဆိတ်သဏ္ဌာန်နှင့် ပင်လယ်ရေမွှားကောင်သဏ္ဌာန်များရှိကြသည်။

ဗက်တီးရီးယားတို့သည် အလွန်ပင်သေးငယ်လှသောကြောင့် မြေဆီလွှာအတွင်း၌ ၎င်းတို့ရှိနေသည်ကို သာမန်မျက်စိဖြင့်မမြင်နိုင်ပေ။ မြင်သာသော ဥပမာဖြင့်ပြောရလျှင် လူသားတစ်ဦး၏ သာမန်မျက်စိအမြင်၌ပင် အလွန်သေးငယ်နေသော သဲတစ်ပွင့်သည် မြေစေးအမှုန့်ထက် အဆပေါင်းထောင်ဂဏန်းမျှကြီးမားနေပြီး ဗက်တီးရီးယားတို့ကမူ အဆိုပါမြေစေးအမှုန့်တစ်မှုန့်ထက် သုံးဆမှငါးဆခန့်အထိ သေးငယ်နေကြသည်။ ဤနည်းဖြင့် ခန့်မှန်းကြည့်မည်ဆိုပါက သဲတစ်ပွင့်သည် ဗက်တီးရီးယားတို့ထက် အဆသုံးထောင်ကျော်ခန့် ကြီးမားနေကြသည်ဖြစ်၍ အဏုကြည့်မှန်ဘီလူးမပါဘဲနှင့် ဗက်တီးရီးယားတို့ကို မြင်နိုင်မည်မဟုတ်ပေ။



မြေဆီလွှာကို သဘာဝအလျောက် ပြုပြင်ပေးနေကြသော အငယ်စားသက်ရှိများအနက် အပင်များကို အကျိုးပြုသောအငယ်စားသက်ရှိများနှင့် အပင်များကို ဘေးဖြစ်စေသော အငယ်စားသက်ရှိများဟူ၍ ခွဲခြားထားသည်။ အပင်များကိုဘေးအန္တရာယ်ပြုတတ်သော မိုက်ခရုပ်ပိုးအများစုမှာ ပါရာဆိုက်များဖြစ်ကြသည်။ ၎င်းတို့သည် များသောအားဖြင့် အပင်၏အမြစ်များမှအစပြုကာ အန္တရာယ်ပြုလေ့ရှိကြသည်။ ပါရာဆိုက်တို့၏အဖျက်အန္တရာယ်မှ ရှောင်ရှားနိုင်ရန်အတွက် စိုက်ခင်းအတွင်း၌ အပင်များကို လုံးဝစိုက်ပျိုးခြင်းမရှိဘဲ ကာလရှည်ကြာ ပစ်ထားခဲ့လျှင်ပင် မြေဆီလွှာအတွင်းသို့ တစ်ကြိမ်မျှ ဝင်ရောက်မိရုံဖြင့် နှစ်အတန်ကြာ ခိုအောင်းနေတတ်သော ပါရာဆိုက်တို့၏အန္တရာယ်က ရှိနေဆဲပင်ဖြစ်သည်။

ဖန်လုံအိမ်ဖြင့်စိုက်ပျိုးသော ခေတ်သစ်စိုက်ပျိုးခြံများ၌မူ စိုက်ခင်းမြေဆီလွှာကို ရေနွေးငွေ့များဖြင့် အပူပေးကာ ပါရာဆိုက်များကို ဖယ်ရှားပစ်လေ့ရှိသည်။ အချို့သောစိုက်ပျိုးတောင်သူတို့ကမူ ၎င်းတို့၏စိုက်ပျိုးမြေအတွင်း၌ ပါရာဆိုက်များကို ဖယ်ရှားပစ်လေ့ရှိသည်။ အချို့သောစိုက်ပျိုးတောင်သူတို့ကမူ ၎င်းတို့၏စိုက်ပျိုးမြေအတွင်း၌ ပါရာဆိုက်များရှိနေသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ၎င်းတို့ရန်ကို ကြိုတင်ကာကွယ်သည့်အနေဖြင့် နှစ်စဉ်စိုက်ပျိုးရာသီ၌ ရေနွေးငွေ့ဖြင့် ဖယ်ရှားရှင်းလင်းသောနည်းကို အသုံးပြုလေ့ရှိကြသည်။

ပါရာဆိုက်မိုက်ခရုပ်ပိုးများသည် အပင်များ၌ ပိုးဖုနာ၊ အမြစ်ပုပ်နာ၊ ရွက်ညှိုးနာတို့ကို ဖြစ်ပွားစေသည်။ ခရမ်းချဉ်ပင်၊ ဖရဲပင်နှင့် နှမ်းချပ်လျှော်ပင်တို့သည် ၎င်းမိုက်ခရုပ်များကြောင့် ရွက်ညှိုးနာအဖြစ်များလေ့ရှိကြသည်။ အချို့သောအပင်တို့မှာ အပင်ပေါက်အရွယ်၌ပင် အပင်ပုပ်ခြင်းရောဂါဖြစ်ပွားလေ့ရှိကြသဖြင့် ဖန်လုံအိမ်ဖြင့်စိုက်ပျိုးသော စိုက်ခင်းရှင်တို့အတွက် အဆိုပါရောဂါ ကျရောက်မည်ကို အလွန်အမင်း စိုးရိမ်ကြောက်ရွံ့ကြသည်။

အပင်တို့၌ကျရောက်သော ရောဂါများသည် စိုက်ခင်းမြေဆီလွှာတစ်ခုမှတစ်ခုသို့လည်းကောင်း၊ ဖန်လုံအိမ်တစ်ခုမှ အခြားတစ်ခုဆီသို့လည်းကောင်း လွယ်လင့်တကူ ကူးစက်သွားနိုင်သည်။ ထို့ကြောင့်ပင် စိုက်ခင်းအတွင်း၌ အပင်ရောဂါများကျရောက်ချိန်၌ အမှိုက်သရိုက်များကို အထူးဂရုတစိုက် ရှင်းလင်းသိမ်းဆည်းရန် လိုအပ်သည်။ စိုက်ပျိုးရေးလုပ်ငန်းသုံးကိရိယာများဖြစ်ကြသည့် ပေါက်ပြား၊ ဂေါ်ပြား၊ တူးရွင်းပြား၊ ထွန်ခြစ်၊ မြေသယ်ခြင်းတောင်း၊ အမှိုက်တောင်း၊ အမှိုက်အိတ် စသည်တို့မှာ အပင်၏ရောဂါများကို တစ်နေရာမှတစ်နေရာသို့ သယ်ဆောင်ရောက်ရှိပြန့်ပွားစေနိုင်သည်ကိုလည်း သတိချပ်သင့်ကြသည်။

လူ့အဖွဲ့အစည်းအတွင်း ကူးစက်ရောဂါပျံ့နှံ့နေချိန်၌ ရောဂါဖြစ်နေသူကို သီးခြားခွဲ၍ထားသကဲ့သို့ပင် စိုက်ခင်းများအတွင်း၌လည်း အပင်ရောဂါကျရောက်နေသော စိုက်ခင်းကို အခြားစိုက်ခင်းများနှင့်မဆက်စပ်မိအောင် သီးခြားခွဲထားပြီး ပြုစုပျိုးထောင်ကြရန် လိုအပ်သည်။ စိုက်ခင်းသီးခြားခွဲထားခြင်းကို ဖန်လုံအိမ်စိုက်ခင်းများ၌ ဆောင်ရွက်ရန်ရနိုင်သော်လည်း ကွင်းပြင်ကျယ်စိုက်ခင်းများအတွက်မူ အဆင်ပြေမှု မရှိနိုင်ပေ။

ကွင်းပြင်ကျယ်စိုက်ခင်းများ၌ အပင်ရောဂါမကျရောက်အောင် ကြိုတင်ကာကွယ်ခြင်းဖြင့်သာ ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။ မျိုးစေ့သန့်သန့်ကိုသာ ရွေးချယ်စိုက်ပျိုးခြင်း၊ ရောဂါပြီးသောအပင်များကို စိုက်ပျိုးခြင်းနှင့် ရောဂါကင်းသောမြေဩဇာကိုသာ အသုံးပြုခြင်းတို့သည် အကောင်းဆုံးသော ကြိုတင်ကာကွယ်နည်းများပင်ဖြစ်ကြသည်။

ခေတ်သစ်စိုက်ပျိုးရေးသုတေသနပညာရှင်တို့က အပင်မျိုးစိတ်များကို မျိုးစပ်ပေးခြင်းအားဖြင့် ရောဂါဘယများ၏ဒဏ်ကို တွန်းလှန်နိုင်သည့်အပြင် မျိုးဆက်သစ်များဖြစ်လာအောင် ဆောင်ကြဉ်းပေးလျက်ရှိနေကြပြီဖြစ်သည်။ စိုက်ခင်းပေါ်၌ ကောက်ပဲသီးနှံပင်များကို တစ်မျိုးပြီးတစ်မျိုး တစ်လှည့်စီ အလှည့်ကျစိုက်ပျိုးခြင်းကလည်း အပင်ရောဂါများကို ကာကွယ်နိုင်သောနည်းလမ်းတစ်ရပ်ဖြစ်သည်။

ကောက်ပဲသီးနှံများကို အလှည့်ကျစိုက်ပျိုးပေးခြင်းအားဖြင့် အပင်ကိုရောဂါဖြစ်စေသော သက်ရှိတို့အတွက် ၎င်းတို့မှီခိုနေထိုင်ရာအပင်များကို စဉ်ဆက်မပြတ် ရှင်သန်ပေါက်ရောက်ခြင်းမရှိကြတော့သည့်အတွက် သေကျေပျက်စီးကုန်ကြရတော့သည်။

မြေဆီလွှာအတွင်းသို့ ထုံးချပေးခြင်းသည်လည်း မြေဆီလွှာအတွင်းရှိ အချဉ်ဓာတ်ကို ပျက်ပြယ်သော ရောဂါများကို ပပျောက်သွားစေသည်။ ဂေါ်ဖီစိုက်ခင်းများအတွင်း ထုံးချပေးခြင်းဖြင့် ဂေါ်ဖီထုပ်ပင်၏ အမြစ်များ၌စွဲကပ်နိုင်သော ရောဂါများကို ကြိုတင်ကာကွယ်ခြင်းသည် အကောင်းဆုံးသော သာဓကတစ်ခုပင်ဖြစ်ပေသည်။

# မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၁၄၆၁ ဧက စိုက်ပျိုးပြီးစီး

မြောင် ဒီဇင်ဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၁၄၆၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးဧက ၁၄၆၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၄၆၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မြောင်မြို့နယ်မှာ ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပဲကြီးဧက ၁၄၆၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၄၆၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် ပဲကြီးစိုက်တောင်သူများအနေဖြင့် ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားနည်းစနစ်များဖြင့် စိုက်ပျိုးသည့်သီးနှံများထက် အရည်အသွေးများ ပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်အတွင်းသာမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်သည်ထိ အရည်အသွေးကောင်းမွန်ခြင်းကြောင့် အဆိုပါနည်းစနစ်များဖြင့် စိုက်ပျိုးသည့်တောင်သူများ အကျိုးစီးပွားပိုမိုဖြစ်ထွန်းလာနိုင်ကြောင်း သိရသည်။

(၂၀၆)

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၉၂၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**အင်းတော် ဒီဇင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၉၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြ၍ သိရသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၂၈၂၂ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၉၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ အင်းတော်မြို့နယ်မှာ မြေပဲဧက ၁၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆီထွက်သီးနှံ စိုက်ပျိုးမှုအနေနဲ့က တော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ်ပိုတိုးတက်လာပါတယ်"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

အင်းတော်မြို့နယ်တွင် မြေပဲစိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ် နှစ်သိန်းကျော်ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော်ထွက်ရှိကြောင်း သိရသည်။

ယခုနှစ် အင်းတော်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေး စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

## ပဲခူးမြို့နယ် မယင်းကံကြီးကျေးရွာ၌ ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ပဲခူး ဒီဇင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် မယင်းကံကြီးကျေးရွာ၌ ကျေးရွာတွင်း ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့်ဝန်ထမ်းများက မယင်းကံကြီးကျေးရွာ၌ ကျေးရွာတွင်း ဂဝံလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

မယင်းကံကြီးကျေးရွာတွင် အရှည်ပေ ၉၃၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ်သိန်း ၁၀၀ ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးနိုင်မှုကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှ ထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပို့နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **သုတ**

## ဆရာ့ဂုဏ်ရည် ဦးခိုက်ပူဇော်သည်

– ကောင်းကျိုးမျှော်သူ ဆရာဟူသည်
တန်းတူညီထား တပည့်များကို
ချစ်အားပိုပြန် ပညာဉာဏ်ဖြင့်
အမှန်ထိုးထွင်း အမှောင်ခွင်းအောင်
အလင်းကိုဆင် မီးအိမ်ရှင်။

– သူ့အရိပ်ကောင်း ခိုလှုံအောင်းသည့်
ပန်းပေါင်းများထွေ ပွင့်ပါစေဟု
ရေမြေဖြည့်ကျွေး ပြုပြင်ပေးသို့
ကူဖေးပျိုးထောင် မလင့်အောင်သာ
မြှင့်ဆောင်ကြံကူး ဥယျာဉ်မှူး။

– မြေဖြူလိုဖွေး စိတ်ထားမွေးလျက်
ကျင့်တွေးသူသာ နာသုံးနာဖြင့်
ပညာတောက်လျှမ်း မကောက်လမ်းကို
လျှောက်လှမ်းအောင်မြင် ရောက်စေချင်၍
သွန်သင်နည်းမူ လမ်းပြသူ။

– ဓနဂုဏ်ငယ် မပြည့်ကြွယ်လည်း
ချစ်ဖွယ်တပည့် ကောင်းကျိုးကြည့်၍
ပေးဖြည့်တတ်သူ မငြူစူဘဲ
ကြည်ဖြူပေသား ပီတိစား၍
ခွန်အားဖြစ်သင် ပွဲကိုင်ရှင်။

– ဘုရားရှင်ပင် တစ်ဂိုဏ်းဝင်မို့
နှိုင်းမြင်ပါကြ အနန္တဟု
ကြီးစွမေတ္တာ မြတ်ဆရာ၏
များစွာကျေးဇူး အထူးထူးကို
ဖော်ကျူးစာစီ ဘယ်မမီ။

– ဆရာ့ဂုဏ်ရည် မြင့်မြတ်သည်သာ
သင်းကြည်ပျံ့ကူး သူ့ကျေးဇူးကို
မေ့ဘူးဘယ်ခါ တပည့်မှာကွယ်
မှန်ကာရိုကျိုး လက်စုံမိုး၍
မြတ်နိုးချစ်ခင် ဦးထိပ်တင်သည်
ကြည်ရွှင်ဝမ်းမြောက်ပါစေသား။ ။

**မောင်နွေဦး(လယ်ဝေး)**

## နိုင်ငံတကာ သတင်းများ

# ဘရာဇီး၌ မြစ်ကူးတံတားပြိုကျ မော်တော်ယာဉ်များ မြစ်ထဲသို့ ထိုးကျ

ဆော်ပေါ်လို ဒီဇင်ဘာ ၂၃

ဘရာဇီးမြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်း ပြည်နယ်နှစ်ခုကို ဆက်စပ်ပေးထားသည့် မြစ်ကူးတံတားတစ်စင်း ပြိုကျခဲ့ရာ အနည်းဆုံး လူတစ်ဦးသေဆုံးခဲ့ရကြောင်း ဘရာဇီးတာဝန်ရှိသူများက ဒီဇင်ဘာ ၂၂ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ မြစ်ကူးတံတားအနီး မော်တော်ယာဉ်များ ဖြတ်သန်းမောင်းနှင်နေစဉ်မှာပင် ပြိုကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တံတားပြိုကျစဉ် ဆာဖ်ဖျူရစ်အက်စစ်များ သယ်ဆောင်ထားသည့် လောင်စာဆီတင်ယာဉ်တစ်စီး မြစ်ထဲပြုတ်ကျခဲ့ရာ ဆာလ်ဖျူရစ်အက်စစ်ယိုစိမ့်မှုလည်း မြစ်ထဲတွင်ဖြစ်ပွားနေကြောင်း ဘရာဇီးတာဝန်ရှိသူများက ပြောကြားထားသည်။

မြစ်ကူးတံတား ပြိုကျစဉ် ဆာလ်ဖျူရစ်အက်စစ်တင်လောင်စာဆီတင်ယာဉ်အပြင် ကုန်တင်ယာဉ် နှစ်စီး၊ အိမ်စီးကားတစ်စီးတို့လည်း မြစ်ထဲပြုတ်ကျခဲ့ရကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဆာလ်ဖျူရစ်အက်စစ် ယိုစိမ့်မှုပြဿနာကြောင့် ဘရာဇီးတာဝန်ရှိသူများ အနေဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ရပ်ဆိုင်းထားရသည်။

ဘီအာရ်-၂၂၆ အဝေးပြေးလမ်းမပေါ်တွင်တည်ရှိသည့်အဆိုပါ မြစ်ကူးတံတားသည် မာရန်ဟိုပြည်နယ် အယ်ထရီတိုမြို့နှင့် တိုကန်တင်းပြည်နယ် အဂွိုရာနိုပိုလစ်မြို့တို့ကို ချိတ်ဆက်ပေးထားသည့် မြစ်ကူးတံတားဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO




# ဘရာဇီး၌ ဈေးဆိုင်များပေါ် လေယာဉ်ပျက်ကျ လူ ၁၀ ဦး သေဆုံးပြီး ၁၇ ဦး ဒဏ်ရာများရရှိခဲ့

ဆော်ပိုလို ဒီဇင်ဘာ ၂၃

ဘရာဇီးနိုင်ငံတောင်ပိုင်း ဂရာမာဒိုမြို့လယ်ရှိ ဈေးဆိုင်များပေါ်သို့ ဒီဇင်ဘာ ၂၂ ရက်က လေယာဉ်ပျက်ကျခဲ့ရာ လူ ၁၀ ဦး သေဆုံးခဲ့ရကြောင်း ဘရာဇီးအစိုးရတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါလေယာဉ်ပေါ်၌ လူ ၁၀ ဦးလိုက်ပါလာပြီး လေယာဉ်ပျက်ကျမှုကြောင့် လိုက်ပါလာသူအားလုံး သေဆုံးခဲ့ရသည်။

ထို့ပြင် လေယာဉ်ပျက်ကျမှုကြောင့် မြေပြင်ပေါ်ရှိ လူ ၁၇ ဦးလည်း ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

၁၉၉၀ ပြည့်နှစ်က ထုတ်လုပ်ခဲ့သော အင်ဂျင်နှစ်လုံးတပ် ပိုက်ပါ ပီအေ ၄၂-၁၀၀၀ အမျိုးအစား အဆိုပါလေယာဉ်သည် ကာနီလာအမည်ရှိ လေဆိပ်မှပျံသန်းခဲ့ပြီး မကြာမီမှာပင် ဂရာမာဒိုမြို့လယ်ရှိ ဆိုင်ခန်းများပေါ်သို့ ပျက်ကျခဲ့ခြင်းဖြစ်သည်။

အဆိုပါလေယာဉ်သည် ဆိုင်ခန်းများပေါ်သို့ ပျက်မကျမီအဆောက်အအုံတစ်လုံးရှိ မီးခိုးခေါင်းတိုင်တစ်ခုကိုလည်း ဝင်တိုက်ခဲ့သည်။

လက်ရှိအချိန်တွင် လေယာဉ်ပျက်ကျရခြင်း အကြောင်းတရားကို ဘရာဇီးတာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ရုရှားဓာတ်ငွေ့ဥရောပတင်ပို့မှုဆိုင်ရာ သဘောတူညီချက်သက်တမ်းကုန်ဆုံးတော့မည့်အချိန်တွင် ရုရှားသမ္မတနှင့် ဆလိုဗက်ကီးယားဝန်ကြီးချုပ်တို့ တွေ့ဆုံ



မော်စကို ဒီဇင်ဘာ ၂၃

ရုရှားသမ္မတ ပူတင်နှင့် ဆလိုဗက်ကီးယားဝန်ကြီးချုပ် ရောဘတ်ဖီကိုတို့သည် ဒီဇင်ဘာ ၂၂ ရက်တွင် မော်စကိုမြို့ ကရင်မလင်နန်းတော်၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ယူကရိန်းနိုင်ငံကိုဖြတ်၍ ရုရှားဓာတ်ငွေ့ ဥရောပတင်ပို့မှုဆိုင်ရာ သဘောတူညီချက်သက်တမ်းကုန်ဆုံးတော့မည့်အချိန်တွင် ရုရှားသမ္မတပူတင်နှင့် ဆလိုဗက်ကီးယားဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဆလိုဗက်ကီးယားနိုင်ငံသည် ယူကရိန်းနိုင်ငံကိုကြားခံထား၍ ရုရှားနိုင်ငံက ပို့လွှတ်နေသည့် ဓာတ်ငွေ့များကို မှီခိုနေရသောနိုင်ငံဖြစ်သည်။

ယူကရိန်းနိုင်ငံကို ကြားခံထား၍ ရုရှားဓာတ်ငွေ့များကို ဥရောပသို့ပို့ဆောင်ရေးသဘောတူညီချက်ကို သက်တမ်းတိုးရန် ငြင်းဆန်ထားသော ယူကရိန်းသမ္မတဇီလန်စကီးကို ဆလိုဗက်ကီးယားဝန်ကြီးချုပ်က ဝေဖန်ထားသည်။

ဆလိုဗက်ကီးယားဝန်ကြီးချုပ်ရောဘတ်ဖီကိုသည် ယူကရိန်းစစ်ပွဲစတင်ခဲ့ပြီးနောက်ပိုင်း ရုရှားနိုင်ငံသို့ရောက်ရှိခဲ့သော တတိယမြောက်ဥရောပသမဂ္ဂခေါင်းဆောင်ဖြစ်သည်။

ဆလိုဗက်ကီးယား နိုင်ငံသည် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံဖြစ်သော်လည်း ယူကရိန်းနိုင်ငံကို စစ်ရေးအကူအညီပေးရန် ငြင်းဆန်ထားသော နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

# ဟိုင်ဖုန်ဆိပ်ကမ်းကို တရုတ်နယ်စပ်နှင့် ချိတ်ဆက်ပေးမည့် ရထားလမ်းသစ်ကို ၂၀၂၅ ခုနှစ်တွင် ဗီယက်နမ်တည်ဆောက်မည်

ဟနွိုင်း ဒီဇင်ဘာ ၂၃

ဗီယက်နမ်နိုင်ငံသည် ဟိုင်ဖုန်ဆိပ်ကမ်းမြို့နှင့် တရုတ်နိုင်ငံနယ်စပ်ကို ချိတ်ဆက်ပေးမည့် ရထားလမ်းသစ်ကို ၂၀၂၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် စတင်တည်ဆောက်ရန် ဗီယက်နမ်နိုင်ငံက စီစဉ်ထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

အဆိုပါ ရထားလမ်းသည် စတင်တည်ဆောက်မည့်အချိန်ကို ဗီယက်နမ်ဝန်ကြီးချုပ် ဖမ်မင်ချင်းက ယနေ့တွင် အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

ရထားလမ်းစီမံကိန်း စတင်အကောင်အထည် ဖော်နိုင်ရေးအတွက် လာမည့်နှစ် ဖေဖော်ဝါရီလတွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းမည်ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်က ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါရထားလမ်းသစ်သည် လော်ကိုင်ပြည်နယ်မှ တစ်ဆင့် အဆိုပါမြို့တော်ကိုဖြတ်၍ ဟိုင်ဖုန်ဆိပ်ကမ်းမြို့ထိ ရောက်ရှိမည်ဖြစ်သည်။

လောကိုင် ပြည်နယ်သည် တရုတ်နိုင်ငံ ယူနန်ပြည်နယ်နှင့် နယ်စပ်ချင်းထိစပ်နေသော ပြည်နယ်တစ်ခုဖြစ်သည်။

အရှည် ၄၁၇ ကီလိုမီတာ(၂၅၉ မိုင်)ရှည်လျားသည့် ယင်းရထားလမ်းသည် လော်ကိုင်ပြည်နယ်နှင့် ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းရှိ အကြီးမားဆုံးဆိပ်ကမ်းဖြစ်သည့် ဟိုင်ဖုန်ဆိပ်ကမ်းမြို့ကို ဆက်သွယ်ထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ဂျော်ဂျီယာခွဲထွက်ဒေသအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီအဖြစ် ရုရှားနိုင်ငံက လျှပ်စစ်ဓာတ်အားပေးပို့ကူညီမည်

မော်စကို ဒီဇင်ဘာ ၂၃

ဂျော်ဂျီယာခွဲထွက်ဒေသတစ်ခုဖြစ်သည့် အက်ဘ်ခါဇီယာဒေသအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီအဖြစ် လျှပ်စစ်ဓာတ်အားများ ပေးပို့မည်ဖြစ်ကြောင်း ရုရှားမီဒီယာများက ဒီဇင်ဘာ ၂၂ ရက်တွင် ရေးသားဖော်ပြထားသည်။



ရုရှားနိုင်ငံအနေဖြင့် အက်ဘ်ခါဇီယားဒေသအတွက် လျှပ်စစ်ဓာတ်အားပေးပို့ကူညီမှုကို ယနေ့တွင် စတင်မည်ဖြစ်ကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အက်ဘ်ခါဇီးယားဒေသသည် အင်ဂူရီအမည်ရှိ ရေအားလျှပ်စစ်ထုတ်လုပ်ရေးဆည်၌ ဆည်ရေကျဆင်းချိန် ဒီဇင်ဘာလ အစောပိုင်းမှ စတင်၍ လျှပ်စစ်မီးဖြတ်တောက်မှုပြဿနာကို ပုံမှန်ရင်ဆိုင်ရလေ့ရှိသည်။

လက်ရှိအချိန်တွင် အက်ဘ်ခါဇီးယားဒေသ၏မေတ္တာရပ်ခံချက်အရ ယင်းဒေသသို့ လျှပ်စစ်ဓာတ်အားများကို ယနေ့မှစတင်၍ ပို့လွှတ်ပေးရန် စီစဉ်ထားကြောင်း ရုရှားအစိုးရတာဝန်ရှိသူများက ပြောကြားထားသည်။

အက်ဘ်ခါဇီးယား ဒေသသည် ၁၉၉၀ ပြည့်နှစ် ကာလအတွင်း ဂျော်ဂျီယာနိုင်ငံမှ ခွဲထွက်၍ လွတ်လပ်ရေးကြေညာထားသော ဒေသဖြစ်သည်။

ရုရှားနိုင်ငံသည် ၁၉၉၈ ခုနှစ်တွင် ဂျော်ဂျီယာနှင့် ငါးရက်ကြာစစ်ပွဲဖြစ်ပွားခဲ့ပြီးနောက် အက်ဘ်ခါဇီးယား၏ လွတ်လပ်ရေးကိုအသိအမှတ်ပြုခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## မိုးလေဝသလေ့လာရေး သက်မဲ့ဂြိုဟ်တုတစ်စင်း ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ ပြိုကွဲခဲ့ရာ အာကာသအမှိုက်အစိတ်အပိုင်း ၅၀ ကျော် ပေါ်ထွက်ခဲ့



**ဝါရှင်တန် ဒီဇင်ဘာ ၂၃**

မိုးလေဝသလေ့လာရေးသက်မဲ့ဂြိုဟ်တုတစ်စင်း ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ ပြိုကွဲခဲ့ရာ အာကာသအမှိုက် အစိတ်အပိုင်း ၅၀ ကျော် ပေါ်ထွက်ခဲ့ကြောင်း ဒီဇင်ဘာ ၂၂ ရက် သတင်းများအရ သိရသည်။

DMSP-5D2 R 14 အမည်ရှိ အဆိုပါသက်မဲ့ဂြိုဟ်တုသည် ဒီဇင်ဘာ ၁၉ ရက်တွင် ကမ္ဘာပတ်လမ်းပေါ်၌ ပြိုကွဲခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

မိုးလေဝသဂြိုဟ်တု ပြိုကွဲမှုသည် ကမ္ဘာမြေပြင်အထက် ကီလိုမီတာ ၈၄၀ အကွာတွင် ရှိသည့် ပတ်လမ်းပေါ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

DMSP-5D2 R 14 မိုးလေဝသဂြိုဟ်တုသည် ၁၉၉၇ ခုနှစ်တွင် လွှတ်တင်ခဲ့သည့် ဂြိုဟ်တုဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင် မစ်ရှင်သက်တမ်း ကုန်ဆုံးခဲ့သည်။

အလေးချိန်ကီလိုဂရမ် ၇၅၀ ရှိသည့် အဆိုပါမိုးလေဝသဂြိုဟ်တုသည် မစ်ရှင်သက်တမ်းကုန်ဆုံးပြီးချိန်တွင် လက်ရှိပတ်လမ်းပေါ်၌ပင် ဆက်ရှိနေခဲ့ပြီး ဒီဇင်ဘာ ၁၉ ရက်တွင် ပြိုကွဲခဲ့ခြင်းဖြစ်သည်။

အမေရိကန်စစ်ဘက်က လွှတ်တင်ထားသည့် DMSP-5D2 အုပ်စုဝင်ဂြိုဟ်တုများအနက် ပတ်လမ်းပေါ်၌ နောက်ဆုံးပြိုကွဲခဲ့သောဂြိုဟ်တုမှာ DMSP-5D2 F 12 ဂြိုဟ်တုဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် ပြိုကွဲခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## နာဆာ၏ Parker နေလေ့လာရေးအာကာသယာဉ်က နေမျက်နှာပြင်ကို အနီးကပ်ဆုံးအကွာအဝေးမှ ဖြတ်ကျော်မည်

**ဝါရှင်တန် ဒီဇင်ဘာ ၂၃**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ Parker နေလေ့လာရေးအာကာသယာဉ်သည် ခရစ္စမတ်အကြိုနေ့ဖြစ်သော ဒီဇင်ဘာ ၂၄ ရက်တွင် နေမျက်နှာပြင်ကို အနီးကပ်ဆုံးအကွာအဝေးမှတစ်ဆင့် ဖြတ်ကျော်မည်ဖြစ်ကြောင်း နာဆာအဖွဲ့က နိုဝင်ဘာ ၂၂ ရက်တွင် အတည်ပြုထားသည်။

ဒီဇင်ဘာ၂၄ ရက်တွင် Parker နေလေ့လာရေး အာကာသယာဉ်သည် နေမျက်နှာပြင်နှင့်မိုင်ပေါင်း ၃ ဒသမ ၈ သန်းအကွာမှတစ်ဆင့် နေ၏ အပြင်လေထုလွှာကို ဖြတ်ကျော် ပျံသန်းမည်ဖြစ်ကြောင်း နာဆာ တာဝန်ရှိသူများက ပြောကြားသည်။

ဒီဇင်ဘာ ၂၄ ရက် အနီးကပ်ဖြတ်ကျော်ပျံသန်းမှုသည် Parker နေလေ့လာရေး အာကာသယာဉ်အတွက် ၂၂ ကြိမ်မြောက် နေကို အနီးကပ်ဖြတ်ကျော်ပျံသန်းမှုဖြစ်ကြောင်း သိရသည်။



ဒီဇင်ဘာ ၂၄ ရက် နေမျက်နှာပြင် အနီးကပ်ဖြတ်ကျော်ပျံသန်းမှုအတွင်း Parker နေလေ့လာရေးအာကာသယာဉ်သည် ၁၈၀၀ ဒီဂရီဖယ်ရင်ဟိုက်(၉၈၀ ဒီဂရီဆဲလ်စီယပ်)ထိရှိသော အပူဒဏ်နှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

သို့ရာတွင် နာဆာအဖွဲ့သည် Parker နေလေ့လာရေးအာကာသယာဉ်ကို အပူဒဏ် ၂၅၀၀ ဒီဂရီဖယ်ရင်ဟိုက်(၁၃၇၇ ဒီဂရီဆဲလ်စီယပ်)ထိ ခံနိုင်ရည်ရှိစေရန် ပုံစံထုတ် တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ Parker နေလေ့လာရေးအာကာသယာဉ်သည် နေကို ၃၄ ကြိမ်ထိ အနီးကပ်ဖြတ်ကျော်ပျံသန်းရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## အပင်ကျောက်ဖြစ်ရုပ်ကြွင်းတစ်မျိုးက ကမ္ဘာပေါ်၌မရှိတော့သည့် ထူးဆန်းသောရုက္ခမျိုးစိတ်တစ်မျိုးဖြစ်

**ဝါရှင်တန် ဒီဇင်ဘာ ၂၃**

အမေရိကန်နိုင်ငံ ယူတားပြည်နယ်၌ တွေ့ရှိခဲ့ရသည့် အပင်ကျောက်ဖြစ်ရုပ်ကြွင်း တစ်မျိုးသည် ကမ္ဘာပေါ်၌မရှိတော့ပြီဖြစ်သည့် ထူးဆန်းသော ရုက္ခမျိုးစိတ်တစ်မျိုးဖြစ်ကြောင်း သိပ္ပံပညာရှင်များက ဒီဇင်ဘာ ၂၂ ရက်တွင် ပြောကြားသည်။

အဆိုပါ အပင်ကျောက်ဖြစ်ရုပ်ကြွင်းကို ၁၉၆၉ ခုနှစ်တွင် ယူတားပြည်နယ် အရှေ့ပိုင်း၌ တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ထိုစဉ်ကာလက ၎င်းအပင်ကို ရုက္ခဗေဒ အခေါ်အဝေါ်အားဖြင့် Araliaceae အမည်ရှိ ဂျင်ဆင်းမျိုးရင်းဝင် အပင်မျိုးစိတ်တစ်မျိုးအဖြစ် သိပ္ပံပညာရှင်များက ယူဆခဲ့ကြသည်။

သို့ရာတွင် အမေရိကန်သိပ္ပံပညာရှင်များ၏ ထပ်မံလေ့လာချက်များအရ သက်တမ်းအားဖြင့် နှစ်ပေါင်း ၄၇ သန်းရှိပြီဖြစ်သည့် အဆိုပါ အပင်မျိုးစိတ်နှင့်တူညီသော မျိုးစိတ်မျိုး ကမ္ဘာပေါ်တွင် မရှိနိုင်ကြောင်း သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ Othniophyton Elongatum ဟူ၍ အမည်ပေးထားပြီး ၎င်းအပင်မျိုးစိတ်သည် ကမ္ဘာပေါ်မှပျောက်ကွယ်ခဲ့ပြီဖြစ်သည့် အပင်တစ်မျိုးသာဖြစ်နိုင်ကြောင်း၊ ၎င်းအပင်မျိုးစိတ် အထောက်အထားအရ ကမ္ဘာပေါ်၌ အပင်များ ဆင့်ကဲပြောင်းလဲမှုမှာ ယခင်နားလည်ထားသည်ထက် ပိုရှုပ်ထွေးနေသည်ကို သက်သေပြနေကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## သေးငယ်သည့်ပလတ်စတစ်အမှုန်များကြောင့် အူမကြီးကင်ဆာဖြစ်ပွားနှုန်းမြင့်မားလာခြင်းဖြစ်နိုင်

**နယူးယောက် ဒီဇင်ဘာ ၂၃**

အစားအစာများနှင့် လေထုအတွင်းရှိနေတတ်သည့် အလွန်သေးငယ်သော ပလတ်စတစ်အမှုန်အမွှားများကြောင့် အမေရိကန်လူငယ်များကြား အူမကြီးကင်ဆာ ဖြစ်ပွားနှုန်း မြင့်မားလာခြင်း ဖြစ်နိုင်ကြောင်း ဒီဇင်ဘာ ၂၂ ရက် သတင်းများအရ သိရသည်။

ပြီးခဲ့သည့်နှစ်ပေါင်း ၂၀ အတွင်း အမေရိကန်လူငယ်များကြား အူမကြီးကင်ဆာဖြစ်ပွားနှုန်းမြင့်တက်လာခဲ့ရာ သုတေသနပညာရှင်များ အနေဖြင့် နောက်ခံအကြောင်းတရားများကို ရှာဖွေရန်ကြိုးပမ်းခဲ့ကြသည်။

အဝလွန်မှု၊ အလွန်အကျွံပြုပြင်စီရင်ထားသော အစားအစာများ စားသုံးမှုနှင့် ပဋိဇီဝဆေးများအသုံးများမှုကြောင့် လူငယ်များကြား အူမကြီးကင်ဆာ ရောဂါဖြစ်ပွားနှုန်း မြင့်တက်လာခြင်းဖြစ်နိုင်သည်။

သို့ရာတွင် စားသုံးနေသော အစားအစာများနှင့် ရှူသွင်းနေသည့် လေအတွင်း၌လည်း အလွန်သေးငယ်သော ပလတ်စတစ်အမှုန်အမွှားများ ပါဝင်မှုကြောင့် လူငယ်များကြား အူမကြီးကင်ဆာ ဖြစ်ပွားနှုန်း မြင့်တက်လာခြင်း ဖြစ်နိုင်ကြောင်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား တက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏အဆိုအရ ပလတ်စတစ်အမှုန်အမွှားများသည် လူ့ကိုယ်တွင်းအင်္ဂါများအတွင်း စုစည်းမိခဲ့ပါက ရောင်ရမ်းမှုပြဿနာပေါ်လာတတ်ပြီး ကင်ဆာဆဲလ်များပေါ်ထွက်လာနိုင်ကြောင်း သိရသည်။

၂၀၁၀ ပြည့်နှစ်နှင့် ၂၀၃၀ ပြည့်နှစ်ကြား ကာလအတွင်း အသက် ၂၀ နှင့် ၃၄ နှစ်ကြား အမေရိကန်လူငယ်များကြား ကင်ဆာဖြစ်ပွားနှုန်း ၉၀ ရာခိုင်နှုန်း မြင့်တက်လာနိုင်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## သဘာဝသကြားဓာတ်ဖြင့် ဖန်တီးထားသော ဆေးရည်ပျစ်က ဆံပင်ပေါက်ရောက်မှု မြန်ဆန်

**လန်ဒန် ဒီဇင်ဘာ ၂၃**

သဘာဝ သကြားဓာတ်များဖြင့် ဖန်တီးထားသည့် ဆေးရည်ပျစ်တစ်မျိုးသည် ဆံပင်သန်ဆေးများထက် ဆံပင်ပေါက်ရောက်မှု ပိုမြန်ဆန်ကြောင်း သုတေသနပညာရှင်များက ဒီဇင်ဘာ ၂၂ ရက်တွင် ပြောကြားသည်။

အဆိုပါ ဆံပင်ပေါက်ဆေးရည်ပျစ်ကို ပါကစ္စတန်နှင့် ဗြိတိန် သုတေသနပညာရှင်များက De-oxyribose ခေါ် သကြားဓာတ်များ သုံး၍ ဖန်တီးထားခြင်းဖြစ်ကြောင်း သိရသည်။

Deoxyribose သကြားဓာတ်သည် လူ့ကိုယ်ခန္ဓာအတွင်း မျိုးဗီဇအခြေခံမော်လီကျူး (DNA) များ ဖွဲ့စည်းဖြစ်ပေါ်ရေးအတွက် အထောက်အကူပေးသည့် သဘာဝသကြားဓာတ်တစ်မျိုးဖြစ်သည်။

သုတေသနပညာရှင်များသည် Deoxyribose ဆံပင်ပေါက်ဆေးရည်ပျစ်ကို ကြွက်များဖြင့် လက်တွေ့စမ်းသပ်ခဲ့ရာ အမွေးအမှင်ပြန်လည်ထွက်ရှိမှု ပိုမြန်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ပါကစ္စတန်နှင့် ဗြိတိန် သုတေသနပညာရှင်များသည် Deoxyribose ဆေးရည်ပျစ်ကို လူသားများဖြင့် လက်တွေ့စမ်းသပ်ရန် ပြင်ဆင်လျက်ရှိသည်။

စမ်းသပ်မှု အောင်မြင်ခဲ့ပါက Deoxyribose အခြေခံဆေးရည်ပျစ်သည် ဆံပင်ကျွတ်ထိပ်ပြောင်မှုပြဿနာအတွက် ကုထုံးသစ်ဖြစ်လာနိုင်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# စပါးအသင်းကို ဂိုးပြတ်အနိုင်ရခဲ့သည့်ပွဲစဉ်တွင် တိုက်စစ်မှူး ဆာလာဟ် စံချိန်သစ်ထပ်မံရရှိ

**လန်ဒန် ဒီဇင်ဘာ ၂၃**

လီဗာပူးအသင်းက စပါးအသင်းကို ခြောက်ဂိုး သုံးဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် လီဗာပူးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးနှင့် ဂိုးဖန်တီးမှု နှစ်ကြိမ် ပြုလုပ်နိုင်ခဲ့သည့် တိုက်စစ်မှူး ဆာလာဟ် အနေဖြင့် စံချိန်ကောင်းတစ်ရပ်ရရှိခဲ့ကြောင်း သိရသည်။

ဆာလာဟ်သည် စပါးအသင်းနှင့်ပွဲစဉ်တွင် ပွဲကစားချိန် ၅၄ မိနစ်နှင့် ပွဲချိန် ၆၁ မိနစ်တို့တွင် အသင်းအတွက် ဂိုးသွင်းယူနိုင်ခဲ့သည့်အပြင် ပွဲချိန် ၄၅ မိနစ်တွင် ဆိုဘော့ဇလိုင်၊ ပွဲချိန် ၈၅ မိနစ်တွင် ဒီယက်ဇ်တို့၏ ဂိုးများကိုဖန်တီးမှု ပြုလုပ်နိုင်ခဲ့ပြီးနောက် ပရီးမီးယားလိဂ်သမိုင်းတွင် ခရစ္စမတ်ကာလ မတိုင်မီပွဲစဉ်၌တစ်ပွဲတည်းသွင်းဂိုး နှစ်ဂိုးနှင့် ဂိုးဖန်တီးမှု နှစ်ကြိမ်ပြုလုပ်နိုင်ခဲ့သည့် ပထမဆုံးကစားသမားဖြစ်လာခဲ့သည်။

ထို့ပြင် ဆာလာဟ်သည် ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲတွင် သွင်းဂိုး ၁၅ ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ၁၃ ဂိုးရရှိထားသည့် မန်စီးတီးတိုက်စစ်မှူး ဟာလန်းထက် နှစ်ဂိုးအသာဖြင့် ရွှေဖိနပ်ဆုရရှိရန် ရေပန်းစားနေကြောင်း သိရသည်။

၎င်းသည် လီဗာပူးအသင်းသို့ ရောက်ရှိပြီးနောက် ၂၀၁၇-၂၀၁၈ ဘောလုံးရာသီ၊ ၂၀၁၈-၂၀၁၉ ဘောလုံးရာသီနှင့် ၂၀၂၁-၂၀၂၂ ဘောလုံးရာသီတို့တွင် ရွှေဖိနပ်ဆုရရှိခဲ့ပြီးနောက် လက်ရှိရာသီတွင်လည်း ရွှေဖိနပ်ဆုကိုရရှိရန် နီးစပ်နေကြောင်း သိရသည်။

Ref : ESPN

Trs : ML



# ကိုပါဒယ်ရေးဖလား ရှုံးထွက်အဆင့်တွင် ပီအက်စ်ဂျီက လန်းစ်အသင်းကို အနိုင်ရရှိ

**ပဲရစ် ဒီဇင်ဘာ ၂၃**

ပြင်သစ်ကိုပါဒယ်ရေး ဖလား ရှုံးထွက်အဆင့်တွင် ပီအက်စ်ဂျီအသင်းက လန်းစ်အသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့်အနိုင်ယူ၍ ၃၂ သင်းအဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ပီအက်စ်ဂျီအသင်းသည် ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့ရာ ဘောလုံးပိုင်ဆိုင်မှုအသာစီးရယူနိုင်ခဲ့သော်လည်း ပထမပိုင်းတွင် ဂိုးမရှိသရေရလဒ်ဖြင့်သာပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင် ပီအက်စ်ဂျီအသင်းက ဖေဘီယန်ရုဇ်နေရာတွင် ဖိုင်ရီအမ်မရီ အစားထိုး၍ ဦးဆောင်ဂိုးရရှိရန် ကြိုးစားခဲ့ရာ လန်းစ်အသင်း ခံစစ်ကစားပုံကောင်းမှုကြောင့် အခက်တွေ့ခဲ့ပြီး ပွဲချိန် ၆၆ မိနစ်တွင် လန်းစ်အသင်းတန်ပြန်တိုက်စစ်မှ ဦးဆောင်ဂိုးရရှိခဲ့သဖြင့် ပီအက်စ်ဂျီအသင်းအခက်တွေ့ခဲ့သော်လည်း ပွဲချိန်မိနစ် ၇၀ တွင် ရာမို့စ်က ချေပဂိုးသွင်းယူခဲ့သဖြင့် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရသည်။

ပင်နယ်တီတွင် လန်းစ်အသင်းက သုံးကြိမ်သာဂိုးရရှိခဲ့ပြီး ပီအက်စ်ဂျီအသင်းက လေးကြိမ်စလုံးဂိုးရခဲ့သောကြောင့် လေးဂိုးသုံးဂိုးဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။

ပီအက်စ်ဂျီအသင်းသည် ၃၂ သင်းအဆင့်တွင် ပြင်သစ်အောက်တန်းကလပ် အက်စ်ပါလေအသင်းနှင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

Ref : ESPN

Trs : ML

# အာရှအမျိုးသမီးဖူဆယ်ပြိုင်ပွဲ ခြေစစ်ပွဲအတွက် မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်း စခန်းသွင်းလေ့ကျင့်မှုများစတင်



**ရန်ကုန် ဒီဇင်ဘာ ၂၃**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှအမျိုးသမီးဖူဆယ်ပြိုင်ပွဲခြေစစ်ပွဲအတွက် မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်း၏ လေ့ကျင့်မှုများကို ယနေ့တွင်ရန်ကုန်မြို့ MFF Futsal Stadiumတွင် စတင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

အာရှအမျိုးသမီးဖူဆယ်ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စု(D)ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းနှင့်အတူ ဗီယက်နမ်အသင်း၊တရုတ်(တိုင်ပေ)အသင်းနှင့် မကာအိုအသင်းတို့ တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်းကို နည်းပြအဖြစ် အမျိုးသားဖူဆယ်အသင်း နည်းပြ Mr. Bunlert Charoenwongက တာဝန်ယူ ကိုင်တွယ်သွားမည်ဖြစ်ပြီး လက်ရှိတွင် ပဏာမကစားသမား ၁၉ ဦးဖြင့် စခန်းသွင်းလေ့ကျင့်မှုများ လုပ်ဆောင်နေခြင်းဖြစ်သည်။

အာရှအမျိုးသမီးဖူဆယ်ပြိုင်ပွဲ ခြေစစ်ပွဲစဉ်များအဖြစ် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ဗီယက်နမ်အသင်းနှင့်လည်းကောင်း၊ ဇန်နဝါရီ ၁၇ ရက်တွင် တရုတ်(တိုင်ပေ)အသင်းနှင့်လည်းကောင်း၊ ဇန်နဝါရီ ၁၉ ရက်တွင် မကာအိုအသင်းနှင့်လည်းကောင်း အသီးသီးကစားသွားမည်ဖြစ်သည်။

အာရှအမျိုးသမီးဖူဆယ်ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စု(D)ပွဲစဉ်များကို ဇန်နဝါရီ ၁၅ ရက်မှ ၂၀ ရက်ထိ ရန်ကုန်မြို့ MFF Futsal Stadium တွင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ STA

# ဒီဇင်ဘာလအတွက် စပိန်လာလီဂါပြိုင်ပွဲ၏တစ်လတာအကောင်းဆုံးနည်းပြဆုကို အက်သလက်တီကိုအသင်းနည်းပြ ဆီမြွန်နီဆွတ်ခူး

**မက်ဒရစ် ဒီဇင်ဘာ ၂၃**

ဒီဇင်ဘာလအတွက် စပိန်လာလီဂါပြိုင်ပွဲ၏ တစ်လတာအကောင်းဆုံးနည်းပြဆုကို အေတီကိုအသင်းနည်းပြ ဆီမြွန်နီက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၅၄ နှစ်ရှိ နည်းပြဆီမြွန်နီသည် ဒီဇင်ဘာလအတွင်း ကစားခဲ့သည့် စပိန်လာလီဂါပွဲစဉ်များတွင် အေတီကိုအသင်းကို ရလဒ်ကောင်းများဆက်တိုက်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ဒီဇင်ဘာလတွင် ကစားခဲ့သည့်ပွဲစဉ်များ၌ ဗယ်လ်ကာနိုအသင်းကို ငါးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ဆီဗီလာအသင်းကို လေးဂိုး သုံးဂိုးဖြင့်လည်းကောင်း၊ဂီတာဖေးအသင်းကိုတစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ဘာစီလိုနာအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း ပွဲစဉ်လေးပွဲစလုံးနိုင်ပွဲရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီးနောက် မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

အေတီကိုအသင်းသည် ယခုနှစ်ဘောလုံးရာသီ၌ နည်းပြဆီမြွန်နီလက်အောက်တွင် ပုံစံကောင်းများ ပြသလျက်ရှိနေပြီး အောက်တိုဘာ ၂၈ ရက်က ကစားခဲ့သည့် ဘတ်တစ်အသင်းနှင့်ပွဲစဉ်တွင် တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက်ပိုင်း ပြိုင်ပွဲစုံ ၁၂ ပွဲ ဆက်အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ အက်သလက်တီကိုအသင်းသည် ပြီးခဲ့သည့် ဘာစီလိုနာအသင်းနှင့်ပွဲစဉ်တွင် နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် စပိန်လာလီဂါပြိုင်ပွဲတွင် ၁၈ ပွဲကစားပြီးချိန်တွင် အမှတ်ပေးဇယားအဆင့်(၂)နေရာမှ မြို့ခံပြိုင်ဘက် ရီးရဲလ်မက်ဒရစ်အသင်းကို ရမှတ် တစ်မှတ်ဖြတ်တောက်ထား နိုင်ခဲ့သကဲ့သို့ အဆင့်(၃)နေရာမှ ဘာစီလိုနာအသင်းကိုလည်း ရမှတ် သုံးမှတ်ထိဖြတ်တောက်ကာ အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်လျက်ရှိနေကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# PNC Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လန်ဂါအသင်း ချန်ပီယံဆုဆွတ်ခူး

**ဖလော်ရီဒါ ဒီဇင်ဘာ ၂၃**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင်ကျင်းပခဲ့သည့် PNC Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လန်ဂါအသင်းက ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

PNC Championship ဂေါက်သီးရိုက်ပြိုင်ပွဲ၏ နောက်ဆုံးနေ့တွင် ဝုဒ်အသင်းနှင့် လန်ဂါအသင်းတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၈ ချက်လျော့ရိုက်နိုင်ခဲ့ပြီး အမှတ်ပေးဇယားကို ပူးတွဲ ဦးဆောင်နိုင်ခဲ့ခြင်းကြောင့် ချန်ပီယံအဆုံးအဖြတ်အတွက် ဝုဒ်အသင်းနှင့် လန်ဂါအသင်းတို့ Play-off အဆင့်ကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ လန်ဂါအသင်းက အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဒူဗယ်အသင်း၊ ဆင်းဟ်အသင်းနှင့် ဟာရင်တန်အသင်းတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၂၃ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

လန်ဂါအနေဖြင့် PNC Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ခြောက်ကြိမ်မြောက်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး လန်ဂါသည် ခြောက်ကြိမ်တွင် လေးကြိမ်မှာ လက်ရှိပြိုင်ပွဲဝင်သည့် သားငယ်ဖြစ်သူ ဂျက်ဆင်လန်ဂါနှင့်အတူ ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ကျန်နှစ်ကြိမ်မှာ သားအကြီးဖြစ်သူ စတီဖင်လန်ဂါနှင့်အတူ ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

Play-off တွင် ရှုံးနိမ့်ခဲ့ရသည့် ဝုဒ်အသင်းမှ ချာလီဝုဒ်သည် Hole-in-one ရရှိခဲ့ပြီး ဖခင်ဖြစ်သူနှင့်အတူ ယှဉ်ပြိုင်ခွင့်ရသည်ကို ဂုဏ်ယူကြောင်း ပြောကြားခဲ့သည်။



ချာလီဝုဒ်က “ပြိုင်ပွဲမှာ အဖေနဲ့အတူ ယှဉ်ပြိုင်ခွင့်ရတာကို ဂုဏ်ယူမိပါတယ်။ ဘေးနားမှာ အဖေအမြဲရှိနေပေးလို့ ခွန်အားဖြစ်ရပါတယ်။ ပျော်စရာကောင်းတဲ့ ပြိုင်ပွဲဖြစ်ပါတယ်။ ၁၇၆ ကိုက်အကွာကနေ Hole-in-one ရခဲ့တဲ့အမှတ်တရကတော့ ကျွန်တော့်ဘဝအတွက် မမေ့နိုင်မဲ့အမှတ်တရဖြစ်ပါတယ်။ တစ်ချက်တည်း ကျင်းဝင်သွားမယ်လို့ကို မထင်ခဲ့ပါဘူး။ ရုပ်သံတွေပြန်ကြည့်မှ ထင်မှတ်မထားတဲ့ ရိုက်ချက်တစ်ချက်ကို ကျွန်တော်ရိုက်နိုင်ခဲ့တာပါ”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဗီယက်နမ်က ကာကွယ်ရေးပြပွဲတွင် M400-CT2 မောင်းသူမဲ့လေယာဉ်ကို ထုတ်ဖော်ပြသ



ဗီယက်နမ်နိုင်ငံသည် ၎င်း၏မောင်းသူမဲ့လေယာဉ် M400-CT2 ကို ဟနွိုင်းမြို့၌ ကျင်းပလျက်ရှိသော ဗီယက်နမ်ကာကွယ်ရေးပြပွဲ ၂၀၂၄ တွင် ထုတ်ဖော်ပြသခဲ့ကြောင်း Army Recognition သတင်းဌာနက ဒီဇင်ဘာ ၁၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းစနစ်သည် ဗီယက်နမ်နိုင်ငံ၏ ကာကွယ်ရေး စက်မှုလုပ်ငန်းအတွက် သိသာထင်ရှားသော တိုးတက်မှုတစ်ခုဖြစ်ပြီး ဒရုန်းကဏ္ဍတွင် နည်းပညာဆိုင်ရာ ကိုယ်ပိုင်ဖန်တီးနိုင်စွမ်းများ တိုးမြှင့်ရန် နိုင်ငံ၏ ဆက်လက်ကြိုးပမ်းအားထုတ်နေမှုများကို မီးမောင်းထိုးပြနေခြင်းပင်ဖြစ်သည်။ လေကြောင်းရန်ကာကွယ်ရေးစနစ်များနှင့် တပ်ရင်း၊ တပ်ဖွဲ့များ၏ လေ့ကျင့်ရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ဒီဇိုင်းထုတ်ထားသည့် M400-CT2 မောင်းသူမဲ့လေယာဉ်သည် ပစ်မှတ်ဒရုန်းအဖြစ် ပုံစံတူပြုလုပ်၍ စစ်ဆင်ရေးလက်တွေ့အခြေအနေများနှင့် အနီးစပ်ဆုံး အခြေအနေများဖန်တီးကာ စစ်ရေးလေ့ကျင့်မှုများကို လုပ်ဆောင်နိုင်စေမည်ဖြစ်ကြောင်း သိရသည်။

M400-CT2 တွင် တောင်ပံအရှည် ၃ ဒသမ ၂မီတာ၊ ကိုယ်ထည်အလျား ၂ ဒသမ ၈ မီတာနှင့် အမြင့် ၁ ဒသမ ၁ မီတာရှိသည်။ ပုံမှန်အလျင်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၂၀၀ မှ ကီလိုမီတာ ၂၂၀၊ အမြင့်ဆုံးအမြန်နှုန်းတစ်နာရီလျှင် ကီလိုမီတာ ၂၆၀ ဖြင့် လေထဲတွင် မိနစ် ၁၂၀ ကြာ အကွာအဝေး ကီလိုမီတာ ၆၀ ထိ ပျံသန်းနိုင်စွမ်းရှိသည်။ GNSS နှင့် INS လမ်းညွှန်ထိန်းကျောင်းမှုစနစ်များ အသုံးပြုထားပြီး အမြင့် မီတာ ၃၅၀၀ ထိ ပျံသန်းနိုင်သည်။ ထို့ပြင် Optical Systems၊ Thermal Imaging၊ Infrared Flares ကဲ့သို့သော အာရုံခံကိရိယာများပါ တပ်ဆင်အသုံးပြုနိုင်သည့်အတွက် မတူကွဲပြားသောရည်မှန်းချက်တာဝန်များကို ပေးအပ်နိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

ဒရုန်းနှင့်မောင်းသူမဲ့လေယာဉ် နည်းပညာများတွင် နောက်ကျမကျန်ခဲ့စေရန်နှင့် ကိုယ်ပိုင်တီထွင်ထုတ်လုပ်နိုင်စေရန် ဗီယက်နမ်နိုင်ငံ၏ ကြိုးပမ်းချက်တစ်ရပ်လည်းဖြစ်သည်။ M400-CT2 မောင်းသူမဲ့လေယာဉ်စီမံကိန်းသည် ၂၀၀၅ ခုနှစ်တွင် အောင်မြင်စွာ တီထွင်စမ်းသပ်နိုင်ခဲ့သည့် M-400 မောင်းသူမဲ့လေယာဉ်နောက်တွင် ထပ်မံထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ M400-CT2 မောင်းသူမဲ့လေယာဉ်သည် ယခင်မျိုးဆက်များနှင့် နှိုင်းယှဉ်ပါက လက်ရှိစစ်ဆင်ရေး လိုအပ်ချက်များနှင့် အံဝင်ခွင်ကျရှိသော အသုံးချပရိုဂရမ်များနှင့်အတူ သိသာထင်ရှားသော နည်းပညာတိုးတက်မှုများကို ပြသထားနိုင်ခဲ့ကြောင်း သိရသည်။

ကမ္ဘာလုံးဆိုင်ရာ နိုင်ငံတကာစာမျက်နှာများတွင် ခေတ်သစ်ပဋိပက္ခများအတွင်း မောင်းသူမဲ့လေယာဉ်များ အသုံးပြုမှုကြီးထွားလာခြင်းသည် ၎င်းတို့၏ မဟာဗျူဟာမြောက် အရေးပါမှုကို အလေးအနက်ထားရတော့မည့် အခြေအနေဖြစ်သည်။ အစ္စရေး၊ အမေရိကန်နှင့် တရုတ်တို့ကဲ့သို့ အင်အားကြီးနိုင်ငံများသည် မောင်းသူမဲ့လေယာဉ် အခန်းကဏ္ဍကို လွှမ်းမိုးချုပ်ကိုင်ထားပြီး ကင်းထောက်ခြင်းမှ တိကျသောတိုက်ခိုက်မှုပြုလုပ်ခြင်းထိ အရေးပါသော မစ်ရှင်များအတွက် ဆန်းသစ်ခေတ်မီသည့် ဖြေရှင်းနည်းများကို အချိန်နှင့်အမျှ တီထွင်ဖန်တီးထုတ်လုပ်လျက်ရှိသည်။

M400-CT2 မောင်းသူမဲ့လေယာဉ်သည် ပြည်တွင်းဆန်းသစ်တီထွင်မှုများတွင် ခေတ်မီစံနှုန်းများ လက်ခံကျင့်သုံးခြင်းနှင့် ပေါင်းစပ်အသုံးပြုနိုင်ခြင်းဖြင့် နိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်များရေရှည်တည်တံ့ခိုင်မာအားကောင်းမှုကို သေချာစေရန်အတွက် အရေးကြီးသောခြေလှမ်းတစ်ရပ်ပင်ဖြစ်ကြောင်း သိရသည်။

**Expansion of Unmanned Aerial Systems in Vietnam with M400-CT2 Drone ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းက ရုရှားနိုင်ငံ ကာဇန်မြို့ကို ဒရုန်းများ၊ မောင်းသူမဲ့လေယာဉ်များဖြင့် ပစ်မှတ်ထားတိုက်ခိုက်ခဲ့

ယူကရိန်းသည် ရှေ့တန်းစစ်မျက်နှာနယ်နိမိတ်မှ ကီလိုမီတာ ၁၀၀၀ အကွာရှိ ရုရှားနိုင်ငံ ကာဇန်မြို့ကို ဒရုန်းများ၊ မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

လူဦးရေ ၁ ဒသမ ၃ သန်း နေထိုင်လျက်ရှိသည့် ရုရှားနိုင်ငံ ကာဇန်မြို့ရှိ အထပ်မြင့် တိုက်ခန်းတစ်ခန်းကို ဒရုန်းနှစ်စင်းဝင်တိုက်မိခဲ့ရာ မိုးမျှော်တိုက်ခန်းအဆောက်အအုံမှာပျက်စီးမှုများရှိခဲ့သော်လည်း ထိခိုက်ဒဏ်ရာရသူမရှိခဲ့ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက ပြောကြားခဲ့သည်။ ရုရှားပိုင်နက်အတွင်းသို့ တိုက်ခိုက်မှုများသည် ရှားရှားပါးပါးဖြစ်ပွားလေ့ရှိသော်လည်း ကာဇန်ဒေသနှင့် ရေနံကြွယ်ဝသော တာတာစတန်ဒေသတစ်ဝိုက်နေရာများကို ယခင်ကတည်းက ယူကရိန်းတို့ဘက်က ဒရုန်းများဖြင့် ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြသည်။

"ဒီဇင်ဘာ ၂၁ ရက်မှာတော့ ကာဇန်ဒေသဟာ အကြီးစားဒရုန်းတိုက်ခိုက်မှုတွေပြုလုပ်ခံခဲ့ရပါတယ်။ စက်မှုလုပ်ငန်းတွေ မတိုက်ခိုက်ခင်မှာ ရန်သူဟာ မနက်ခင်းအချိန်မှာပဲ အရပ်ဘက်ပစ်မှတ်တွေကို အကြမ်းဖက် တိုက်ခိုက်ခဲ့ပါတယ်"ဟု တာတာစတန်အကြီးအကဲ Rustam Minnikhanov က ပြောကြားသည်။

ထို့ပြင် ရုရှားနိုင်ငံ လူမှုကွန်ရက်မီဒီယာများတွင် ရန်သူ့ဒရုန်းများသည် အထပ်မြင့်မိုးမျှော်အဆောက်အအုံများကို ထိမှန်ကာ မီးခိုးလုံးများထွက်ပေါ်လာသည်ကို ပြသခဲ့သည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ Maria Zakharova က ဒရုန်းနှစ်စင်းသည် ၃၇ ထပ်ရှိ မိုးမျှော်တိုက်တစ်လုံးကိုတိုက်မိခဲ့ကြောင်း၊ ယူကရိန်းသည် စက်မှုဇုန်အဖြစ် သတ်မှတ်ထားခြင်းမရှိသည့် အရပ်ဘက်လူနေအဆောက်အအုံများကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ထိခိုက်သေဆုံးမှုများ မရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် တိုက်ပွဲများအပြင်းအထန် စတင်ချိန်မှစ၍ ရုရှားနိုင်ငံအတွင်းရှိ အရပ်ဘက်၊ စစ်ဘက်ပစ်မှတ်များကို ပုံမှန်တိုက်ခိုက်မှုများပြုလုပ်လေ့ရှိသည့် ယူကရိန်းဘက်ကတော့ မှတ်ချက်တစ်စုံတစ်ရာမျှပြောကြားထားခြင်းမရှိပေ။ ရုရှားပြည်တွင်း လေကြောင်းအာဏာပိုင် Rosaviatsia က နိုင်ငံအတွင်း အလုပ်အများဆုံးလေဆိပ်ဖြစ်သည့် ကာဇန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ယာယီပိတ်ထားခဲ့ရသည်။ ဒေသခံတချို့ကိုဘေးလွတ်ရာသို့ရွှေ့ပြောင်းခဲ့ရသော်လည်း အာဏာပိုင်များက ကိန်းဂဏန်းအရေအတွက်ကိုမူ ထုတ်ဖော်ပြောကြားခြင်းမရှိသည့်အပြင် ကြိုတင်



ကာကွယ်မှုအနေဖြင့် အဆိုပါဒေသရှိ လူစုလူဝေး၊ ပွဲလမ်းသဘင်အခမ်းအနားများကို ဖျက်သိမ်းပစ်ခဲ့သည်။ မိုးမျှော်တိုက်ကို ဝင်တိုက်ခဲ့သော ဒရုန်းနှစ်စင်းနှင့်အတူ နောက်ထပ် ဒရုန်းသုံးစင်းကို ရုရှားနိုင်ငံ လေကြောင်းရန် ကာကွယ်ရေးစနစ်များဖြင့် တန်ပြန်နိုင်ခဲ့သည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ Maria က ပြောကြားခဲ့သည်။

မကြာသေးမီလများအတွင်း ရုရှားတပ်ဖွဲ့များသည် ရှေ့တန်းစစ်မျက်နှာများတွင် အောင်မြင်မှုများစွာရရှိထားပြီး ယူကရိန်းအရှေ့ပိုင်းရှိ အဓိကကျသော Kurakhove မြို့အနီး ရွာကြီးတစ်ရွာကိုပါ ဆက်လက်သိမ်းပိုက်နိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။


ယူကရိန်းမြို့တော် ကီယက်ဗ်ကို ရုရှားက ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့ကာ ယူကရိန်းက ရုရှားနယ်စပ်မြို့ကာ့စ်ဒေသကို တိုက်ခိုက်ပြီးနောက် ယခုလို ကာဇန်ဒေသကို ဒရုန်းများဖြင့် ထပ်မံတိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ရုရှားတပ်ဖွဲ့ဝင်များသည် ယူကရိန်းတို့ကျူးကျော်ဝင်ရောက်လျက်ရှိသော ကာ့စ်ဒေသကို တန်ပြန် ထိုးစစ်ဆင်တိုက်ခိုက်မှုများ ယခုနှစ် ဩဂုတ်လကတည်းက စတင်ခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

**Ukraine Drone Hits Russian High-Rise 1,000 Km From Frontline ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# လူချစ်ဆေး

သတင်းစာဆရာတစ်ဦး




လူချစ်ဆေးလို့နာမည်ပေးထားပေမဲ့ ပီယသိဒ္ဓိဆိုတဲ့ မိန်းမပျိုလေးတွေကို ဆေးနဲ့တို့လိုက်ရင် ကိုယ့်ကိုပြန်ကြိုက်စေတဲ့ဆေးဆိုတာမျိုးတော့ မထင်လေနဲ့နော်။ ကိုယ်နဲ့ထိတွေ့ဆက်ဆံဆက်နွှယ်နေကြတဲ့ လုပ်ဖော်ကိုင်ဖက်တွေ၊ သူငယ်ချင်းအပေါင်းအသင်းတွေက ကိုယ့်ကို ယခင်ကထက်ပိုပြီးလေးစားခင်မင်လာစေချင်ရင် ပြုပြင်ပြောင်းလဲရမဲ့အချက်တွေကို ရေးမှာပါ။

ဒီအကြောင်းအရာက တက္ကသိုလ်နောက်ဆုံးနှစ်မှာ သင်ခဲ့ရတဲ့ စက်မှုကုန်ထုတ်စိတ်ပညာ Industry Psychology ဆိုတဲ့ စိတ်ပညာကို မိမိဘာသာဆက်လက်လေ့လာစုဆောင်းတဲ့ ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးရေးစာအုပ်တွေ ဖတ်ရင်းဖတ်ရင်း ပိုပြီးထိရောက်အောင်၊ တိကျကျစ်လျစ်အောင် ပြုပြင်စုစည်းရင်းနဲ့ ရလာတာတွေဖြစ်ပါတယ်။

ဆေးကုမ္ပဏီကလည်း သူ့ဝန်ထမ်းနဲ့လက်ကားအရောင်းမန်နေဂျာတွေ နှစ်ရာ၊ သုံးရာကို ပြောပေးပါဆိုလို့ လေးငါးနေရာ၊ လေးငါးနှစ်လောက် သွားရောက်ဟောပြောဖူးပါတယ်။ အလှအပ ပစ္စည်းကုမ္ပဏီ၊ စားသောက်ကုန်စက်ရုံ၊ အထည်ချုပ်လုပ်ငန်းစသဖြင့် ရန်ကုန်နဲ့ မန္တလေးမှာရှိတဲ့ လုပ်ငန်းရှင်သူဌေးတွေက ဟောပြောဖို့ရာ ဖိတ်ခေါ်တဲ့အတွက် သူတို့ရုံးခန်းမတွေ၊ စာသင်ခန်းတွေ၊ စက်ရုံကြီးတွေထဲမှာ တစ်ကိုယ်တော် ဟောပြောခဲ့ပါတယ်။ ဖိတ်ကြားသူရဲ့ ပြောစေချင်တဲ့ အဓိကရည်ရွယ်ချက်နဲ့ အကြောင်းအရာကိုမူတည်ပြီး ဒါတွေဒါတွေကို ဒီလိုပြောရင် အဆင်ပြေလား၊ ကျေနပ်လား အပြန်အလှန်ဆွေးနွေးပြီးမှ ဟောပြောတာပေါ့။ ပိုင်ရှင်နဲ့တွေ့တာလည်းရှိတယ်။ အထွေထွေမန်နေဂျာနဲ့တွေ့တာလည်းရှိတယ်။ နေ့ရက်၊ အချိန်၊ နေရာ စီစဉ်ပြီး (သေသေချာချာပြင်ဆင်ပြီးမှ) သွားဟောပြောပါတယ်။

ပြောပြီးတစ်လလောက်ကြာရင်တော့ မိမိဟောပြောချက်အရ နားထောင်ခဲ့ကြတဲ့ ဝန်ထမ်းတွေရဲ့ လုပ်ဆောင်ချက်ပြောင်းလဲမှု၊ တိုးတက်မှု ဘယ်လိုရှိသလဲ ပြန်လည်ဆွေးနွေးကြပါတယ်။ အကျဉ်းအကျယ်၊ အတင်အချ လိုအပ်သလိုပြောင်းလဲဖို့လိုရင် နောက်တစ်ကြိမ်အတွက် ပိုကောင်းအောင် မွမ်းမံနိုင်တာပေါ့။

လူတိုင်းအလွယ်တကူသိမြင်လွယ်စေဖို့ ဒီအမည်ခေါင်းစဉ်ပေးပေမဲ့ တကယ်တော့ လုပ်ငန်းခွင်စက်ရုံ၊ အလုပ်ရုံ၊ ပရိသတ်၊ အရွယ်အဆင့်အမျိုးမျိုးကို အခြေအနေအချိန်အခါနဲ့ လိုက်ဖက်ဆီလျော်အောင် အကြိမ်ကြိမ်အခါခါ ဟောပြောခဲ့ဖူးပြီးသားအခြေခံအကြောင်းအချက်နဲ့ သဘောထားအမြင်တွေဖြစ်ပါတယ်။ ၂၀ ရာစု အမေရိကန်စိတ်ပညာပါမောက္ခ ဝီလျှမ်ဂျိမ်းရဲ့ စိတ်ပညာအခြေခံသဘောတရားများအပါအဝင် လက်ရှိသက်ရှိထင်ရှားကျော်ကြားအောင်မြင်နေတဲ့ စာရေးဆရာနဲ့ဟောပြောသူ ရောဘတ်ဂရင်း(Robert Green) ရေးတဲ့ လူ့သဘောသဘာဝ (The Laws of Human Nature) စာအုပ်ထဲက ကောင်းနိုးရာရာအချက်တွေ ပါဝင်ခဲ့ပါတယ်။ စာမျက်နှာ ၅၈၈ မျက်နှာရှိတဲ့စာအုပ်ကို ဖတ်ခဲ့ပေမဲ့ မှတ်စုအတွက်တော့ သုံးလေးမျက်နှာပဲ ရတာပါ။

တကယ်တော့ ရေးသားတာပဲဖြစ်ဖြစ်၊ ဟောပြောတာပဲဖြစ်ဖြစ် လျှာရှည်တိုင်းလည်းကောင်းတာတော့ မဟုတ်ပါ။ အခွံကိုခွာ၊ အကာကိုပစ်၊ အဆီအနှစ်သက်သက်ကို ရွေးချယ်ပြီး ကျစ်ကျစ်လျစ်လျစ်မျှဝေပေးနိုင်ဖို့သာ အရေးကြီးပါတယ်။ ယခုတင်ပြမဲ့ လူချစ်ဆေးမှာတော့ စိတ်ဓာတ်မြှင့်တင်ရေးဟောပြောသူတစ်ယောက်ရဲ့ ခေါင်းဆောင်ကောင်းဖြစ်စေမဲ့ ကိုယ်ရည်ကိုယ်သွေးတည်ဆောက်ရေး ၁၀ ချက်ကို ကောက်နုတ်မျှဝေပါရစေ။

၁။ **သူတစ်ပါးကိုပြောပါစေ၊ စိတ်ဝင်တစားသေသေချာချာနားထောင်ပါလေ။**
၂။ **သင်ယူလေ့လာဖို့ရာ နေ့စဉ်စာဖတ်ပါ။**
၃။ **လူတွေနဲ့စကားကောင်းကောင်းပြောဆိုပါ။ မိတ်သစ်ပွားများပါ။**
၄။ **စကားချိုသာပြောဆိုပါ။ ပြုံးပါ။ မေတ္တာပါပါစေ။**
၅။ **ငါလုပ်နိုင်တယ် ယုံကြည်ပါ။ (အသက်ဝဝ ရှူ၍ စိတ်ကိုတည်တည်ကြည်ကြည်ထားပါ)**
၆။ **အကောင်းမြင်ပါ၊ အပြုသဘောတွေးပါ၊ ပြောပါ၊ ပြုမူပါ။**
၇။ **ဟာသပြောတတ်ပါစေ၊ ရယ်တတ်ပါစေ၊ စိတ်ကိုပေါ့ပါးရွှင်လန်းပါစေ။**
၈။ **သူတစ်ပါးကို ကူညီသူ၊ အားပေးသူ၊ အခက်အခဲဖြေရှင်းပေးတတ်သူ ဖြစ်ပါစေ။**
၉။ **သူတစ်ပါးကို လေးစားမှုနဲ့ဆက်ဆံပါ။**
၁၀။ **မိမိအပါအဝင် လူတွေကို စိတ်ဝင်စားပါ။**

မိမိရဲ့အတွေးအမြင်၊ အပြောအဆို၊ အပြုအမူကို ပိုမိုကောင်းမွန်သစ်လွင်အောင် ပြောင်းလဲပါ။(ပစ်စလက်ခတ်၊ ပေတိပေစုတ်၊ ရှုပ်ရှုပ်ပွေပွေမနေနှင့်၊ မပြောနှင့်၊ မပြုမူနှင့်။ မိမိကိုယ်ကိုလည်း တန်ဖိုးထားလေးစား၍ သပ်ရပ်သန့်ရှင်းရမယ်၊ လန်းဆန်းတက်ကြွပြုံးရွှင်ကြည်သာရပါမယ်)

အနှစ်သာရအားဖြင့် ဒီအချက်အလက်တွေဟာ ရှင်းလင်းတိကျပါတယ်။ ဆရာ့ ဆရာကြီးတွေဖြစ်ကြတဲ့ ပီမိုးနင်းတို့၊ ရွှေဥဒေါင်းတို့၊ အောင်ဝင်း(စိတ်ပညာ) မှသည် ဦးခင်မောင်သန်း(စိတ်ပညာ)နဲ့ ဒေါက်တာကျော်စိန်အပါအဝင် မိမိတို့ရဲ့ကျေးဇူးရှင်တွေ ရေးသား၊ ဟောပြော၊ ပို့ချပေးခဲ့ကြတာတွေလည်း အနောက်တိုင်းစိတ်ပညာမှာပါတဲ့ ကိုယ့်ကိုယ်ကိုယ် ကိုယ်ရည်ကိုယ်သွေး ပြောင်းလဲကောင်းမွန်စေဖို့ ကျင့်စဉ်များဟာ ဒါတွေ ဒါတွေပါပဲ။ သဘောတရားသီအိုရီကတော့ များများစားစားမပြောင်းလဲလှပါ။

ခေတ်၊ စနစ်၊ ပတ်ဝန်းကျင်နဲ့ နားထောင်ကြသူပရိသတ်၊ စာဖတ်ပရိသတ်အနေအထားကတော့ နား၊ မျက်စိ အနိမ့်အမြင့်၊ အကျဉ်းအကျယ်ကွာခြားကွဲပြားကြတာ သိသိသာသာရှိပါတယ်။

အကြောင်းအရာအချက်အလက်က ပြောင်းလဲလို့မရအောင် ခိုင်မာတည်တံ့ပေမဲ့ စာဖတ်သူနဲ့ ဟောပြောပွဲတက်ရောက်သူတွေရဲ့ အတွေ့အကြုံ ဖြတ်သန်းမှုနဲ့ ပညာအရည်အချင်းအဆင့်အတန်းပေါ်မူတည်ပြီး ယူနိုင်သလောက်သာ ရကြပါတယ်။ ယူတတ်သူသာ များများရရှိပါတယ်။ အလေးထားမှတ်သားပြီး မိမိရဲ့ နေ့စဉ်လက်တွေ့ဘဝမှာ အသုံးချကျင့်သုံးပါမှ ကောင်းကျိုးမှုချရရှိနိုင်ပါတယ်။

ဥပမာတစ်ခု တင်ပြလိုပါတယ်။

ဆရာကြီးရွှေဥဒေါင်းရဲ့ တစ်သက်တာမှတ်တမ်းဆိုတဲ့ စာအုပ်ထူကြီး(မူလက သုံးတွဲ၊ နောင်အခါမှာ စုပေါင်းပြီး ပေါင်းချုပ်စာအုပ်တွေထုတ်ဝေခဲ့တာ အကြိမ်ကြိမ်ရှိပါပြီ။ ကိုယ်ပိုင်ဝယ်မဖတ်နိုင်ရင်တောင် စာကြည့်တိုက်တွေမှာသွားပြီး ဖတ်ရှုသင့်ပါတယ်။) ကိုယ်မသိသေးတာတွေ အများကြီးသိရမယ်။ ကိုယ်မမြင်မိတာတွေ အများကြီးသတိပြုဆင်ခြင်မိလာမယ်။

ဆရာကြီးရွှေဥဒေါင်းက လူထုဦးလှ၊ ဒေါ်အမာတို့နဲ့ မိသားစုလိုက် မန္တလေးမှာ ငယ်စဉ်ကတည်းက (ဒေါ်အမာ့ အမိအဖတို့နဲ့) ရင်းနှီးခင်မင်ခဲ့ကြတာပါ။ ဦးလှတို့၊ ဒေါ်အမာတို့က လက်ဝဲဝါဒယုံကြည်နှစ်သက်ကြပေမဲ့ ရွှေဥဒေါင်းက ကွန်မြူနစ်ဝါဒကို လက်မခံပါဘူး။ ဗန်းမော်တင်အောင်၊ ဒဂုန်တာရာ စတဲ့ကွန်မြူနစ်ဝါဒရပ်တည်ချက်ရှိတတ်ကြတဲ့ လူငယ်စာရေးဆရာတွေကိုလည်း သဘောထားမတိုက်ဆိုင်ပါဘူး။ ဝေးဝေးကင်းကင်းသာ သူကနေပါတယ်။ ဒါပေမဲ့ ဒဂုန်တာရာနဲ့ တွေ့ကြဆုံကြ၊ ခရီးအတူသွားကြတဲ့အခါမှာရယ်၊ စာရေးဆရာဗန်းမော်တင်အောင်နဲ့ စကားပြောဆို ဆွေးနွေးခဲ့ကြပြီးနောက်မှာရယ်၊ အမြင်ချင်းမတူကြတာက တစ်ပိုင်းထား။ ဆရာဒဂုန်တာရာနဲ့ ဆရာဗန်းမော်တင်အောင်တို့ရဲ့ ကိုယ်ရည်ကိုယ်သွေး တည်ကြည်ဖြောင့်မှန်တဲ့ လေးစားစရာကောင်းတဲ့ လူကြီးလူကောင်းပီသမှုကိုတော့ ဆရာကြီး ရွှေဥဒေါင်းက မချီးကျူးဘဲ မနေနိုင်ဘူး။ ဒဂုန်တာရာအကြောင်းတို့၊ ဗန်းမော်တင်အောင်အကြောင်းတို့ကို သူ့ရဲ့တစ်သက်တာမှတ်တမ်းထဲမှာ အမှတ်တရ မှတ်တမ်းတင်ပြီး ချီးကျူးရေးသားထားပါတယ်။

စာရေးသူက ပြောပါရစေ။

ဆရာဒဂုန်တာရာကော၊ ဆရာဗန်းမော်တင်အောင်ကော စိတ်သဘောထားရင့်ကျက်နူးညံ့ကြသူတွေလည်းအမှန်ပဲ။ လက်ဝဲဝါဒ ကြိုက်သူတွေဆိုပေမဲ့ စိတ်ကြမ်းလူကြမ်းရုပ်ဝါဒီမျိုးမဟုတ်။ လူကြီးပြောဆိုတဲ့စကားကို ဂရုတစိုက်သေသေချာချာနားထောင်လေ့ရှိတဲ့ ပုဂ္ဂိုလ်တွေလေ။ ဆရာကြီးရွှေဥဒေါင်း ကျေနပ်သဘောကျရပြီပေါ့။

လွန်ခဲ့တဲ့နှစ်ပေါင်း ၆၀ ကျော်ကာလဆီက ဆရာကြီးရွှေဥဒေါင်းရေးခဲ့တဲ့ ဂန္ထဝင်တစ်သက်တာမှတ်တမ်းစာအုပ်ကြီးထဲမှာ သူနဲ့စကားပြောကြရာမှာ စိတ်ဝင်တစားမှတ်သားဆွေးနွေးကြလို့ သူက အထင်မသေးကြောင်း၊ တော်ကြောင်းရေးသားသွားတာပဲ။

စာရေးသူဖော်ပြထားတဲ့ ပထမအချက်လေ။

**သူတစ်ပါးကိုပြောပါစေ၊ စိတ်ဝင်တစား သေသေချာချာနားထောင်ပါလေ။**

သူများပြောတာကို သေသေချာချာနားထောင်ပါ။

စာဖတ်သူလည်းတွေ့ဖူးမှာပါ။ ပြောတဲ့လူက စိတ်ပါလက်ပါပြောနေပေမဲ့ နားမထောင်ချင်သလိုလို၊ စိတ်မဝင်စားသလိုလို၊ ငေးတေးတေး၊ ငိုက်တိုက်တိုက်၊ လူမမြင်အောင် လက်ကိုင်ဖုန်းကို အသံတိတ်လုပ်ထားပြီးပွတ်နေတဲ့လူစားမျိုးလည်း တွေ့ဖူးရဲ့မဟုတ်လား။

သူတစ်ပါးစကားပြောနေစဉ်ပါ အာရုံစိုက်နားထောင်တဲ့အလေ့အကျင့်ကို မရမနေကျင့်ယူရမှာပါ။

ဒုတိယအချက်က ဘာတဲ့လဲ။

**"သင်ယူဖို့ရာ နေ့စဉ်စာဖတ်ပါ"**တဲ့။

တာဝန်ကြီးကြီးယူရတဲ့လူတွေဟာ နေ့စဉ်နေ့စဉ် ဝင်စာတွေ၊ အစီရင်ခံစာတွေ၊ တင်ပြချက်တွေကို အကြွေးမထားဘဲ ဖတ်ပြီးဆုံးဖြတ်ချက်၊ ညွှန်ကြားချက်၊ မှတ်ချက် ရေးပေးနေကြရတယ်။ ရုံးလုပ်ငန်းသဘောက စာမျက်နှာပေါင်းများစွာ နားလည်အောင်လေ့လာဖတ်ရှုမှတ်သားပြီး စဉ်းစားရ၊ သုံးသပ်ရ၊ ဝေခွဲရတာပဲ။

အလုပ်ထဲက စာကိုသာ ပြောတာမဟုတ်ပါ။

သုတစာပေ၊ ရသစာပေ၊ နိုင်ငံတကာနောက်ဆုံးပြောင်းလဲနေတဲ့အခြေအနေအပေါ် သုံးသပ်ဝေဖန်ချက်တွေကိုပါ နေ့စဉ်(ခေတ်နောက်ကျမကျန်ရစ်ခဲ့ရအောင်) ဖတ်ရှုလေ့လာနေရပါမယ်။ လူ့သမိုင်းမှာ ၂၀ ရာစုအပြောင်းအလဲအရှိန်အဟုန်က အင်မတန်မြန်ဆန်ခဲ့တယ်။

ယနေ့ ၂၁ ရာစုထဲ ၂၄ နှစ်တောင် ဝင်ခဲ့ပါပြီ။

၂၁ ရာစုဟာ တတိယထောင်စုနှစ်အပိုင်းအခြား။

လူ့သမိုင်းရဲ့ရာစုနှစ်၊ ထောင်စုနှစ်၊ ကူးပြောင်းခြင်းမျိုးကြီးမားလှသလို နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ နိုင်ငံတကာဆက်ဆံရေးတွေဟာလည်း တစ်ဟုန်ထိုးအရှိန်ပြင်းစွာရွေ့လျားပြောင်းလဲနေချိန်ဖြစ်ပါတယ်။

အချိန်နဲ့အညီ အချိန်မီ၊
အခြေအနေနဲ့အညီ ဆီလျော်ကိုက်ညီရန်။
သွက်လက်မြန်ဆန်စွာ တုံ့ပြန်ရပါမယ်။
နှေးကွေးနေလို့မရဘူး။
နောက်ကျနေရစ်လို့မဖြစ်ဘူး။
ဒါကြောင့် ချက်ဆိုနားခွက်ကမီးတောက်မှ။
အဘက်ဘက်က ရှုမြင်နားလည်ဖို့ရာက **နေ့စဉ်မပြတ်စာဖတ်မှဖြစ်ပါလိမ့်မယ်။**

**သတင်းမီဒီယာခေတ်။ အမြင်ကျယ်ရမယ်။**
**သင်ယူလေ့လာဖို့ရာ နေ့စဉ်စာဖတ်ပါ။**

တကယ်တော့ ဘဝဆိုတဲ့ကျောင်းတော်ကြီးမှာ ကျွန်ုပ်တို့အားလုံးဟာ စာသင်သား ကျောင်းသား၊ ကျောင်းသူတွေပဲမဟုတ်လား။ အိမ်စာအကြွေးမကျန်အောင် နေ့စဉ်အိမ်စာလုပ်ရသလို စာဖတ်ကြရမယ်ပေါ့။

မြန်မာစာနဲ့တင်မလုံလောက်ပါ။

အင်္ဂလိပ်စာနဲ့သာမက ထိုင်းစာ၊ မလေးစာ၊ တရုတ်စာ၊ ဂျပန်စာအပြင် ပြင်သစ်စာလည်းတတ်ကျွမ်းရင် ကောင်းတာပဲ။ နိုင်ငံချင်း စာချုပ်တဲ့အခါမှာ သူ့စာကိုယ့်စာသာမက ပြင်သစ်စာနဲ့လည်း တစ်ဘာသာထည့်ရေးကြရတာမို့ပါ။ စာကြိုးစားကြပါနော်။

> ❖သူများပြောတာကို သေသေချာချာနားထောင်ပါ။ စာဖတ်သူလည်း တွေ့ဖူးမှာပါ။ ပြောတဲ့လူက စိတ်ပါလက်ပါပြောနေပေမဲ့ နားမထောင်ချင်သလိုလို၊ စိတ်မဝင်စားသလိုလို၊ ငေးတေးတေး၊ ငိုက်တိုက်တိုက်၊ လူမမြင်အောင် လက်ကိုင်ဖုန်းကို အသံတိတ်လုပ်ထားပြီး ပွတ်နေတဲ့လူစားမျိုးလည်း တွေ့ဖူးရဲ့မဟုတ်လား။ သူတစ်ပါးစကားပြောနေစဉ်ပါ အာရုံစိုက်နားထောင်တဲ့အလေ့အကျင့်ကို မရမနေကျင့်ယူရမှာပါ။ ❖

# Media Waves Production မှ ရိုက်ကူးထုတ်လုပ်မည့် အိပ်မက်တွေပျောက်တဲ့ည ဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနား ကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၂၃**

Media Waves Production မှ ရိုက်ကူးထုတ်လုပ်မည့် အိပ်မက်တွေ ပျောက်တဲ့ည ဇာတ်လမ်းတွဲ ကန်တော့ပွဲပေး အခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက်က ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ်ရှိ ကျိုက္ကစံစေတီတော်ကြီးတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် အဓိက သရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင်ထွန်းထွန်းက ပြောပြ၍ သိရသည်။

အဆိုပါ အိပ်မက်တွေပျောက်တဲ့ည ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ဝေလက ရေးသားထားပြီး ချစ်ဆုခင်က ဇာတ်ညွှန်းရေးထားကာ ဒါရိုက်တာ ရဲနောင်၊ တွဲဖက်ဒါရိုက်တာ နန်းအိအိဝင်းတို့က Media Waves Production အတွက် တာဝန်ယူ ရိုက်ကူးထားသည်။

"ဒီဇာတ်လမ်းတွဲကတော့ အချစ်ဒရမ်မာ သန့်သန့်ဇာတ်လမ်းတွဲလေးပါပဲ။ အလည်အပတ်တွေ လျှို့ဝှက်သည်းဖိုတွေ မပါပါဘူး။ အချစ်ဇာတ်လမ်းတွဲ သီးသန့်လေးပါ"ဟု သရုပ်ဆောင် ထွန်းထွန်းက ပြောပြသည်။

အဆိုပါ အိပ်မက်တွေ ပျောက်တဲ့ည ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ထွန်းထွန်း၊ မင်းဟိဏ်း၊ ထူးခြား၊ Ella ရွှေစင်၊ ဆုထက်ကုဋ္ဌေနှင့် အခြားသော သရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင် သွားမည်ဖြစ်ကြောင်း သိရသည်။

**ASH**

# Amazon MGM ၏ Verity ဇာတ်ကား၌ ဒါကိုတာဂျွန်ဆင်နှင့်ဂျို့ဟက်နက်တို့ပါဝင်

**နယူးယောက် ဒီဇင်ဘာ ၂၃**

Amazon MGM စတူဒီယို၏ Verity ဇာတ်ကား၌ မင်းသမီး ဒါကိုတာဂျွန်ဆင်နှင့် မင်းသား ဂျို့ဟက်နက်တို့ ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း ဒီဇင်ဘာ ၂၂ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားတွင် ဒါကိုတာဂျွန်ဆင်နှင့် ဂျို့ဟက်နက်တို့သည် မင်းသမီး အန်နာဟေသာဝေးနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Verity ဇာတ်ကားသည် အမေရိကန် စာရေးဆရာမ ကောလင်းဟိုဗာ၏ နာမည်တူဝတ္ထုကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Verity ဇာတ်ကားကို ဒါရိုက်တာ မိုက်ကယ်ရှိုးဝေါတာက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ နစ်အန်ကိုစတာက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Verity ဇာတ်ကား ရိုက်ကူးမည့်ရက်ကို Amazon က စတူဒီယိုက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**





# နာရီဇာတ်လမ်းတွဲကို ရန်ကုန်မြို့တွင် ဇာတ်အိမ်တည်ကာ ရိုက်ကူးသွားမည်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

Mee Mee Mway Production မှ ရိုက်ကူးထုတ်လုပ်မည့် နာရီဇာတ်လမ်းတွဲကို ရန်ကုန်မြို့တွင် ဇာတ်အိမ်တည်ကာ ရိုက်ကူးသွားမည်ဖြစ်ကြောင်း အဆိုပါ ဇာတ်လမ်းတွဲကို ရိုက်ကူးမည့် ဒါရိုက်တာ သားညီက ပြောပြ၍ သိရသည်။

အဆိုပါ နာရီဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဦးတင်ငြိမ်း (ရှမဝ)နှင့် ဆူးခက်မင်းတို့ကရေးသားထားကာ ကိုမျိုးမျိုး(တောင်ကြီး)၏ စီစဉ်မှုဖြင့် ဒါရိုက်တာ သားညီနှင့် လက်ထောက် ဒါရိုက်တာ ဝင်းမြင့်ဦးတို့က Mee Mee Mway Production အတွက် တာဝန်ယူရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"နာရီ ဇာတ်လမ်းက ပထမတုန်းက ကျွန်တော်ရိုက်တယ်။ ဒုတိယကားကျတော့ ထွန်းထွန်းရိုက်တယ်။ အခုက တတိယမြောက် နာရီဇာတ်ကားပါ။ ဒီကားမှာတော့ ထုတ်လုပ်ရေးဘက်ကလဲ ဒီကားမှာ ရိုက်မယ့်သူက မြင်နေကျသူလဲ မဖြစ်စေရဘူး။ ဟာသပိုင်းမှာလဲ ပိုင်နိုင်တဲ့သူလဲ ဖြစ်ရမယ်ဆိုပြီး ပြောလာတော့ ကျွန်တော်အနေနဲ့ စဉ်းစားကြည့်လိုက်တော့ ဒီနေရာမှာ ဒိုပေါက်ဆိုရင် လိုက်ဖက်မယ်လို့ စဉ်းစားမိပြီး ဒိုပေါက်ကို နာရီနေရာကထားပြီး ရိုက်ကူးဖြစ်တာပါ။ ဒီဇာတ်လမ်းတွဲကိုတော့ ရန်ကုန်မြို့နဲ့ မှော်ဘီမြို့နယ်ဘက်တို့မှာ ဇာတ်အိမ်တည်ပြီး ရိုက်ကူးသွားမှာဖြစ်ပါတယ်"ဟု ဒါရိုက်တာသားညီက ပြောပြသည်။



အဆိုပါ ဒီဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ဒိုပေါက်၊ လင်းသစ်အောင်၊ ကေညီ၊ ဆူးခက်မင်း၊ မောင်ကင်း၊ ပီယ၊ နိုင်စေရ၊ အောင်ပြည့်လျှံ၊ အောရိန်၊ ဆောင်းဝတ်ရည်မေ၊ အနှစ်၊ ထူးဝင့်သန္တာ၊ မို့မို့၊ ညှော့သည် သရုပ်ဆောင်သားညီ၊ ဖူးစုံနှင့် သရုပ်ဆောင်များစွာ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**ASH**

# The Mummy ဇာတ်ကားသစ်ကို ဒါရိုက်တာ လီကရိုနင် တာဝန်ယူရိုက်ကူးမည်

**နယူးယောက် ဒီဇင်ဘာ ၂၃**

New Line ရုပ်ရှင်ကုမ္ပဏီ၏ The Mummy ဇာတ်ကားသစ်ကို ဒါရိုက်တာ လီကရိုနင်က တာဝန်ယူ ရိုက်ကူးပေးမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၂ ရက် သတင်းများအရ သိရသည်။

The Mummy ဇာတ်ကား အတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ လီကရိုနင်က တာဝန်ယူ ရေးသားပေးမည်ဖြစ်သည်။

လက်ရှိအချိန်တွင် The Mum-my ဇာတ်ကား၏ ဇာတ်လမ်း ဇာတ်အိမ် အသေးစိတ်ကို New Line ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးပေ။

ဒါရိုက်တာ လီကရိုနင်သည် Evil Dead Rise ဇာတ်ကားကို ရိုက်ကူးပေးခဲ့သော ဒါရိုက်တာဖြစ်ကြောင်း သိရသည်။

The Mummy ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင်များကိုလည်း မသိရသေးကြောင်း သိရသည်။

The Mummy ဇာတ်ကားသစ်ကို ၂၀၂၆ ခုနှစ်အတွင်း ရုံတင်ပြသနိုင်ရန် New Line ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**


**Trs : KKO**




# Chitty Chitty Bang Bang ဇာတ်ကားကို ဒါရိုက်တာ မက်သရူးဝါးချ် ရိုက်ကူးမည်ဖြစ်

**နယူးယောက် ဒီဇင်ဘာ ၂၃**

Amazon MGM စတူဒီယို၏ Chitty Chitty Bang Bang ဇာတ်ကားကို ဒါရိုက်တာ မက်သရူးဝါးချ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၂ ရက် သတင်းများအရ သိရသည်။





အဆိုပါဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အန်ဒါဝဲက ရေးသားပေးထားကြောင်း သိရသည်။

Chity Chity Bang Bang ဇာတ်ကားသည် ဂျိမ်းစဘွန်းစာရေးဆရာ အိုင်ယန်ဖလမ်းမင်း ရေးသားခဲ့သည့် ခေါင်းစဉ်တူဝတ္ထုကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် မှော်စွမ်းရည်များပိုင်ဆိုင်သည့် မှော်ကားတော်ယာဉ်တစ်စီးနှင့် မိသားစုတစ်စုတို့၏ စွန့်စားမှုများကို ပုံဖော်ရိုက်ကူးမည့် မိသားစုဖျော်ဖြေရေးဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို Amazon MGM စတူဒီယိုက ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။

Chtty Chitty Bang Bang ဝတ္ထုကို ၁၉၆၇ ခုနှစ်တွင် ဒါရိုက်တာ ကန်းဟက်ဂီက ရုပ်ရှင်အဖြစ် ရိုက်ကူးခဲ့ဖူးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing addresses Passing-out Parade of 11th Intake of Graduate Female Cadet Course



Senior General Min Aung Hlaing takes the salute of the cadet company.

**Nay Pyi Taw December 23**


In order to reinforce the role of servicewomen of the Tatmadaw, the Passing-out Parade of the 11th Intake of Graduate Female Cadet Course was held at the parade ground of Myanmar Army Officer Training School-OTS (Hmawbi) in Yangon this morning, addressed by Chairman of State Administration Council Commander-in-Chief of Defence Services Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing.

Also present at the ceremony together with the Senior General were wife Daw Kyu Kyu Hla, Commander-in-Chief (Navy) Admiral Zeya Kyawhtin Htain Win and wife, Commander-in-Chief (Air) General Zeya Kyawhtin Sithu Tun Aung and wife, senior military officers from Office of Commander-in-Chief and wives, union level officials and wives, the Yangon Region chief minister and wife, the Yangon Command commander, the commandant of OTS (Hmawby), officials of Hmawby Station, parents and relatives of cadets and invited guests.

First, the Senior General took the salute of the cadet company and inspected it. Then the cadet company saluted the Senior General with slow-march past and quick-march past.

Afterwards, the Senior General presented the Best Cadet Award to Cadet La Pyae Win.

In his graduation address, the Senior General said the Tatmadaw is conducting the Graduate Female Cadet Course with the aim of turning out female military officers to enable servicewomen to take part in the national defence duty of the Republic of Union of Myanmar. Now, the course has reached its 11th Intake. The national defence is not only the duty of Tatmadaw, but also the inborn duty of all citizens of every gender and age all along the history till now. In this regard, the nation is bringing about servicewomen.



Dignitaries attending the Passing-out Parade of the 11th Intake of Graduate Female Cadet Course.

Throughout the course of history, women played a role in the history of independence struggle, the history of struggle for national cause and the history of political movement, making sacrifices and bold actions hand in hand with their male counterparts. In the accelerated endeavors for all-round development of the Union, the force of the daughters of all nationalities of the Union is clearly visible.

The efforts to assign female officers in Tatmadaw began in 2014. Now, female officers are serving duties in the Tatmadaw (Army, Navy and Air) and all the corps. Servicewomen are also assigned in other ranks, and they are reliable and trustworthy for the nation and Tatmadaw.

As the country is continuously generating servicewomen, they are also brilliantly partaking in rough and hard missions of special forces (women), friendship visits abroad the naval ships to countries miles and miles away, joint maritime security drills, aerial flights as pilots and parachuting missions, alongside duties of the relevant troops.

Servicewomen of the Tatmadaw are taking part and showing their prowess in the ASEAN joint counterterrorism drills, while standing shoulder to shoulder with their international counterparts. At the 32nd ASEAN Armies Rifle Meet hosted by the Philippines recently, female officers and other ranks won five gold medals, four silver medals and seven bronze medals and raised the country's image. This achievement stands as the proof of the level of their ability and performance

Hence, the fine traditions of servicewomen must be maintained, and in addition, better historical milestones must be erected through ongoing efforts.

Regarding the training conducted at the Army Officers Training School, Hmawbi, which you have successfully completed, the institution has provided training aimed at preparing both individual and team-based operations. As graduates from various universities who have chosen to join the military by your own decision, your beliefs are well-founded.

During the training, the trainees underwent a structured program aligned with the "Be Healthy and Strong, Be Skilled, Be Brave" training principles, ensuring the development of both physical and mental strength.



Senior General Min Aung Hlaing meets outstanding cadets.

See Page 13

# Graduation dinner of 11th intake of Graduate Female Cadet Course of Defence Services (Army) Officers Training School (Hmawbi) held



Senior General Min Aung Hlaing greets female officers at the graduation dinner of the 11th intake of Graduate Female Cadet Course.

**Nay Py Taw December 23**

The graduation dinner of the 11th intake of the Graduate Female Cadet Course of the Defence Services Officers Training School (Hmawbi) was held at the union hall of the officers training school in Yangon this evening and Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing attended the dinner.

Also present together with the Senior General were his wife Daw Kyu Kyu Hla, Commander-in-Chief (Navy) Admiral Htein Win and wife, Commander-in-Chief (Air) General Tun Aung and wife, senior military officers from the Office of the Commander-in-Chief Defence Services and their wives, union ministers and their wives, the chief minister of Yangon Region and wife, the commandant of the training school, officers from the Hmawbi Station, parents and relatives of cadets and guests.

First, the Senior General cordially greeted the female officers one by one.

Then, the Senior General and party enjoyed the dinner together with the attendees.

Afterward, the Senior General and party observed the display of the military band company of the training school and presented cash rewards for the band.

Then, the Senior General and party enjoyed the music of the Myawady Band under the Directorate of Public Relations and Psychological Warfare at the Myawady Thabin Hall together with female officers. 100

*From Page 12*

Therefore, I would like to emphasize that the skills acquired during training should not be forgotten. We should continue to uphold the three principles of "always practice, maintain a military mindset, and always be ready to fight." These principles should be applied not only in training but also throughout our service, ensuring their effective implementation in real situations.

The role of leaders within any organization is essential. It is crucial to become trustworthy leaders whom the organization can depend on, while continuously working to enhance your own qualities. To provide genuine leadership, one must acquire knowledge and skills that evolve with the changing times, along with possessing strong moral values such as honesty and integrity. Leaders must demonstrate bold and decisive decision-making, take full responsibility, and manage their subordinates with fairness and impartiality, free from any form of corruption. I encourage those who are about to begin their service as junior officers to work hard in improving the organizations they lead.

To effectively fulfill its national defense duties and the historical political responsibilities entrusted to it, the Tatmadaw must ensure a strong sense of unity both within and beyond the military. As the motto, "We will always be united, no matter who divides us," it is essential for military personnel and their families to remain united.

Thus, leaders at all levels must prioritize fostering unity within the military. This requires the equitable delegation of orders and responsibilities, supported by genuine leadership and management that understand human nature. The military's strength lies in its unity, and as long as unity is maintained, no one can disrupt it.

While we must strengthen the fundamental unity within the military, it is also necessary to enhance practical coordination outside the military. Protecting the lives and property of the people, ensuring their health, and delivering assistance and rescue services during natural disasters are all practical efforts aimed at coordinating support for the public. Since these external military coordination efforts are carried out for the benefit of the state and its ethnic people, I urge all female military officers also to take this matter seriously.

The foundation of victory in war lies in good morale and obedience to orders of every soldier. Just as good morale is the backbone of the military, obedience is also the dignity of a good soldier.

The sustainability and longevity of an institution rely on the establishment of the right policies, solid rules, regulations, and laws, as well as systematic training. Since Tatmadaw is a military organization, discipline and strict obedience to orders must be deeply ingrained, akin to the secure fit of a belt.

Therefore, military personnel are required to adhere strictly to the 60 Rules of Soldier's Code of Conduct and must comply not only with military and civilian laws but also with the rules of engagement, including the Geneva Conventions, which are recognized internationally. There are two primary categories of rules: those that encourage action and those that prohibit it. It is essential to conscientiously adopt and implement good habits that promote good citizenship by adhering to established rules and fulfilling assigned responsibilities.

It is important to consistently prioritize Our Three Main National Causes "non-disintegration of the Union, non-disintegration of the national solidarity; and perpetuation of sovereignty" and make every effort to serve the interests of the nation and its people with all our strength and intelligence. It is essential to uphold the esteemed historical traditions of female military personnel and to continue efforts in building and preserving significant historical milestones. It is also important to adhere strictly to the (16) leadership characteristics and aim to become outstanding leaders, trusted by their superiors and respected by their subordinates, while striving to be reliable female officers for the country and the military. It is essential to enhance coordination both within and outside the military by establishing a balanced administrative system, making sound decisions, and ensuring effective execution of coordination efforts.

Then, the Senior General received the salute of the graduating cadet company and left the parade.

After the parade, the Senior General met and delivered an address to outstanding cadets including Cadet La Pyae Win, who won the best cadet award, Cadet Aye Thida, who won the best shooting award, Cadet Nandar Kyaw, who won the best drill award, and Cadet Ei Phyu Maung, who won the best fitness award.

In his address, the Senior General said he was proud of the outstanding cadets as much as their parents were and urged them to keep up efforts and the sound foundation of self-restraints during the training course in the entire career. As the cadets received the graduate and post-graduate degrees before the training course, they had learnt ways of thinking and life styles and had experience and qualifications. They became outstanding female officers as a result of their efforts to pass matriculation exams,under-and post-graduate courses as well as during the officer training course.

Then, the Senior General urged them not to forget the gratitude of parents and teachers who had taken care of them since childhood, to try to be good Tatmadaw officers whom their families were proud of and the Tatmadaw and the country can rely on, to continue to exert efforts not to derail from their aims and progress of life by keeping up their sound foundations and to be ones who can serve the interests of the country in any field they were assigned to.

100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# SAC Chairman Prime Minister Senior General Min Aung Hlaing attends inauguration of the underpass, the second facility of its kind in Myanmar



Senior General Min Aung Hlaing looks round along the underpass.

**Nay Pyi Taw December 23**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing yesterday morning attended the ceremony to inaugurate an underpass, which is the second facility of its kind in Myanmar, on U Wisara Road between the western archway of Shwedagon Pagoda and the People's Park in Dagon Township of Yangon Region.

Also present at the ceremony were Council Joint Secretary General Ye Win Oo, council members, Union ministers, the Yangon Region Chief Minister, senior Tatmadaw members of the Office of the Commander-in-Chief, the commander of Yangon Command, the mayor, regional level officials and guests.

On arrival at the venue for the ceremony, the Senior General was welcomed by the Yangon Region Chief Minister and officials.

Mayor U Bo Htay reported to the Senior General on purposes of building the underpass with efforts of Myanmar engineers and its advantages.

The Senior General and party watched a video clip on construction of the underpass.

Chief Minister of Yangon Region U Soe Thein presented a commemorative gift to the Senior General who gave gifts for engineers who participated in the construction project.

The Chief Minister, the commander and the major inaugurated the underpass whereas the Senior General pressed the button to unveil the entrance of the underpass.

The Senior General and those present had documentary photos taken. The Senior General presented cash awards to the band and a pum-pum dance troupe which performed entertainment at the ceremony.

The Senior General viewed the documentary photos on construction of the underpass and visited there, leaving necessary guidance to officials.

In accord with the guidance of the Senior General, construction of an underpass started in October 2023 with the aim of emerging a modern infrastructure for ensuring traffic safety of people who visit the Shwedagon Pagoda and the Public Sqare as the area is crowded with pilgrims and travellers to Shwedagon Pagoda. The main structure of underpass is 11 feet high, 23 feet wide and 461 feet long with four entrances and exits for use of some 14,000 people per hour. The underpass is facilitated with four escalators and two lifts for older persons and the people with disabilities. Thanks to the underpass, people and pilgrims can travel there with traffic safety, and it can contribute to reduction of traffic congestion on U Wisara Road to some extent. The already-opened underpass can benefit the people and become a development symbol of Yangon. 100



The ribbon being cut to formally open the underpass.

# Death toll from Cyclone Chido in Mozambique rises to 120

**Maputo December 23**

The death toll from Cyclone Chido, an intense tropical cyclone that made landfall in northern Mozambique, has risen to 120, with 868 people injured and more than 680,000 affected, according to the latest figures released by Mozambique's national disaster relief agency on Monday.

Northern provinces of Mozambique, including Cabo Delgado, Nampula, and Niassa have suffered extensive damage from heavy downpour, storms, and flooding caused by Cyclone Chido, according to the National Institute for Disaster Risk Management and Reduction (INGD).

Over 150,000 homes have been destroyed or partially damaged, along with 250 schools, 89 public buildings, and 52 health facilities. Nearly 110,000 students have been impacted, the INGD update showed.

In response to the displacement, the government has set up two emergency shelters, currently housing 1,349 people.

In a social media post on Sunday, the INGD emphasized the severe impact of Cyclone Chido on the education and health sectors. "The Cyclone Chido once again highlights the vulnerability of social infrastructure to climate change and the need for resilient planning to mitigate future impacts," the post read. Xinhua

# Japan's Honda, Nissan agree to start talks for 2026 merger

**Tokyo December 23**

Japanese automakers Honda Motor and Nissan Motor announced Monday they have agreed to begin talks on a merger that would establish a new holding company by around August 2026, as the global auto industry's competition in electrification and software integration intensifies.

The two companies signed a memorandum of understanding to start discussions toward a business integration under a new holding company, creating the world's third-largest automaker group to compete with U.S. and Chinese rivals in the electric vehicle market.

"The business environment for both companies and the wider automotive industry has rapidly changed," Honda and Nissan said in a joint statement, "and the speed of technological innovation has continued to accelerate."

"To lead the mobility transformation, we've come to think that we need something bolder than just cooperation in some specific fields," Honda President and CEO Toshihiro Mibe said during a joint press conference with his counterparts from Nissan, "We have reconfirmed that a merger would create synergies in all kinds of fields."

Honda and Nissan, Japan's second- and third-largest automakers by volume, respectively, aim to wrap up negotiations on the terms of their merger by June 2025, while Mitsubishi Motors, Nissan's partner, will decide by the end of January 2025 whether to join the merger, the automakers said.

Xinhua

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၁၁၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို ဒီဇင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၁၁၄ ကေထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၃၅၂၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၁၁၄ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ ဖူးစားပြောင်းဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်။ ဖူးစားပြောင်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်" ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေး စနစ်ဖြစ်သည့် တမာပိုးသတ်ဆေး အသုံးပြုရေးစသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာ ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ကဏန်းပျော့ ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ ဒီဇင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ကဏန်းပျော့ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ထက်ထက်ဝင်းက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့အောက်တိုဘာလအတွင်းက ကဏန်းပျော့ပိဿာချိန် ၅၀၀၀၀ထိသာ တင်ပို့ရောင်းချခဲ့ရပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ကဏန်းပျော့ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

''ကဏန်းပျော့တွေကိုရန်ကုန်ဈေးကွက်က အရင်ကထက်ပိုမိုဝယ်ယူလာပါတယ်။ နိုဝင်ဘာလမှာ အောက်တိုဘာလကထက် ကဏန်းပျော့ပိဿာချိန် ၂၇၀၀၀ ထိ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ လပွတ္တာမြို့နယ် ကနေထွက်ရှိတဲ့ ကဏန်းပျော့တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်''ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ထက်ထက်ဝင်းက ပြောပြသည်။



လပွတ္တာမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ကဏန်းပျော့ အသေးတစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀၊ အလတ်တစ်ပိဿာလျှင် ငွေကျပ် ၂၄၀၀၀၊ အကြီးတစ်ပိဿာလျှင် ငွေကျပ် ၃၅၅၀၀ ထိ အရွယ်အစားအပေါ် မူတည်ကာ ဈေးနှုန်း အနိမ့်အမြင့်ရှိကြောင်း၊ အဆိုပါ ကဏန်းပျော့များ ပိုမိုတင်ပို့နေရသည့်အတွက် ရေလုပ်သားများ၊ ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ အလုပ်အကိုင်အခွင့်အလမ်း ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# သရက်မြို့နယ် မုဆိုးရင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**သရက် ဒီဇင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် မုဆိုးရင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းကတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်း၊ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့်အတူ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးကျေးရွာတွင်းလမ်းကို အကျိုးရှိစွာ ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သရက်မြို့နယ် မုဆိုးရင်ကျေးရွာ၌ လမ်းအရှည် ပေ ၅၅၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မ ရှိ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၅ သန်း စုစုပေါင်းငွေကျပ် ၁၆ ဒသမ ၅ သန်းဖြင့် မြို့နယ်ဝန်ထမ်းများ၏ နည်းပညာကူညီမှု၊ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာ ၁၅ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

ကိုညို




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၃-၁၂-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၀၄၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၂၂၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၃၅ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

**နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် တပ်မတော်တစ်ခုတည်းဖြင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် နိုင်ငံသားတိုင်း ယောကျ်ား၊ မိန်းမ အသက်အရွယ်မရွေး ထမ်းရွက်ကြရမည့် မွေးရာပါ သမိုင်းပေးတာဝန်လည်းဖြစ်၍ မည်သည့်အဖွဲ့အစည်းတွင်မဆို ခေါင်းဆောင်များ၏ အခန်းကဏ္ဍသည် အရေးကြီးသည့်အတွက် မိမိအဖွဲ့အစည်းက အားကိုးရသည့် ခေါင်းဆောင်ကောင်းများဖြစ်စေရန်နှင့် မိမိအရည်အသွေးကိုတိုးတက်အောင် အမြဲကြိုးစားဆောင်ရွက်နေကြရန် လိုအပ်. . .**

🏳 **ရှေ့ဖုံးမှအဆက်**

မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲ၏ အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအားစစ်ဆေးသည်။ထို့နောက် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်အား အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁)မှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းလပြည့်ဝင်းအား အကောင်းဆုံးဗိုလ်လောင်းဆုပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က သင်တန်းဆင်းမိန့်ခွန်း ပြောကြားရာတွင် တပ်မတော်အနေဖြင့်“**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရာ၌ အမျိုးသမီးစစ်မှုထမ်းများ ပါဝင်ထမ်းရွက်စေနိုင်ရန်အတွက် အမျိုးသမီးစစ်မှုထမ်း(အရာရှိ)များအား လေ့ကျင့်သင်ကြားမွေးထုတ်ပေးရန်**” ဟူသည့် ရည်ရွယ်ချက်ဖြင့် အမျိုးသမီးဗိုလ်လောင်းသင်တန်းကို ဖွင့်လှစ်မွေးထုတ်ပေးခဲ့သည်မှာ ယခုဆိုပါက သင်တန်းအမှတ်စဉ်(၁၁)အထိ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ **နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် တပ်မတော် တစ်ခုတည်းဖြင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် နိုင်ငံသားတိုင်း ယောကျ်ား၊ မိန်းမ အသက်အရွယ်မရွေး ထမ်းရွက်ကြရမည့် မွေးရာပါသမိုင်းပေးတာဝန်လည်းဖြစ်**ကြောင်း၊ထို့ကြောင့် အမျိုးသမီးစစ်မှုထမ်းတပ်ဖွဲ့ဝင်များကို လေ့ကျင့်မွေးထုတ်ပေးနေခြင်းပင်ဖြစ်ကြောင်း။

မြန်မာ့သမိုင်းစဉ်တစ်လျှောက် အမျိုးသမီးများသည် မြန်မာ့လွတ်လပ်ရေးသမိုင်း၊ အမျိုးသားရေးသမိုင်း၊ နိုင်ငံရေးလှုပ်ရှားမှုသမိုင်းစဉ်အဆက်ဆက်တွင် အမျိုးသားများနှင့် ရင်ပေါင်တန်းပြီး စွန့်လွှတ်အနစ်နာခံမှု၊ ရဲဝံ့စွန့်စားမှုများဖြင့် ပါဝင်ခဲ့ကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊မျက်မှောက်ကာလ ပြည်ထောင်စုတစ်ဝန်းလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်နေကြရာတွင်လည်း ပြည်ထောင်စုဖွား တိုင်းရင်းသားမြန်မာအမျိုးသမီးထုစွမ်းအားကြီးကို မြင်တွေ့နေကြရပြီဖြစ်ကြောင်း။

၂၀၁၄ ခုနှစ်ကစပြီး တပ်မတော်တွင် အမျိုးသမီးအရာရှိများ ခန့်အပ်တာဝန်ပေးအပ်နိုင်ရေး ဆောင်ရွက်ခဲ့သည့်အတွက် လက်ရှိအချိန်တွင် တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးဝန်ထမ်းတပ်ဖွဲ့အသီးသီးတွင် အမျိုးသမီးအရာရှိများ တာဝန်ထမ်းဆောင်လျက်ရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်နှင့် တပ်မတော်အတွက် ယုံကြည်အားကိုးရသည့် အခြားအဆင့် အမျိုးသမီးစစ်မှုထမ်းများကိုလည်း တာဝန်ပေး ခန့်အပ်လျက်ရှိကြောင်းကို အသိပေးပြောကြားလိုကြောင်း။

ထိုကဲ့သို့ အမျိုးသမီးစစ်မှုထမ်းတပ်ဖွဲ့ဝင်များကို စဉ်ဆက်မပြတ်မွေးထုတ်ပေးလျက်ရှိသောကြောင့် သက်ဆိုင်ရာတပ်ဖွဲ့အသီးသီး၏ တာဝန်များအပြင် ကြမ်းတမ်းခက်ခဲလှသည့် အထူးတာဝန်တပ်ဖွဲ့(အမျိုးသမီး) တာဝန်များ၊ မိုင်ထောင်ချီဝေးကွာသည့် ပင်လယ်သမုဒ္ဒရာများကို စစ်ရေယာဉ်များဖြင့် ဖြတ်ကျော်ပြီး ပြည်ပနိုင်ငံများနှင့် ချစ်ကြည်ရေးခရီးစဉ်များ၊ ရေကြောင်းလုံခြုံရေးပင်လယ်ပြင် ပူးတွဲလေ့ကျင့်ခန်းများ၊ အမျိုးသမီးလေသူရဲ ပျံသန်းရေးတာဝန်များနှင့် လေထီးစစ်သမီးတာဝန်များကို ရဲဝံ့ပြောင်မြောက်စွာ ထမ်းဆောင်နေကြသည်ကိုလည်း တွေ့ရမည်ပင်ဖြစ်ကြောင်း။

အာဆီယံနိုင်ငံများ၏ အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းလေ့ကျင့်ခန်းများတွင်လည်း တပ်မတော်အမျိုးသမီးစစ်မှုထမ်းများသည် နိုင်ငံတကာတပ်ဖွဲ့ဝင်များနှင့်အတူ ရင်ပေါင်တန်းပြီး စွမ်းဆောင်ရည်ကို ပြသနိုင်ခဲ့ကြောင်း၊ထို့ပြင် မကြာသေးခင်ကာလက ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် (၃၂)ကြိမ်မြောက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်စဉ်။

အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင်လည်း အမျိုးသမီးအရာရှိ၊ စစ်သည်များသည် ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် လေးခု၊ ကြေးတံဆိပ် ခုနစ်ခုရရှိအောင်စွမ်းဆောင်နိုင်ခဲ့ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ခဲ့သည်ကို ကြည့်ခြင်းအားဖြင့် မိမိတို့ မြန်မာအမျိုးသမီးစစ်မှုထမ်းများ၏ ကိုယ်ရည်ကိုယ်သွေးနှင့် စွမ်းဆောင်ရည် မနိမ့်ကျဘူးဆိုသည်ကို လက်တွေ့ပြသလိုက်ခြင်းပင်ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့ တပ်မတော် အမျိုးသမီး စစ်မှုထမ်းများ၏ ကောင်းမွန်သည့် သမိုင်းအစဉ်အလာများကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားကြရမည်ဖြစ်သည့်အပြင် ပိုမိုကောင်းမွန်သည့် သမိုင်းမှတ်တိုင်များကို စိုက်ထူနိုင်အောင်လည်း ဆက်လက်ကြိုးပမ်းသွားကြရန်တိုက်တွန်းမှာကြားလိုကြောင်း။

လေ့ကျင့်ရေးနှင့်ပတ်သက်၍ ယခုတက်ရောက် အောင်မြင်ခဲ့ပြီးဖြစ်သည့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ)မှ တစ်ဦးချင်း၊ အဖွဲ့လိုက်လိုက်ပါလုပ်ဆောင်တတ်စေရေး လေ့ကျင့်သင်ကြားပေးလိုက်ပြီးဖြစ်ကြောင်း၊ တက္ကသိုလ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တပ်မတော်( ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁)မှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းလပြည့်ဝင်းအား အကောင်းဆုံးဗိုလ်လောင်းဆု ပေးအပ်ချီးမြှင့်စဉ်။

ဖြစ်ကြောင်း၊ **“ဘယ်သူခွဲခွဲဒို့မကွဲ အမြဲစည်းလုံးမည်”**ဟူသည့် ဆောင်ပုဒ်အတိုင်း တပ်မတော်သားများနှင့် မိသားစုဝင်များသည် စုစည်းညီညွတ်ရန် အထူးလိုအပ်ကြောင်း။


ထို့ကြောင့်အဆင့်ဆင့်သောခေါင်းဆောင်များအနေဖြင့် တပ်တွင်းစည်းလုံးညီညွတ်ရေးကိုအလေးထားတည်ဆောက်သွားရမည်ဖြစ်ပြီး ထိုသို့တည်ဆောက်သည့်နေရာတွင် ညီညွတ်မျှတသည့် အမိန့်နှင့်တာဝန်များ ပေးအပ်ကာ မှန်ကန်သည့်ခေါင်းဆောင်မှု၊ လူ့သဘောသဘာဝကို နားလည်စွာကွပ်ကဲအုပ်ချုပ်မှုတို့ဖြင့် ပုံဖော်တည်ဆောက်သွားရမည်ပင်ဖြစ်ကြောင်း၊ တပ်မတော်၏အားသည် စည်းလုံးညီညွတ်မှုအပေါ်တွင်သာ အခြေတည်လျက်ရှိသည့်အတွက် တပ်တွင်းစည်းလုံးညီညွတ်မှုရှိပါက မည်သူကမျှ တပ်မတော်ကို ဖြိုခွဲ၍ရမည်မဟုတ်သည်ကို ပြောကြားလိုကြောင်း။

ထိုကဲ့သို့ အခြေခံကျသည့် တပ်တွင်း **စည်းလုံးရေးကို ခိုင်မာအောင်တည်ဆောက်ကြရမည်ဖြစ်သကဲ့သို့ တစ်ဖက်ကလည်း လက်တွေ့ဆန်သည့် တပ်ပြင်စည်းရုံးရေးကို တိုးမြှင့်ဆောင်ရွက်သွားကြရန်လိုကြောင်း၊** အန္တရာယ်များ ကျရောက်ချိန်များတွင် ကူညီကယ်ဆယ် ထောက်ပံ့ပေးခြင်းများသည် ပြည်သူလူထုအပေါ် လက်တွေ့ပါသည့် **စည်းရုံးရေး ဆောင်ရွက်ပေးခြင်းပင်ဖြစ်**ကြောင်း၊ထိုသို့ **တပ်ပြင်စည်းရုံးရေးကိစ္စရပ်များဆောင်ရွက်ပေးခြင်းသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ အကျိုးစီးပွားများအတွက် ရေးရှုဆောင်ရွက်ရသည့်လုပ်ငန်းများဖြစ်သည့်အတွက် တပ်မတော်သား အမျိုးသမီးအရာရှိအားလုံးကလည်း အလေးထားဆောင်ရွက်သွားကြရန် မှာကြား**လိုကြောင်း။

စစ်အောင်ရခြင်းအကြောင်းတရားများ၏ အခြေခံသည် စစ်သည်တော်တိုင်း စိတ်ဓာတ် စည်းကမ်းကောင်းမွန်မှုနှင့်အမိန့်နာခံတတ်မှုပင်ဖြစ်ကြောင်း၊ တပ်မတော်တွင် စိတ်ဓာတ် စည်းကမ်းကောင်းမွန်မှုသည် ကျောရိုးဖြစ်သကဲ့သို့ အမိန့်နာခံတတ်မှုသည်လည်း စစ်သည်တော်ကောင်း တစ်ယောက်၏ ဂုဏ်ဒြပ်ပင်ဖြစ်ကြောင်း။

အဖွဲ့အစည်းတစ်ခု ခိုင်ခိုင်မာမာဖြင့် အဓွန့်ရှည်ကြာစွာ ရပ်တည်နေနိုင်ခြင်းသည် မှန်ကန်သည့်မူဝါဒ၊ တိကျခိုင်မာသည့် စည်းမျဉ်း၊ စည်းကမ်း၊ လိုက်နာစောင့်ထိန်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းလပြည့်ဝင်း၊ သေနတ်ပစ်အကောင်းဆုံးဆုရ ဗိုလ်လောင်းအေးသီတာ၊ စစ်ရေးပြအကောင်းဆုံးဆုရ ဗိုလ်လောင်းနန္ဒာကျော်နှင့် ကြံ့ခိုင်ရေးအကောင်းဆုံးဆုရ ဗိုလ်လောင်းအိဖြူမောင်တို့အားတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

အသီးသီးမှ ဘွဲ့ရရှိခဲ့ကြသူများဖြစ်ပြီး မိမိတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် တပ်မတော်အတွင်းသို့ ဝင်ရောက်လာသူများဖြစ်သည့်အတွက် ခံယူချက်များ အခြေခံအားဖြင့် ကောင်းမွန်ကြပြီးဖြစ်ကြောင်း။

သင်တန်းတက်ရောက်စဉ်ကာလအတွင်း ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်သန်မာမှုရှိစေရေးအတွက် **“ကျန်းမာကြံ့ခိုင်ရမည်၊ ကျွမ်းကျင်မှုရှိရမည်၊ ရဲစွမ်းသတ္တိရှိရမည်”** ဟူသည့် လေ့ကျင့်ရေးမူဝါဒများနှင့်အညီ စနစ်တကျ လေ့ကျင့်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းကသင်ကြားပေးလိုက်သည့် အတတ်ပညာများကို မမေ့မလျော့အောင်**“အမြဲတမ်းလေ့ကျင့်ရမည်၊ အမြဲတမ်းစစ်ရေးသတိရှိရမည်၊ အမြဲတမ်းတိုက်ပွဲဝင်အသင့်ဖြစ်ရမည်”**ဟူသည့် မြဲသုံးမြဲကို လက်ကိုင်ထားပြီး သင်တန်းကျောင်းတွင်သာမက တာဝန်ထမ်းဆောင်ချိန်များတွင်လည်း ပြန်လည်လေ့ကျင့်နေရန်လိုအပ်သကဲ့သို့ လက်တွေ့နယ်ပယ်တွင်လည်း ထိရောက်စွာအသုံးချကြရန် အလေးအနက်ထား မှာကြားလိုကြောင်း။

**မည်သည့် အဖွဲ့အစည်းတွင်မဆို ခေါင်းဆောင်များ၏ အခန်းကဏ္ဍသည်** **အရေးကြီးသည့်အတွက် မိမိအဖွဲ့အစည်းက အားကိုးရသည့် ခေါင်းဆောင်ကောင်းများ ဖြစ်စေရန်နှင့် မိမိအရည်အသွေးကို တိုးတက်အောင် အမြဲကြိုးစားဆောင်ရွက်နေကြရန်** လိုအပ်ကြောင်း၊**မှန်ကန်သည့်ခေါင်းဆောင်မှုပေးနိုင်ရေးအတွက် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသည့် အသိပညာ၊ အတတ်ပညာများကို မိမိကိုယ်တိုင် တတ်မြောက် ပြည့်စုံနေရမည်ဖြစ်သကဲ့သို့ တည်ကြည်ရိုးသားမှုနှင့် တော်တည့်ဖြောင့်မတ်သည့် ကိုယ်ကျင့်တရားမြင့်မားရန်လည်း လိုအပ်**ကြောင်း၊ ရဲရင့်ပြတ်သားသည့် ဆုံးဖြတ်ချက်၊ တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့်အတူ လက်အောက်ငယ်သားများအပေါ် အဂတိကင်းကင်းဖြင့် မှန်ကန်မျှတစွာ ကွပ်ကဲအုပ်ချုပ်သွားရမည်ဖြစ်ကြောင်း၊ အရာရှိငယ်များအဖြစ် စတင်တာဝန်ထမ်းဆောင်ရတော့မည့်သူများအနေဖြင့် မိမိဦးဆောင်သည့် အဖွဲ့အစည်းကို ပိုမိုကောင်းမွန်အောင်ကြိုးပမ်းတည်ဆောက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များအပြင် သမိုင်းကပေးအပ်လာသည့် အမျိုးသားနိုင်ငံရေးတာဝန်များကို



ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသည့် ဗိုလ်လောင်းများ၏ မိဘဆွေမျိုးများကို တွေ့ရစဉ်။

ပါ အောင်မြင်စွာထမ်းရွက်နိုင်ရေးအတွက် တပ်တွင်း၊ တပ်ပြင်စည်းလုံးညီညွတ်ရေးကို ခိုင်မာစွာ တည်ဆောက်ထားရန် လိုအပ်မည်

**ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့်** သဘာဝဘေး

ရမည့်ဥပဒေများနှင့် စနစ်တကျဖွဲ့စည်းလေ့ကျင့်ထားမှုများ ရှိခြင်းတို့ကြောင့်ပင်ဖြစ်ကြောင်း၊တပ်မတော်သည် လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုဖြစ်သောကြောင့် စည်းကမ်းလိုက်နာမှုနှင့် အမိန့်နာခံတတ်မှုများကို ခါးဝတ်ပုဆိုးပမာ မြဲမြံခိုင်ခံ့နေရမည်ဖြစ်ကြောင်း။

ထို့ကြောင့် တပ်မတော်သားများအနေဖြင့်လည်း စစ်သည်တော်ကျင့်ဝတ် အပါး ၆ဂ နှင့်အညီ နေထိုင်ကျင့်ကြံပြီး စစ်ဘက်နှင့် နယ်ဘက်ဆိုင်ရာ ဥပဒေများကိုသာမက နိုင်ငံတကာက လိုက်နာကျင့်သုံးနေကြသည့် ဂျီနီဗာကွန်ဗင်းရှင်းအပါအဝင် စစ်ပွဲဆိုင်ရာ ဥပဒေများနှင့်ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်းများကိုပါ လိုက်နာကြရမည်ဖြစ်ကြောင်း၊ စည်းကမ်းဆိုရာတွင် လိုက်နာလုပ်ဆောင်ရန်တိုက်တွန်းချက်စည်းကမ်းနှင့် ရှောင်ကြဉ်ရန် သတ်မှတ်ထားသည့်တားမြစ်ချက်စည်းကမ်းဟူ၍ နှစ်မျိုးသာရှိကြောင်း၊ ချမှတ်ထားသည့်စည်းကမ်းများကို အသိတရားဖြင့် လိုက်နာစောင့်ထိန်းတတ်သည့် နိုင်ငံကြီးသားအလေ့အကျင့်ကောင်းများ ကိန်းအောင်းလာစေရန် ကျင့်ကြံဆောင်ရွက်ပြီး ပေးအပ်လာသည့်တာဝန်များကို **စာမျက်နှာ ၁၈ သို့**

စာမျက်နှာ ၁၇ မှအဆက်

ကျေပွန်အောင် ထမ်းဆောင်ကြရန် အလေးထားမှာကြားလိုကြောင်း။

“ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး” ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ပန်ဆင်ပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးတို့အတွက် မိမိကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်သွားကြရန်၊အမျိုးသမီး စစ်မှုထမ်းများ၏ ကောင်းမွန်သည့်သမိုင်း အစဉ်အလာများကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားကြရမည်ဖြစ်သည့်အပြင် ပိုမိုကောင်းမွန်သည့် သမိုင်းမှတ်တိုင်များကို စိုက်ထူနိုင်အောင်လည်း ဆက်လက် ကြိုးပမ်းသွားကြရန်၊ ခေါင်းဆောင်မှု အင်္ဂါရပ် ၁၆ ချက်ကို တိတိကျကျ လိုက်နာကာ အထက်ကယုံကြည်စိတ်ချရပြီး လက်အောက်ကလေးစားအားထားရသည့် ထူးချွန်ထက်မြက်သည့် ခေါင်းဆောင်ကောင်းများ ဖြစ်အောင်၊ နိုင်ငံတော်နှင့် တပ်မတော်က အားကိုးအားထားပြုရသည့် အမျိုးသမီးအရာရှိကောင်းများဖြစ်အောင် ကြိုးစားသွားကြရန်၊ တပ်တွင်း၊ တပ်ပြင် စည်းရုံးရေးလုပ်ငန်းများကို ကျစ်လျစ်ခိုင်မာအောင် ညီညွတ်မျှတသော အုပ်ချုပ်ရေးစနစ်နှင့် မှန်ကန်သော ဆုံးဖြတ်ချက်များချမှတ်ပြီး ရေပက်မဝင်သော စည်းရုံးရေးဖြစ်အောင် ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် ကျောင်းဆင်း ဗိုလ်လောင်းတပ်ခွဲ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း (မှော်ဘီ)ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆု ရရှိကြသူများဖြစ်သည့် အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းလပြည့်ဝင်း၊ သေနတ်ပစ် အကောင်းဆုံးဆုရ ဗိုလ်လောင်း အေးသီတာ၊ စစ်ရေးပြအကောင်းဆုံးဆုရ ဗိုလ်လောင်းနန္ဒာကျော်နှင့် ကြံ့ခိုင်ရေး အကောင်းဆုံးဆုရ ဗိုလ်လောင်း အိဖြူမောင်တို့အားတွေ့ဆုံ၍ ဂုဏ်ပြု အမှာစကားပြောကြားသည်။

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ထူးချွန်ဆုများရရှိခဲ့ကြသဖြင့် မိဘများနှင့် ထပ်တူဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် သင်တန်းကာလ တစ်လျှောက်စဉ်ဆက်မပြတ် ကြိုးစားအားထုတ်မှုနှင့် မိမိကိုယ်ကို ထိန်းသိမ်းဆောင်ရွက်တတ်သည့် အခြေခံကောင်းများကိုလည်း ဘဝတစ်လျှောက်လုံး ဆက်လက် ထိန်းသိမ်းသွားကြရန်လိုကြောင်း၊ ယခုဗိုလ်လောင်းသင်တန်း မတက်ရောက်မီ တက္ကသိုလ်ပညာ၊ဘွဲ့လွန်ပညာတို့ကို အသီးသီးဆည်းပူးလေ့လာ အောင်မြင်ခဲ့ကြပြီးဖြစ်သဖြင့် အတွေးအခေါ် ပိုင်းနှင့် လူနေမှုပုံစံများကိုလေ့လာခဲ့ကြရပြီးအရည်အချင်းနှင့် အတွေ့အကြုံများရှိပြီးဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်တန်း အောင်မြင်ရန်နှင့်တက္ကသိုလ်ပညာ၊ ဘွဲ့လွန်ပညာများကို အောင်မြင်ရန် ကြိုးစားခဲ့ကြရပြီး ယခုဗိုလ်လောင်းသင်တန်း တက်ရောက်ခဲ့ရာတွင်လည်း ကြိုးစားအားထုတ်မှုရလဒ်များကြောင့် ထူးချွန်စွာ အောင်မြင်ပြီး အမျိုးသမီးအရာရှိများ အဖြစ်သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း။

ငယ်စဉ်ကလေးဘဝမှ ယခုအချိန်အထိ ကျွေးမွေးစောင့်ရှောက်ထိန်းသိမ်းသွန်သင်ပေးခဲ့သည့် မိဘဆရာသမားများ၏ ကျေးဇူးကိုမမေ့ရန်နှင့် မိသားစုက ဂုဏ်ယူရသည့်၊ နိုင်ငံတော်နှင့် တပ်မတော်ကအားထားရသည့် တပ်မတော်အရာရှိကောင်းများဖြစ်အောင် ကြိုးစားသွားကြရန်လိုကြောင်း၊ မိမိတို့တွင်ရှိပြီးဖြစ်သည့် အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်း၍ မိမိဘဝတိုးတက်အောင်၊ မိမိရည်မှန်းချက်များ မပျောက်ပျက်ရအောင် ဆက်လက်ကြိုးစား အားထုတ်သွားရန်လိုကြောင်းနှင့် မိမိတို့တာဝန်ကျသည့်မည်သည့်နယ်ပယ်တွင်မဆို တိုင်းပြည်ကောင်းရာကောင်းကျိုးကို အကျိုးပြုနိုင်သူများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**မှန်ကန်သည့်ခေါင်းဆောင်မှုပေးနိုင်ရေးအတွက် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသည့် အသိပညာ၊ အတတ်ပညာများကို မိမိကိုယ်တိုင်တတ်မြောက် ပြည့်စုံနေရမည်ဖြစ်သကဲ့သို့ တည်ကြည်ရိုးသားမှုနှင့် တော်တည့်ဖြောင့်မတ်သည့် ကိုယ်ကျင့်တရားမြင့်မားရန်လည်း လိုအပ်. . .**

**အခြေခံကျသည့် တပ်တွင်းစည်းလုံးရေးကို ခိုင်မာအောင်တည်ဆောက်ကြရမည်ဖြစ်သကဲ့သို့ တစ်ဖက်ကလည်း လက်တွေ့ဆန်သည့်တပ်ပြင်စည်းရုံးရေးကို တိုးမြှင့်ဆောင်ရွက်သွားကြရန်လို၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်များတွင် ကူညီကယ်ဆယ်ထောက်ပံ့ပေးခြင်းများသည် ပြည်သူလူထုအပေါ် လက်တွေ့ပါသည့် စည်းရုံးရေးဆောင်ရွက်ပေးခြင်းပင်ဖြစ်၊ တပ်ပြင်စည်းရုံးရေးကိစ္စရပ်များ ဆောင်ရွက်ပေးခြင်းသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ အကျိုးစီးပွားများအတွက် ရှေးရှုဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်သည့်အတွက် တပ်မတော်သား အမျိုးသမီးအရာရှိအားလုံးက အလေးထားဆောင်ရွက်. . .**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၃

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မော်ဘီ)ရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မော်ဘီ) ကျောင်းအုပ်ကြီးနှင့် မော်ဘီတပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်းအမျိုးသမီးအရာရှိများကို တစ်ဦးချင်းရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအမျိုးသမီး အရာရှိများ၊ ညစာစားပွဲတက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မော်ဘီ) ဂုဏ်ပြုစစ်တီးဝိုင်းတပ်ခွဲ၏ ဂုဏ်ပြုတီးမှုတ်မှုကို ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် သင်တန်းဆင်းအမျိုးသမီးအရာရှိများနှင့် အတူ မြဝတီသဘင်ဆောင်၌ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ မြဝတီတေးဂီတအဖွဲ့၏တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သင်တန်းဆင်း အမျိုးသမီး အရာရှိများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။








နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များက ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မော်ဘီ) ဂုဏ်ပြုစစ်တီးဝိုင်းတပ်ခွဲ၏ ဂုဏ်ပြုတီးမှုတ်မှုကို ကြည့်ရှုအားပေးစဉ်။



တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မော်ဘီ) ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၁) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဝိစာရလမ်း မြေအောက်လမ်းကူးလူသွားဥမင်(Underpass) တည်ဆောက်ခဲ့မှုနှင့်ပတ်သက်သည့် Video Clipကို ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက မြေအောက်လမ်းကူးလူသွားဥမင်(Underpass) ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်အား ဂါရဝပြုပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ခဲ့သည့် ပန်းဖွားအကအဖွဲ့အတွက် ချီးမြှင့်ငွေပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြေအောက်လမ်းကူးလူသွားဥမင်(Underpass) တည်ဆောက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစဉ်။

☆ **ကျောဖုံးမှအဆက်**

ဖွင့်ပွဲအခမ်းအနားပြုလုပ်မည့် နေရာသို့ ရောက်ရှိကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မြို့တော်ဝန် ဦးဗိုလ်ငွေးက မြေအောက်လမ်းကူးလူသွားဥမင်(Underpass) တည်ဆောက်ခဲ့သည့် ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ မြန်မာနိုင်ငံသား အင်ဂျင်နီယာပညာရှင်များဖြင့် တည်ဆောက်ခဲ့မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ဦးဝိစာရလမ်း မြေအောက်လမ်းကူးလူသွားဥမင်(Underpass) တည်ဆောက်ခဲ့မှုနှင့်ပတ်သက်သည့် Video Clip ကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက မြေအောက်လမ်းကူးလူသွားဥမင်(Underpass) ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က Underpass တည်ဆောက်ရေးလုပ်ငန်းတွင် ပါဝင်ခဲ့သည့် အင်ဂျင်နီယာများကို အမှတ်တရဂုဏ်ပြုလက်ဆောင် ပေးအပ်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် မြို့တော်ဝန်တို့က မြေအောက်လမ်းကူးလူသွားဥမင်(Underpass)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြေအောက်လမ်းကူးလူသွားဥမင် (Underpass) အဆောက်အအုံဝင်ပေါက်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ခဲ့သည့် ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များအတွက် ချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြေအောက်လမ်းကူးလူသွားဥမင် တည်ဆောက်ခဲ့မှုမှတ်တမ်းဓာတ်ပုံများနှင့် လူသွားဥမင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါ မြေအောက်လမ်းကူးလူသွားဥမင်နေရာသည် ရွှေတိဂုံစေတီတော်သို့ ဝင်ရောက်ဖူးမြော်မှု များပြားသည့်နေရာတစ်ခုဖြစ်သဖြင့် ဘုရားဖူးလာပြည်သူများ စိတ်ချမ်းသာစွာဖြင့် **စာမျက်နှာ ၂၁ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြေအောက်လမ်းကူးလူသွားဥမင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**မြေအောက်လမ်းကူးလူသွားဥမင် (Underpass) အမျိုးအစားဖြစ်ပြီး ပင်မဥမင်အမြင့် ၁၁ ပေ၊ အကျယ် ၂၃ ပေ၊ ဥမင်အလျား စုစုပေါင်း ၄၆၁ ပေရှိပြီး ဝင်ပေါက်၊ ထွက်ပေါက် လေးခုပါဝင်ကာ တစ်နာရီလျှင် လူဦးရေ ၁၄၀၀၀ ခန့် ဖြတ်သန်းသွားလာနိုင်မည်ဖြစ်...**

**မြေအောက်လမ်းကူးလူသွားဥမင် (Underpass) အတွင်း ရွေ့လျားစက်လှေကား လေးစင်း၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ အသုံးပြုရန် ဓာတ်လှေကား နှစ်စင်း ထည့်သွင်းတည်ဆောက်ထားခြင်းကြောင့် သက်ကြီးရွယ်အိုများအတွက်လည်း အဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်မည်ဖြစ်...**

**စာမျက်နှာ ၂၀ မှအဆက်**

ရွှေတိဂုံစေတီတော်နှင့် ပြည်သူ့ရင်ပြင်သို့ ပြည်သူများသွားရောက်ရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းပြီး သက်သောင့်သက်သာဖြတ်သန်းသွားလာနိုင်စေရန်နှင့် ခေတ်မီ အခြေခံအဆောက်အအုံတစ်ခု ထပ်မံပေါ်ပေါက်လာစေရန် ရည်ရွယ်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် စတင် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မြေအောက် လမ်းကူးလူသွားဥမင် (Underpass)အမျိုးအစားဖြစ်ပြီး ပင်မဥမင်အမြင့် ၁၁ ပေ၊ အကျယ် ၂၃ ပေ၊ ဥမင်အလျား စုစုပေါင်း ၄၆၁ ပေရှိပြီး ဝင်ပေါက်၊ ထွက်ပေါက် လေးခုပါဝင်ကာ တစ်နာရီလျှင် လူဦးရေ ၁၄၀၀၀ ခန့် ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း၊ မြေအောက်လမ်းကူးလူသွားဥမင်(Underpass)အတွင်း ရွေ့လျားစက်လှေကား လေးစင်း၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ အသုံးပြုရန် ဓာတ်လှေကား နှစ်စင်း ထည့်သွင်းတည်ဆောက်ထားခြင်းကြောင့် သက်ကြီးရွယ်အိုများအတွက်လည်း အဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မြေအောက်လမ်းကူးလူသွားဥမင်ဖွင့်လှစ်ခဲ့ခြင်းကြောင့် အများပြည်သူများ၊ ဘုရားဖူးလာပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာနိုင်မည်ဖြစ်ပြီး ဦးဝိစာရလမ်းပေါ်၌ ဖြတ်သန်းသွားလာလျက်ရှိသည့် မော်တော်ယာဉ်များအနေဖြင့်လည်း ယာဉ်ကြောပိတ်ဆို့မှုကို အထိုက်အလျောက်လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်ခဲ့သည့် မြေအောက်လမ်းကူးလူသွားဥမင် (Underpass)သည် အများပြည်သူများအတွက် အကျိုးကျေးဇူးများစွာရရှိနိုင်သော အဆောက်အအုံဖြစ်ရုံသာမက ရန်ကုန်မြို့၏ တိုးတက်သောမြို့အင်္ဂါ ပြယုဂ်တစ်ခုလည်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁) သင်တန်းဆင်းဗိုလ်လောင်းများကို ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) မြဝတီခန်းမ၌ ကျင်းပရာ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်တိုးဝင်းနှင့် ကျောင်းဆင်းဗိုလ်လောင်းများ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်၊ တပ်မတော်အရာရှိကြီးများနှင့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူကြပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က ကျောင်းဆင်းဗိုလ်လောင်း တစ်ဦးချင်းစီကို ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်သည်။

ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်ပြီးနောက် စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်က အမှာစကားပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းသည်။

ယနေ့ကျင်းပပြုလုပ်သည့် ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်းအခမ်းအနားတွင် ကျောင်းဆင်းဘွဲ့ရ အမျိုးသမီးဗိုလ်လောင်းများကို ဒုတိယဗိုလ်အဆင့်ဖြင့် ရာထူးခန့်အပ်ပေးအပ်ခြင်းဖြစ်သည်။ ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းကို တပ်မတော်အတွက် အရည်အချင်းပြည့်ဝသည့် ဦးစီးအရာရှိများ မွေးထုတ်ပေးရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)၌ ၂၀၁၄ ခုနှစ်မှ စတင်ဖွင့်လှစ်သင်ကြားခဲ့ပြီး ယခုအခါ ဘွဲ့ရအမျိုးသမီးဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၁၁)အထိ လေ့ကျင့်မွေးထုတ် ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် သင်တန်းဆင်း အမျိုးသမီးအရာရှိများ အနေဖြင့် သက်ဆိုင်ရာ(ကြည်း၊ ရေ၊ လေ) လက်ရုံးတပ်ဖွဲ့များတွင် အသီးသီးတာဝန်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင် ကျောင်းဆင်းဗိုလ်လောင်း တစ်ဦးချင်းစီကို ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်စဉ်။

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတိမှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ် (Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင် ဗီဇာများ ရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန် ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့် မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနိုးဆော်အပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မြန်မာ့တပ်မတော်စစ်တီးဝိုင်းအဖွဲ့ ဗီယက်နမ်နိုင်ငံ၌ ပြုလုပ်သည့် နိုင်ငံတကာတပ်မတော်များ၏ တေးဂီတဖလှယ်ရေးအစီအစဉ်-၂၀၂၄ အခမ်းအနားသို့တက်ရောက်



နိုင်ငံတကာတပ်မတော်များ၏ တေးဂီတဖလှယ်ရေးအစီအစဉ်-၂၀၂၄ အခမ်းအနားတွင် မြန်မာ့တပ်မတော်စစ်တီးဝိုင်းအဖွဲ့ တီးမှုတ်ဖျော်ဖြေစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ဗီယက်နမ်နိုင်ငံ ဟန္ဓိုင်းမြို့တွင် ကျင်းပမည့် နိုင်ငံတကာတပ်မတော်များ၏ တေးဂီတဖလှယ်ရေးအစီအစဉ် (Military Music Exchange–2024)သို့ ဝင်ရောက်ဖျော်ဖြေရန် မြန်မာ့တပ်မတော်မှ ဗိုလ်မှူးချုပ်တင်ဇော်လတ် ဦးဆောင်သည့် စစ်တီးဝိုင်းအဖွဲ့သည် ဒီဇင်ဘာ ၁၄ ရက်နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှထွက်ခွာရာ တာဝန်ရှိသူများက လိုက်ပါပို့ဆောင်ပေးကြသည်။

အဆိုပါ နိုင်ငံတကာတပ်မတော်များ၏ တေးဂီတဖလှယ်ရေးအစီအစဉ် ၂၀၂၄ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက် ညပိုင်းတွင် ဗီယက်နမ်နိုင်ငံ ဟန္ဓိုင်းမြို့ရှိ Imperial Citadel of Thang Long ၌ ကျင်းပပြုလုပ်ရာ ဗီယက်နမ်ပြည်သူ့တပ်မတော်မှ ဗိုလ်ချုပ်ကြီး Nguyen Tan Cuong (Member of the.PartyCenetral Committee၊ Member of the Central Military Commissioni၊ Chief of the General Staff of the Vietnam People's Army၊ Deputy of Minister of National Defence)က အဖွင့်အမှာစကားပြောကြားကာ အခမ်းအနားကိုဖွင့်လှစ်ခဲ့ပြီး အခမ်းအနားတွင် မြန်မာ့တပ်မတော်စစ်တီးဝိုင်းအဖွဲ့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ လေးရှားနိုင်ငံနှင့် အိမ်ရှင်ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ စစ်တီးဝိုင်းအဖွဲ့ ၁၁ ဖွဲ့နှင့်အတူ တက်ရောက်ခဲ့သည်။ မြန်မာ့တပ်မတော်စစ်တီးဝိုင်းအဖွဲ့သည် Imperial Citadel of Thang Long ခံတပ်တွင် အောင်လံဝေဝေ (ကြည်း၊ ရေ၊ လေ)၊ အောင်လံလွှင့်မယ့် ဒို့တပ်မတော်စစ်ချီသီချင်း၊ မြန်မာပြည်သား၊ Hat Mai KhucQuanHanh ဗီယက်နမ်စစ်သီချင်းတို့ဖြင့် တီးမှုတ်ဖျော်ဖြေခဲ့သည်။



မြန်မာ့တပ်မတော်စစ်တီးဝိုင်းအဖွဲ့၏ တီးမှုတ်ဖျော်ဖြေမှုကို ဗီယက်နမ်ပြည်သူများက တစ်ခဲနက်ကြည့်ရှုအားပေးစဉ်။

ထို့နောက်ကျန်အဖွဲ့များနှင့်အတူ ခံတပ်က သတ်မှတ်ပေးထားသောလမ်းကြောင်းအတိုင်း လီနင်ရုပ်တုသို့ အထက်ပါ စစ်ချီသီချင်းများဖြင့် ချီတက်ဖျော်ဖြေရာ ဗီယက်နမ်ပြည်သူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

မြန်မာ့တပ်မတော် စစ်တီးဝိုင်းအဖွဲ့သည် ဒီဇင်ဘာ ၂၀ ရက်တွင် ဟန္ဓိုင်းမြို့ Long Bein ခရိုင် Gai Lam Airport ၌ ပြုလုပ်သည့် ဗီယက်နမ်နိုင်ငံတကာကာကွယ်ရေးပြပွဲ (Vietnem Defence Expo 2024)တွင် နိုင်ငံတကာမှ စစ်တီးဝိုင်းအဖွဲ့ ငါးဖွဲ့၊ အိမ်ရှင်ဗီယက်နမ်ပြည်သူ့တပ်မတော်မှ စစ်တီးဝိုင်းအဖွဲ့ ခြောက်ဖွဲ့နှင့်အတူ ဖျော်ဖြေတင်ဆက်ခဲ့သည်။ ထို့ပြင် မြန်မာ့တပ်မတော်စစ်တီးဝိုင်းအဖွဲ့သည် ညပိုင်းတွင် ဟန္ဓိုင်းမြို့လယ်ရှိ Sword Lake ရေကန်ပတ်လမ်းတစ်လျှောက်တွင် ဖိတ်ကြားထားသော နိုင်ငံတကာမှ စစ်တီးဝိုင်းအဖွဲ့များနှင့်အတူ လမ်းလျှောက်ချီတက်ကာ သတ်မှတ်ပေးထားသောနေရာလေးနေရာတွင် အောင်လံဝေဝေ (ကြည်း၊ ရေ၊လေ)၊ အောင်လံလွှင့်မယ့် ဒို့တပ်မတော်စစ်ချီသီချင်း၊ မြန်မာပြည် သား၊ The Ballad of Ho Chi Minh Hat Mai KhucQuanHanh ဗီယက်နမ်စစ်သီချင်းတို့ဖြင့် သီဆိုဖျော်ဖြေခဲ့ရာ ပြည်သူများမှ တစ်ခဲနက်လိုက်လံသီဆိုအားပေးခဲ့ကြသည်။



မြန်မာ့တပ်မတော်စစ်တီးဝိုင်းအဖွဲ့၏ တီးမှုတ်ဖျော်ဖြေမှုကို ဗီယက်နမ်ပြည်သူများက တစ်ခဲနက်ကြည့်ရှုအားပေးစဉ်။

ဒီဇင်ဘာ၂၂ ရက် ညပိုင်းတွင် ဟန္ဓိုင်းမြို့ရှိ Military History Museum ၌ နိုင်ငံတကာတပ်မတော်များ၏ တေးဂီတဖလှယ်ရေးအစီအစဉ် ၂၀၂၄ ပိတ်ပွဲအခမ်းအနားကိုပြုလုပ်ရာ မြန်မာ့တပ်မတော်စစ်တီးဝိုင်းအဖွဲ့သည် နိုင်ငံတကာတပ်မတော်များမှ စစ်တီးဝိုင်းအဖွဲ့များနှင့် ဗီယက်နမ်ပြည်သူ့တပ်မတော်မှ စစ်တီးဝိုင်းများနှင့်အတူ အောင်လံဝေဝေ (ကြည်း၊ ရေ၊ လေ)၊ အောင်လံလွှင့်မယ့် ဒို့တပ်မတော်စစ်ချီသီချင်း၊ စည်းလုံးချင်းအတွက် သီချင်းတစ်ပုဒ်၊ Hat Mai Khuc-QuanHanh ဗီယက်နမ်စစ်သီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ပြီး ဗီယက်နမ်ပြည်သူ့တပ်မတော်မှ ဒုတိယဗိုလ်ချုပ်ကြီး Nguy-en Van Nghia (Deputy Cheif of the General Staff of the Vietnam People's Army၊Head of the Organization Com-mitte of the Military Music Exchange) ကပိတ်ပွဲအခမ်းအနား မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို ပိတ်သိမ်းခဲ့သည်။

နိုင်ငံတကာ တေးဂီတဖလှယ်ရေးအစီအစဉ် (Military Music Exchange –2024)သို့ ဝင်ရောက်ဖျော်ဖြေခဲ့သော မြန်မာ့တပ်မတော်မှ ဗိုလ်မှူးချုပ်တင်ဇော်လတ် ဦးဆောင်သည့် စစ်တီးဝိုင်းအဖွဲ့သည် ဗီယက်နမ်နိုင်ငံ ဟန္ဓိုင်းမြို့ရှိ နိုဘိုင်း အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၅၀ တွင် ပြန်လည်ထွက်ခွာလာရာ မြန်မာနိုင်ငံဆိုင်ရာ (ကြည်း၊ ရေ၊ လေ) စစ်သံမှူး ဗိုလ်မှူးချုပ်မြင့်ထွန်းနိုင်နှင့် အဖွဲ့ဝင်များက လိုက်လံပို့ဆောင်နှုတ်ဆက်ကြပြီး မြန်မာနိုင်ငံ နေပြည်တော်လေဆိပ်သို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## တပ်မတော်(ရေ)

➤ ၁၉၄၇ ခုနှစ်
ထုဆစ်ခဲ့ကမွည်းစာ
ဒီဇင်ဘာ ၂၄
ရေးထိုးခဲ့တာ၊
သမိုင်းဖွဲ့အစဉ်အလာ
ယခုအခါ ၇၇ ခုနှစ်..။
ပြည်အကျိုး
သယ်ပိုးကာရှုမငြီးခဲ့ပါဘူး
ဖွဲ့စည်းကာစွမ်းရည်သစ်တွေနဲ့
ပြည်ချစ်ကာတာဝန်ထမ်း
ပွင့်လန်းဂုဏ်တင့်..။

➤ ခေတ်မီစွာစွမ်းအင်တိုး
နိုးကြားခဲ့ ရင်မကွာ၊
မြတ်မွေအစဉ်ထိန်း
မယိမ်းစေရာ၊
စိတ်ဓာတ်နဲ့စည်းကမ်းဖြာ
အဏ္ဏဝါခရီးလမ်း..။
မုန်တိုင်းဘယ်လိုညံလဲ
လေပြင်းဘယ်လိုထန်လဲ
ဖွဲ့အားမာန် သတ္တိသွေးတွေနဲ့
ထွေးဖွဲ့ပြုံးပန်း..။

➤ တပ်မတော်(ရေ)ကမွည်းသစ်
ဖွင့်လှစ်ခဲ့ဂုဏ်ရည်
ပြည်သူကမွေးဖွား
ပြည်သူ့သားပီပီ
တာဝန်ကျေအားသွန်ထမ်း
စိတ်ဝမ်းညီညီ
ဒို့တိုင်းပြည် အစွန့်တည်
ရဲဝင့်ညီကြည်ဖြူလှမ်း..။
နှလုံးသားအဓိဋ္ဌာန်တွေနဲ့
ဒို့နိုင်ငံပြည်သာရေးကိုဖြင့်
မြော်တွေးကာမပျက်မယွင်းပါဘဲ
သက်စွန့်ကြိုးပမ်း..။ ။

**(၇၇)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့သို့**

**ဒွေးကျော်ဦး**

# "ရှေ့သို့ ချီတက်၊ အောင်ပွဲ ဆက်စေ၊ တပ်မတော်(ရေ)"

ရဲလွင်(တိုင်းတာရေး)

အမိတပ်မတော်(ရေ)၏ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့သို့ ရောက်ပြန်ခဲ့လေပြီ။ တပ်မတော်၏ အမျိုးသားနိုင်ငံရေးခံယူချက်ဖြစ်သော ဒို့တာဝန် အရေးသုံးပါးကို ဦးလည်မသုန် ခံယူကျင့်သုံးကာ သစ္စာလေးချက်ကို ရင်ဝယ်သံမှို့နှက်သကဲ့သို့ ပေးအပ်သော အမိန့်နှင့်တာဝန်များကို ဦးဆွေးဆံမြည့်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်(ရေ)ကား ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် ၇၇ နှစ်သက်တမ်းတိုင်ခဲ့လေပြီ။

တပ်မတော်(ရေ)သည် မြန်မာ့ပင်လယ်ပြင် သီးသန့်စီးပွားရေးဇုန်ထိ အပြည့်အဝကာကွယ်နိုင်သော သုံးဖက်မြင်စစ်ဆင်နိုင်စွမ်းရှိသည့် တိုက်ပွဲဝင်အသင့်ရေတပ် (Three Dimensional Combat Ready Navy)အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီး ရှေ့သို့ အခိုင်အမာဆက်လက်ချီတက်လျက်ရှိ၏။ ထို့ပြင် နိုင်ငံတော်ကို ပင်လယ်ပြင်မှရှေ့တန်းကျကျကာကွယ်ရောက်ရှိခဲ့ကြောင်းသိရှိရ၏။ပုဂံခေတ်တွင် အလောင်းစည်သူမင်းသည် ပုသိမ်သင်္ဘောဆိပ်မှတစ်ဆင့် သီဟိုဠ်ကျွန်းနှင့် မလေးကျွန်းဆွယ်များသို့ တိုင်းခန်းလှည့်လည်ခဲ့ကြောင်း၊ နရပတိစည်သူမင်းလက်ထက်တွင် သံဃာတော်များ သီဟိုဠ်ကျွန်းနှင့် အဆက်အဆံမပြတ်ခဲ့ကြောင်း အထင်အရှားတွေ့ရှိရ၏။ ၁၈ ရာစု ကုန်းဘောင်မင်းဆက် ရတနာပုံခေတ်တွင် ရေတပ်ကို ရာထူးဌာနန္တရ၊ ဂုဏ်ထူးအဆောင်အယောင်များဖြင့် စနစ်တကျဖွဲ့စည်းနိုင်ခဲ့ရာ သာယာဝတီမင်းလက်ထက်သာယာဝတီ-ဒဂုံရေကြောင်းချီစစ်သည် မြန်မာ့ရေတပ်၏အရည်အသွေးကို အထင်အရှားထုတ်ဖော်ပြသလျက် မှတ်ကျောက်တင်နိုင်ခဲ့၏။ အေဒီ ၁၈၇၁ ခုနှစ်တွင် မြန်မာ့ရေယာဉ်တည်ဆောက်ရေးဗိသုကာ "ဆရာရှမ်း" တည်ဆောက်ခဲ့သော အမြောက် ၁၄ လက်ပါရေနွေးငွေ့စက်တပ်တိုက်သင်္ဘောရေချနိုင်ခဲ့ခြင်းမှာ မြန်မာ့ရေယာဉ်တည်ဆောက်မှုသမိုင်းအတွက် တိုက်ခိုက်ခဲ့သော မုတ္တမတိုက်ပွဲသည် ထင်ရှားခဲ့၏။ ထို့ပြင် သမိုင်းတွင်ထင်ရှားခဲ့သော ဘုရင့်နောင်ကျော်ထင်နော်ရထာ၏ နောင်ရိုးတိုက်ပွဲသည် မြစ်၊ ချောင်းကို အခြေခံလျက် စိတ်ဓာတ်ခိုင်မာပြတ်သားမှု၊ ကြံရည်ဖန်ရည်နှင့် လုံ့လအရဲအစွမ်းကို မှတ်ကျောက်တင်သော ရေကြောင်းတိုက်ပွဲတစ်ခုဖြစ်၏။ အလားတူ ကုန်းဘောင်ခေတ်အင်းဝတိုက်ပွဲ၊ သန်လျင်တိုက်ပွဲ၊ ဒေါပုံတိုက်ပွဲတို့သည်လည်း မြန်မာ့သမိုင်းဝင်ထင်ရှားသော ရေကြောင်းတိုက်ပွဲများဖြစ်ခဲ့၏။

ထိုသို့ သမိုင်းအစဉ်အလာကောင်းခဲ့သော မြန်မာ့ရေတပ်သည် နယ်ချဲ့ဗြိတိသျှတို့၏ မတရားကျူးကျော်စစ်သုံးကြိမ်ကြောင့် လွတ်လပ်ရေးဆုံးရှုံးမှုနှင့်အတူ တိမ်မြုပ်ပျောက်ကွယ်ခဲ့ရ၏။ ကိုလိုနီခေတ် မြန်မာ့ကမ်းရိုးတန်းရေပြင်ကာကွယ်ရေးကို ဗြိတိသျှတို့၏ အရှေ့အိန္ဒိယရေတပ်က တာဝန်ယူခဲ့ပြီး ၁၉၃၄ ခုနှစ် အောက်တိုဘာလတွင် အိန္ဒိယရေတပ်က လွှဲတို့ကို နှိမ်နင်းအောင်မြင်ခဲ့သည်ကို မမေ့နိုင်သည့်အတွက် အမည်ထင်ရှားစေရန် "စစ်ရေယာဉ် (မေယု)" ဟု အမည်ပြောင်းလဲလိုက်ကြောင်း၊ ထို့အတွက် မြန်မာလူမျိုးအနေဖြင့် မိမိဂုဏ်ယူကြောင်း ဗိုလ်ချုပ်အောင်ဆန်းက ထည့်သွင်းမိန့်ခွန်းပြောကြားခဲ့၏။ စစ်ရေယာဉ်(မေယု)လွှဲပြောင်းလက်ခံသည့် အခမ်းအနားတွင် ရေတပ်ထုံးတမ်းစဉ်လာအရ စစ်ရေယာဉ်ပိုင်ဆိုင်သောနိုင်ငံ၏ ရေတပ်အလံကို လွှင့်ထူရသည်ဖြစ်ရာ စစ်ရေယာဉ်ဦးပိုင်းအလံတိုင်မှ ဗြိတိသျှရေတပ်အလံကို လျှောချပြီး ဗမာပြည်ဘုရင့်အပျော်တမ်းအရန်ရေတပ်အလံကို လွှင့်တင်ခဲ့၏။မြန်မာ့လွတ်လပ်ရေးအကြို ရောင်နီဦးသည် မြန်မာ့တပ်မတော်(ရေ)စစ်ရေယာဉ်(မေယု)၌ စတင်ကွန့်မြူးခဲ့ပြီး မကြာမီ လွတ်လပ်ရေးရရှိမည့် အတိတ်ကောင်း၊နိမိတ်ကောင်းအဖြစ် မြန်မာတစ်မျိုးသားလုံး၊ မြန်မာတစ်နိုင်ငံလုံးက ဝမ်းမြောက်ဝမ်းသာမှတ်ယူကြိုဆိုကြကုန်၏။







ရေး၊ နိုင်ငံတော်၏ ရေကြောင်းအကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် ကြည်း၊ ရေ၊ လေ ပူးပေါင်းစစ်ဆင်နိုင်စွမ်းရှိရေးဆိုသည့် ရည်မှန်းချက်တာဝန်(၃)ရပ်ဖြင့်လည်း မမှိတ်မသုန် အားကောင်းမောင်းသန် ချီတက်လျက်ရှိလေ၏။

၁၉၄၇ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် စတင်ဖွဲ့စည်းခဲ့သော တပ်မတော်(ရေ)သည် ယခု ၇၇ နှစ်သက်တမ်းပြည့်မြောက်ခဲ့ပြီဖြစ်သော်လည်း အမှန်တကယ်စတင်တာဝန်ထမ်းဆောင်ခဲ့သောကာလမှာ ထို့ထက်စောခဲ့လေ၏။၁၉၄၁ ခုနှစ် ဒီဇင်ဘာ၂၇ ရက်၌ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် မြန်မာ့တပ်မတော်၏ အမြုတေ ဗမာ့လွတ်လပ်ရေးတပ်မတော် (Burma Independence Army – BIA)ကို မဖွဲ့စည်းမီကပင် ဗမာပြည်ဘုရင့်အပျော်တမ်းအရန်ရေတပ်(Burma Royal Naval Volunteer Reserve – BRNVR)သည် မွေးဖွားနှင့်ပြီးဖြစ်၏။ BRNVR ကို ၁၉၄၀ ပြည့်နှစ် ဇွန်လတွင် ဗြိတိသျှတို့က စတင်ဖွဲ့စည်းပေးခဲ့ခြင်းပင်။ ဗြိတိသျှတို့ဆုတ်ခွာသွားပြီးနောက် ဂျပန်တို့က ၁၉၄၂ ခုနှစ် ဇွန်လတွင် ဗမာ့လွတ်လပ်ရေးရေတပ်မတော် (Burma Independence Navy – BIN)ကိုဖွဲ့စည်းပေးခဲ့ရာ BRNVRနှင့် BIN သည် ယနေ့ တပ်မတော်(ရေ)မတိုင်မီကပင် အမြုတေရေတပ်များအဖြစ် သမိုင်းအစဉ်အလာကောင်းများကို ပိုင်ဆိုင်ခဲ့ပြီးဖြစ်လေ၏။

သမိုင်းအထောက်အထားများအရ ရှေးမြန်မာတို့သည် ဘာသာရေး၊ ယဉ်ကျေးမှု၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုတို့ကိုအခြေခံသော ပင်လယ်ရေကြောင်းသွားလာမှုနှင့်ရင်းနှီးကျွမ်းဝင်မှုရှိပြီးဖြစ်ကြ၏။ ၁၂ရာစုအစပိုင်းကပင် မြန်မာ့ရေကြောင်းသွားလာမှုအစပြုခဲ့ပြီး ၁၅ ရာစုအလယ်ပိုင်းတွင် မုတ္တမမှ ထုတ်လုပ်ခဲ့သော မုတ္တမစဉ့်အိုး(Martaban Jar)သည် အရှေ့တောင်အာရှနိုင်ငံများနှင့် အာရပ်နိုင်ငံများထိ ပျံ့နှံ့အထူးဂုဏ်ယူရမည့် သမိုင်းမှတ်တမ်းပင်ဖြစ်၏။

စစ်နှင့်သက်ဆိုင်သော စာပေများတွင် စစ်အင်္ဂါလေးပါးသည် အခြေခံဖြစ်၏။ ဆင်လည်းတစ်ပါး၊ မြင်းလည်းတစ်ပါး၊ ရထားလည်း တစ်ပါး၊ ခြေသည်လည်းတစ်ပါးဖြစ်သော စစ်အင်္ဂါလေးပါးသည်ပင် သေနင်္ဂမည်၏။ စစ်အင်္ဂါလေးပါးမှာ ပါဠိကျမ်း၊ သက္ကတကျမ်းများကို မှီကြောင်း၊ သို့သော် မြန်မာ့သမိုင်း၌ "ရထားတပ်"ဟူ၍ မရှိခဲ့ကြောင်း၊ ပါဠိကျမ်း၊ သက္ကတကျမ်းများတွင် "လှေသင်္ဘောတပ်(ရေတပ်)" ပါမြဲဖြစ်ကြောင်း လေ့လာသိရှိရ၏။

ရှေးမြန်မာမင်းများလက်ထက်က အမြဲတမ်းတပ်မတော်အဖြစ် ဖွဲ့စည်းခန့်အပ်ထားခြင်းမရှိဘဲ နိုင်ငံအတွက် လိုအပ်ချိန်မှသာ ဆင့်ခေါ်စစ်မှုထမ်းစေ၏။ ထိုသို့ဆင့်ခေါ်နိုင်ရန် ထောင်ပြုမြို့၊ ရာပြုမြို့၊ ဆယ်ပြုမြို့များခွဲခြားသတ်မှတ်ပေးထား၏။ ဖွဲ့စည်းပေါ်ပေါက်လာသော တပ်မတော်၌ ရာထူးခန့်အပ်ရာတွင်လည်း လုပ်ရည်ကြံရည်၊ အရည်အသွေးပေါ်မူတည်ပြီး ခန့်အပ်လေ့ရှိ၏။ "ခြေလျင် ၁၀ ပွဲရမှ မြင်းတင်၏၊ မြင်း ၁၀ ပွဲရမှ ဆင်သို့တင်၏၊ ဆင် ၁၀ ပွဲရမှ လှေသို့တင်၏၊ လှေ ၁၀ ပွဲရမှ မြို့ပြကံကျွေးပေးပြီး သူကောင်းပြု၏"ဟူသော မှတ်တမ်းများအရ လှေတပ်(ရေတပ်)သည် အရေးကြီးဆုံးနှင့်အခက်ခဲဆုံးအဆင့်ဖြစ်ပြီး အရည်အသွေးအပြည့်ဝဆုံးစစ်သည်တော်များဖြင့်ဖွဲ့စည်းထားကြောင်း လေ့လာတွေ့ရှိရ၏။

ရှေးမြန်မာဘုရင်များလက်ထက် မြန်မာ့ရေတပ်သည် တိုင်းတစ်ပါးကိုကျူးကျော်လိုသော ရည်ရွယ်ချက်ဖြင့် အခိုင်အမာဖွဲ့စည်းထားခြင်းမဟုတ်ဘဲ ပဒေသရာဇ်အချင်းချင်း အားပြိုင်ရန်အတွက်သာ အသုံးပြုခဲ့ကြ၏။ မြစ်၊ ချောင်းပေါများသော နိုင်ငံဖြစ်၍ မြစ်၊ ချောင်းများကို အခြေခံသော ရေကြောင်းတိုက်ပွဲများပေါ်ပေါက်ခဲ့၏။ မြန်မာသက္ကရာဇ် ၉၀၂ ခုနှစ်တွင် တပင်ရွှေထီးနှင့် မုတ္တမစား စောဗညားတို့ပြောင်းတာဝန်ယူခဲ့၏။ ၁၉၄၀ ပြည့်နှစ် BRNVR ကို စတင်ဖွဲ့စည်းခဲ့ရာ ဗြိတိသျှတော်ဝင်ရေတပ်မှ ဗိုလ်မှူးကြီးကေအက်စ်လိုင်းက တပ်မှူးကြီး၊ ဘုရင်ခံ Sir Reginald Dorman Smith က စစ်ဦးစီးဗိုလ်ချုပ်ကြီးအဖြစ် တာဝန်ယူခဲ့ကြ၏။

ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၂ ခုနှစ် ဂျပန်တို့ မြန်မာနိုင်ငံကို ကျူးကျော်တိုက်ခိုက်လာချိန်တွင် ဗြိတိသျှတို့ အိန္ဒိယသို့ဆုတ်ခွာရာ၌ BRNVR လည်း လိုက်ပါသွားခဲ့၏။ ဂျပန်တို့က BRNVR တပ်ဖွဲ့ဝင်ဟောင်းများကို စည်းရုံးပြီး ဗမာ့လွတ်လပ်ရေးရေတပ်မတော်(BIN)ကို ၁၉၄၂ ခုနှစ် ဇွန် ၂၀ ရက်တွင် ဖွဲ့စည်းပေးခဲ့၏။ ၁၉၄၅ ခုနှစ် နှစ်ဦးပိုင်းတွင် ဗြိတိသျှမဟာမိတ်တို့က မြန်မာ့မြေပေါ်ရှိဂျပန်တို့ကို တန်ပြန်တိုက်စစ်ဆင်နွှဲခဲ့ရာ BRNVR လည်း ပါဝင်တိုက်ခိုက်ခဲ့ပြီး ရခိုင်ပြည်နယ် မေယုမြစ်တစ်လျှောက် တပ်စွဲထားသော ဂျပန်တို့ကို ဗြိတိသျှနှင့်အတူ ရွပ်ရွပ်ချွံချွံ တိုက်ခိုက်မောင်းထုတ်ခဲ့၏။ ၁၉၄၅ ခုနှစ် မေ ၁၀ ရက်တွင် ဆိပ်ကမ်းကာကွယ်ရေးရေယာဉ် (Habour Defence Motor Launch–HDML) ကိုးစီးနှင့်အတူ ရန်ကုန်မြို့သို့ ရောက်ရှိခဲ့၏။

ဗြိတိသျှတို့က ဗမာပြည်ဘုရင့်အပျော်တမ်းအရန်ရေတပ်ကို အရာရှိ ၇၄ ဦး၊ အခြားအဆင့် ၇၆၃ ဦး၊ဖရီဂိတ်စစ်ရေယာဉ်တစ်စီး၊ HDML ၁၃ စီးတို့ဖြင့် အမြဲတမ်းရေတပ်မတော်ဖွဲ့စည်းရန် ဆောင်ရွက်ခဲ့၏။ ထို့ကြောင့် ၁၉၄၇ ခုနှစ် မေ ၂၅ ရက်တွင် ရန်ကုန်မြစ်လယ်၌ ဖရီဂိတ်စစ်ရေယာဉ် HMS Fal ကို ဗြိတိသျှရေတပ်မတော်မှ ဗမာပြည်ဘုရင့်အပျော်တမ်းအရန်ရေတပ်သို့ လွှဲပြောင်းပေးအပ်ခဲ့ရာ ထိုစဉ်က စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် တက်ရောက်လက်ခံခဲ့၏။ HMS Fal မှာ စစ်ကြီးအတွင်းက အမှုထမ်းဆောင်ခဲ့သည့်အပြင် ရခိုင်ပြည်နယ် မေယုမြစ်တစ်လျှောက် ဗမာ့တပ်မတော်သားများက ဂျပန်

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန် ရက်ပိုင်းအလို ၁၉၄၇ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် ဖွဲ့စည်းမိန့်အမှတ် (၄၂၄) (Burma Gazette, No. 424)ဖြင့် ဗမာပြည်ဘုရင့်အပျော်တမ်းအရန်ရေတပ်ကို "ဗမာ့ရေတပ်မတော်"အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့၏။ ရေတပ်ဦးစီးချုပ်အဖြစ် စစ်ရေယာဉ်(မေယု)၏ ပထမဦးဆုံးသော မြန်မာနိုင်ငံသား စစ်ရေယာဉ်မှူး ဒုတိယဗိုလ်မှူးကြီးခင်မောင်ဘိုက ဗြိတိသျှဗိုလ်မှူးကြီးကေအက်စ်လိုင်းထံမှ တာဝန်များလွှဲပြောင်း လက်ခံခဲ့၏။ လွတ်လပ်ရေးရရှိပြီး အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်ယူဝင့်ကြွားစွာရပ်တည်နိုင်မှုနှင့်အတူ အရာရှိ၊ စစ်သည်အင်အား၊ စစ်ရေယာဉ်အင်အား၊လက်နက်ခဲယမ်းအင်အားတို့ဖြင့် ကိုယ်ပိုင်ရပ်တည်နိုင်သော တပ်မတော်(ရေ)သည် အခိုင်အမာဖြစ်တည်ပေါ်ပေါက်လာခဲ့၏။

သို့သော် လွတ်လပ်ရေးနှင့်အပြိုင်ပေါ်ပေါက်လာသော ပြည်တွင်းလက်နက်ကိုင်ဆူပူသောင်းကျန်းမှုများကြောင့် တပ်မတော်(ရေ)သည် တပ်မတော်(ကြည်း၊လေ)တို့နှင့်အတူ နိုင်ငံလုံခြုံရေးနှင့်ပြည်သူလူထုကာကွယ်ရေးအတွက် လက်တွဲညီညီ ရှေ့တိုးချီခဲ့၏။ မြစ်ဝကျွန်းပေါ်တိုက်ပွဲများ၊ ရခိုင်ကမ်းရိုးတန်းတိုက်ပွဲများ၊ တနင်္သာရီကမ်းရိုးတန်းတိုက်ပွဲများ၌ မကြောက်မရွံ့နောက်မတွန့်စတမ်း ရွပ်ရွပ်ချွံချွံဆင်နွှဲခဲ့၏။ တစ်တိုင်းပြည်လုံး ပြည်တွင်းသောင်းကျန်းမှုများကြီးစိုးခဲ့သည့်အတွက် ရန်ကုန်အစိုးရဟု နိုင်ငံတကာက နှိမ့်ချဆက်ဆံခံခဲ့ရချိန်တွင် ရန်ကုန်မြို့ကို အပြီးသိမ်းပိုက်ရန်ဦးတည်ချီတက်လာသော သောင်းကျန်းသူများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်များအပြင် ဘီးတပ် ၄၀ မမအမြောက်များက မဆုတ်မနစ်စွမ်းစွမ်းတမံခုခံကာကွယ်ခဲ့ကြ၏။ တပ်မတော်(ရေ)၏ ကြောက်ခမန်းလိလိ တံမြက်စည်း၊ ရေဘီလူး၊ ရေသူရဲ၊

စာမျက်နှာ ၂၄ သို့

**စာမျက်နှာ ၂၃ မှအဆက်**

**❖ အောင်မြင်စွာဖြတ်ကျော်လာသော ၇၇ နှစ်တာ ကာလသက်တမ်းတစ်လျှောက် ရရှိခဲ့သည့် အတွေ့အကြုံ၊ အသိအမြင်များဖြင့် တပ်မတော်(ရေ)သည် ရေမြင့်၍ကြာတင့်ခဲ့လေပြီ။ ရင့်ကျက်တည်ငြိမ်သော၊ခေတ်မီဆန်းသစ်သော၊တိုးတက်ခိုင်မာသောအခြေအနေသို့ရောက်ရှိလာပြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်သော၊ ဒေသတွင်းရေတပ်များက ခန့်ညားလေးစားရသောတန်းဝင်တပ်မတော်(ရေ)အဖြစ် တက်လှမ်းနိုင်ခဲ့လေပြီ။**







ရေသဘက်အမည်တွင်သော ဘီးတပ်အမြောက်များသည် အကြမ်းဖက်သောင်းကျန်းသူတို့၏ ထိုးစစ်မှန်သမျှကို ရိုက်ချိုးချေမှုန်းလက်စတုံးနိုင်ခဲ့၏။ စစ်ရေယာဉ်(မေယု)မှ လေးလက်မအမြောက်ကြီး၏ တိကျထိရောက်သော ပစ်ကူပေးမှုသည် နာမည်ကျော်ခဲ့ပြီး အင်းစိန်၊ သန်လျင်ကျိုက်ခေါက်၊ ပုသိမ်၊ ကျောက်ဖြူနှင့် မော်လမြိုင်တိုက်ပွဲတို့တွင် သောင်းကျန်းသူများ ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရွံ့တုန်လှုပ်စေခဲ့၏။

တပ်မတော်(ရေ)သည် ပွဲဦးထွက်ကပင် ရန်ဆူးရန်ငြောင့်မှန်သမျှ အမှုန့်ချေပြခဲ့သည့်အပြင် အစဉ်အဆက် ပြည်သူ့အတွက်လျှင် ပေးဆပ်စွန့်စားအောင်ပွဲများကို ဝင့်ကြွားပိုင်ပိုင်ရယူနိုင်ခဲ့ပေ၏။ တပ်မတော်(ရေ) အရာရှိ၊ စစ်သည်များ၏ သက်စွန့်ကြိုးပမ်းတာဝန်ထမ်းဆောင်မှုများကြောင့် တပ်မတော်(ရေ) စတင်ဖွဲ့စည်းချိန်မှသည် ယနေ့ထိ သီဟသူရဘွဲ့ တစ်ဦး၊ သူရဘွဲ့ ၁၇ ဦး၊ သီဟဗလတံဆိပ် နှစ်ဦး၊ သူရဲကောင်းမှတ်တမ်းဝင် ဖ၈ ဦး၊ ပြည်သူ့သားကောင်းတံဆိပ် တစ်ဦး၊ စစ်သေနာပတိချုပ်၏ သူရဲကောင်းလက်မှတ် ၁၉ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ် ၄၁ ဦး၊တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ် ၁၅၁ ဦး ရရှိခဲ့သည်မှာ တပ်မတော်(ရေ)အတွက် ဂုဏ်ယူဖွယ်သမိုင်းမော်ကွန်းပင်ဖြစ်ပါ၏။

အောင်မြင်စွာဖြတ်ကျော်လာသော ၇၇ နှစ်တာ ကာလသက်တမ်းတစ်လျှောက် ရရှိခဲ့သည့် အတွေ့အကြုံ၊ အသိအမြင်များဖြင့် တပ်မတော်(ရေ)သည် ရေမြင့်၍ကြာတင့်ခဲ့လေပြီ။ ရင့်ကျက်တည်ငြိမ်သော၊ ခေတ်မီဆန်းသစ်သော၊ တိုးတက်ခိုင်မာသောအခြေအနေသို့ရောက်ရှိလာပြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်သော၊ဒေသတွင်းရေတပ်များက ခန့်ညားလေးစားရသော တန်းဝင်တပ်မတော်(ရေ)အဖြစ် တက်လှမ်းနိုင်ခဲ့လေပြီ။

ရေမိုင်ပေါင်း ၁၂၆၀ ရှည်လျားသောပင်လယ်ကမ်းရိုးတန်းနှင့် စတုရန်းရေမိုင်ပေါင်း တစ်သိန်းလေးသောင်းကျော်ကျယ်ဝန်းသော မြန်မာ့ပင်လယ်ပြင်၏ အဖိုးတန်သယံဇာတများကား ပေါကြွယ်ဝသည်ထက်ပိုလေ၏။ ထို့ပြင် မျက်မှောက်ခေတ်နိုင်ငံရေး၊စီးပွားရေး၊စစ်ရေးတွင် အဓိကကျသော အိန္ဒိယသမုဒ္ဒရာ၏ အစိတ်အပိုင်းဖြစ်သည့် ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်တို့၏ ထိန်းချုပ်မှတ်(Choke Point) နေရာတွင်လည်း တည်ရှိနေပြန်၏။မည်သည့်ရှုထောင့်က ကြည့်ကြည့် မြန်မာ့ပင်လယ်ပြင်သည် "ရွှေနိုင်ငံ၏ ရွှေပင်လယ်" အစစ်ပင်ဖြစ်ပါ၏။ တန်ဖိုးသိလေ တန်ဖိုးရှိလေပေပင်။

မြန်မာ့ရွှေပင်လယ်၏ တန်ဖိုးကြီးမားပုံကို အလေးထားသော တပ်မတော်အကြီးအကဲက တပ်မတော်(ရေ)၏ တိုက်စွမ်းအားများဖြစ်သော စစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်နိုင်ရန် လမ်းညွှန်မှုပြုခဲ့၏။ "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"ဟူသော ဆောင်ပုဒ်နှင့်အညီ တပ်မတော်(ရေ) ရေတပ်သင်္ဘောကျင်းဌာနချုပ်တွင် နိုင်ငံတကာစံချိန်စံညွှန်းမီစစ်ရေယာဉ်များကို ကိုယ်တိုင်ဒီဇိုင်းရေးဆွဲတည်ဆောက်စေခဲ့၏။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်ပံ့ပိုးဖြည့်ဆည်းပေးမှု၊တပ်မတော်(ရေ) အရာရှိ၊စစ်သည်များ၏ ကြိုးပမ်းအားထုတ်မှုတို့ကြောင့် အဆင့်အတန်းမီ စစ်ရေယာဉ်များကို စဉ်ဆက်မပြတ် တည်ဆောက်၊ ရေချ၊တပ်တော်ဝင်နိုင်ခဲ့ကြ၏။ "ဝယ်ယူအသုံးပြုသူမှ တည်ဆောက်သူ(Buyer to Builder)"အဖြစ် တစ်မုဟုတ်ချင်းပြောင်းလဲနိုင်ခဲ့ပြီး နိုင်ငံတော်၏ဘဏ္ဍာငွေကို များစွာခြိုးခြံချွေတာနိုင်ခဲ့၏။ အမြော်အမြင်မှ နည်းလမ်း၊ နည်းလမ်းမှ လက်တွေ့၊ လက်တွေ့မှ အောင်မြင်မှုသို့ လှမ်းတက်နိုင်ခဲ့ခြင်းပင်ဖြစ်၏။

တပ်မတော်(ရေ)၏ ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော်နိုင်ရန် တိုက်စွမ်းအားမြင့်မားသောစစ်ရေယာဉ်များအပေါ် များစွာမှီတည်နေ၏။ ရေပြင်ရန်စစ်ဆင်ရေး၊ ဝေဟင်ရန်စစ်ဆင်ရေး၊ ရေအောက်ရန်စစ်ဆင်ရေးနှင့် အီလက်ထရွန်နစ်စစ်ဆင်ရေးဟူ၍ နယ်ပယ်လေးရပ်လုံး ထိရောက်စွာ စစ်ဆင်နိုင်ရန် မလွဲမသွေလိုအပ်၏။ ထို့ပြင် ရေတပ်စွမ်းအားသည် ပင်လယ်ပြင်မှ ကုန်းမြေအပေါ်အကျိုးသက်ရောက်မှုပေးနိုင်ရေးနှင့် နိုင်ငံတစ်နိုင်ငံ၏ ရေကြောင်းဆိုင်ရာအရင်းအမြစ်များ (Maritime Resources)ကို ကာကွယ်မှုပေးနိုင်ရေးဟူသည့် စွမ်းအားနှစ်ရပ်ပြည့်စုံကာ Naval Power ကို Fighting Power အဖြစ် အသုံးချနိုင်ရန်အတွက် စစ်ရေယာဉ်အသင့်ဖြစ်မှု၊ လက်နက်နှင့်လက်နက်စနစ်အသင့်ဖြစ်မှု၊ ရေတပ်သားအသင့်ဖြစ်မှုဟူသော အသင့်သုံးရပ်ဖြင့်ပြည့်စုံရန်လည်း ကြိုးပမ်းဖြည့်ဆည်းတည်ဆောက်လျက်ရှိပါ၏။

မည်မျှပင် ခေတ်မီတန်ဖိုးကြီးမားသော စစ်လက်နက်ပစ္စည်းများတပ်ဆင်အသုံးပြုစေကာမူ ကျွမ်းကျင်ပိုင်နိုင်စွာအသုံးမပြုနိုင်ပါက အချည်းနှီးပင်။သို့ကြောင့် တပ်မတော်(ရေ) အရာရှိ၊စစ်သည်များ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်လည်း အလေးအနက်ထားဆောင်ရွက်လျက်ရှိ၏။ ခေတ်မီသင်ထောက်ကူပစ္စည်းများ၊ အရာရှိဗဟုသုတတိုးပွားရေးဟောပြောပွဲများ၊လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများဖြင့် ဘက်စုံထောင့်စုံ အရှိန်အဟုန်ဖြင့် မြှင့်တင်လျက်ရှိ၏။ထို့ပြင် ပြည်ပအလုပ်ရုံဆွေးနွေးပွဲများ၊ ညီလာခံများ၊ နှီးနှောဖလှယ်ပွဲများ၊ သင်တန်းများသို့လည်း စဉ်ဆက်မပြတ်စေလွှတ်ပါဝင်တက်ရောက်စေလျက်ရှိ၏။ နိုင်ငံတကာရေတပ်များ၊ဒေသတွင်းရေတပ်များ၊အိမ်နီးချင်းရေတပ်များနှင့်ပူးတွဲလေ့ကျင့်ခြင်း၊ပူးတွဲကင်းလှည့်ခြင်း၊ပူးတွဲရေကြောင်းတိုင်းတာခြင်းများဖြင့်လည်း တန်းယှဉ်တန်းမီပါဝင်ဆောင်ရွက်လျက်ရှိ၏။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ "လေ့လာ၊လေ့ကျင့်၊လိုက်နာ"ဆိုသည့် လမ်းညွှန်ချက်အတိုင်း အရာရှိ၊ စစ်သည်များအနေဖြင့် လေ့လာမှတ်သားမှုများ၊ ကျွမ်းကျင်ရန်လေ့ကျင့်မှုများ၊ လုပ်ငန်းခွင်တွင်လက်တွေ့လိုက်နာကျင့်သုံးမှုများဖြင့် အောင်မြင်မှုအသီးအပွင့်များဖွံ့ဖြိုးဝေစည်စေခဲ့ပြီး အမျိုးသား၊ အမျိုးသမီးအရာရှိ၊ စစ်သည်များအားလုံး လူ့စွမ်းအားအရင်းအမြစ်ဟန်ချက်ညီတိုးတက်စေရေးကိုပါ ကွဲကူးရေပါမြှင့်တင်ဆောင်ရွက်လျက်ရှိ၏။

တပ်မတော်(ရေ)၏ လုပ်ငန်းတာဝန်ကဏ္ဍကြီးလေးရပ်ဖြစ်သည့် စစ်ရေးကဏ္ဍ(Military Role)၊ တရားဥပဒေစိုးမိုးရေးကဏ္ဍ (Constabulary Role)၊ သံတမန်ရေးရာကဏ္ဍ(Diplomatic Role)၊ စာနာအကူအညီပေးရေးကဏ္ဍ(Benign Role)တို့ကိုလည်း တစ်နှစ်ထက်တစ်နှစ်ပိုမိုတိုးတက်စွမ်းဆောင်နိုင်ရေး ရည်မှန်းအကောင်အထည်ဖော်လျက်ရှိ၏။

ကဏ္ဍကြီး လေးရပ်အနက် စစ်ရေးကဏ္ဍသည် တပ်မတော်(ရေ)၏ အဓိကတာဝန်ကြီးဖြစ်ပြီး "အမြဲတမ်းလေ့ကျင့်နေရမည်၊ အမြဲတမ်းစစ်ရေးသတိရှိရမည်၊အမြဲတမ်းတိုက်ပွဲဝင်အသင့်ဖြစ်ရမည်"ဟူသည့် "မြဲသုံးမြဲ"ကို လက်ကိုင်ထားကာ "လေ့ကျင့်ကျွမ်းကျင်၊ အောင်ပွဲဆင်"ဆိုသည့် ဆောင်ပုဒ်အတိုင်း ပင်လယ်ပြင်ကျူးကျော်လာသူများကို ချေမှုန်းနိုင်ရန် အမြဲလေ့ကျင့်လျက်ရှိ၏။ တပ်မတော်(ရေ)စစ်ရေယာဉ်အမျိုးအစားပေါင်းစုံ စုပေါင်းပါဝင်သော စစ်ရေယာဉ်တပ်ပေါင်းစု ပင်လယ်ပြင်စစ်ဆင်မှုလေ့ကျင့်ခန်း (Combined Fleet Exercise – Sea Shield)ကို ၂၀၁၄ ခုနှစ်မှ စတင်လေ့ကျင့်ခဲ့ပြီး တပ်မတော်(ရေ)၏ ပထမဦးဆုံးရေပြင်မှ ရေပြင်ပစ်ဒုံးပျံကို အောင်မြင်စွာ ပစ်ခတ်လေ့ကျင့်နိုင်ခဲ့၏။တပ်မတော်(ရေ)၏အဆိုပါလေ့ကျင့်ခန်းများသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုထိရောက်အစွမ်းထက်လာခဲ့၏။ ပါဝင်လေ့ကျင့်ကြရသော တပ်မတော်(ရေ)အရာရှိ၊ စစ်သည်များအတွက် တန်ဖိုးမဖြတ်နိုင်သော အတွေ့အကြုံ၊ အလေ့အကျင့်ကောင်းများကို ရရှိပိုင်ဆိုင်စေခဲ့၏။

စစ်ရေးကဏ္ဍအတွက် အဓိကတိုက်စွမ်းအားများဖြစ်သောစစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်သည်သာမက ပြင်ပနိုင်ငံများမှလည်း အမျိုးအစားစုံလင်အောင် ဝယ်ယူဖြည့်တင်းအားဖြည့်ပေးလျက်ရှိ၏။ တပ်မတော်(ရေ)အတွက် အထင်ကရမှတ်တိုင်ဖြစ်သည့် တိုက်ခိုက်ရေးရေငုပ်သင်္ဘောစစ်ရေယာဉ် "မင်းရဲသိင်္ခသူ"နှင့် "မင်းရဲကျော်ထင်"တို့ကို (၇၃)နှစ်မြောက်နှင့် (၇၄)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့များတွင် အသီးသီးတပ်တော်ဝင်နိုင်ခဲ့၏။ ရေအောက်ရန်စစ်ဆင်ရေးနယ်ပယ်ကို တိုးချဲ့နိုင်ခဲ့သည့်အပြင် Submarine Arm ပိုင်ဆိုင်ခြင်းဖြင့် ဒေသတွင်းရေတပ်များနှင့် ရင်ပေါင်တန်းနိုင်ခဲ့၏။ သုံးဖက်မြင်စစ်ဆင်နိုင်စွမ်းရှိသော ရေတပ် (Three Dimensional Navy)အဆင့်သို့ တက်လှမ်းကာ စစ်ရေးကဏ္ဍကို တောင့်တင်းခိုင်မာစေမည်ဖြစ်၏။ စစ်ရေးကဏ္ဍအားကောင်းမောင်းသန်ဖြစ်စေရေးအတွက် စစ်ရေယာဉ်များကို အမျိုးအစားစုံလင်စွာ နိုင်ငံတကာအဆင့်မီ ကိုယ်ပိုင်ဒီဇိုင်းရေးဆွဲကာ ပြီးပြည့်စုံသော ရေတပ်တစ်ခုအဖြစ်တည်ဆောက်လျက်ရှိ၏။ ပြီးပြည့်စုံသော ရေတပ်တစ်ခု၏ သွင်ပြင်လက္ခဏာများဖြင့် ဂုဏ်ယူ၍ မဆုံးလေပြီ။

နိုင်ငံနှင့်ပြည်သူအတွက် တရားဥပဒေစိုးမိုးရေးကဏ္ဍသည်လည်းအရေးကြီး၏။ ရေကြောင်းသွားလာမှု တိုးတက်များပြားလာမှုနှင့်အတူ ပင်လယ်ပြင်အခြေပြုဖြစ်ပေါ်လာသော အကြမ်းဖက်မှုများ၊ ရာဇဝတ်မှုများ၊တရားမဝင်ရွှေ့ပြောင်းသွားလာမှုများ၊ လက်နက်နှင့် မူးယစ်ဆေးဝါးတရားမဝင်သယ်ဆောင်ရောင်းဝယ်မှုများ၊လူမှောင်ခိုကုန်ကူးမှုများပိုမိုဖြစ်ပေါ်လျက်ရှိရာ ၎င်းတို့ကို ထိရောက်စွာတားဆီးကာကွယ်ရန် လိုအပ်လာ၏။ ပင်လယ်ပြင်တရားဥပဒေစိုးမိုးရေးအတွက် တပ်မတော်(ရေ)နှင့် လက်တွဲဆောင်ရွက်မည့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ကို ၂၀၂၂ ခုနှစ် အောက်တိုဘာ ၆ ရက်က စတင်ဖွင့်လှစ်တပ်တော်ဝင်ခဲ့၏။ ထို့ကြောင့် တပ်မတော်(ရေ)နှင့်အတူ မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့နှင့် အခြားရေကြောင်းဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်း၍ မြန်မာ့ပင်လယ်ပြင်အဝန်း တရားဥပဒေစိုးမိုးရေးကို လက်တွဲညီညီထိရောက်စွာ အကောင်အထည်ဖော်ရမည်ဖြစ်၏။ ထို့ပြင် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၏ ရေတပ်၊ ကမ်းခြေစောင့်တပ်ဖွဲ့၊ အခြားရေကြောင်းဆိုင်ရာအဖွဲ့အစည်းများနှင့်လည်း ဆက်သွယ်ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်၏။

သံတမန်ရေးရာကဏ္ဍသည်လည်း ကမ္ဘာ့နိုင်ငံအသီးသီးရှိ ရေတပ်များအတွက် အဓိကကျ၏။ နိုင်ငံအချင်းချင်းဖြစ်ပွားနေသော ပဋိပက္ခအငြင်းပွားမှုများဝယ် စစ်ဆင်တိုက်ခိုက်စရာမလိုဘဲ ရေတပ်အင်အားပြသခြင်းဖြင့် အသာစီးရရှိရန် စွမ်းဆောင်နိုင်၏။ ကမ္ဘာ့သမိုင်းတစ်လျှောက် အသုံးပြုခဲ့သော အလွန်ထိရောက်အကျိုးရှိသည့် အင်အားပြသမှုလည်းဖြစ်၏။

ယနေ့ တပ်မတော်(ရေ)သည် မိမိကမ်းရိုးတန်းကိုသာ ကာကွယ်နိုင်စွမ်းရှိသော Coastal Navy အဆင့်မဟုတ်တော့ဘဲ မိမိတို့၏ သီးသန့်စီးပွားရေးဇုန်ထိ ကာကွယ်စောင့်ရှောက်နိုင်သော ရေတပ်အဆင့်သို့ ရောက်ရှိနေပြီဖြစ်၏။ **စာမျက်နှာ ၂၅ သို့**

**စာမျက်နှာ ၂၄ မှအဆက်**

နိုင်ငံတကာရေတပ်အခမ်းအနားများသို့ မိမိတို့၏ စစ်ရေယာဉ်များစေလွှတ်တက်ရောက်စေခြင်း၊ အပြန်အလှန်လည်ပတ်စေခြင်း၊ အိမ်နီးချင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာရေတပ်များနှင့် နီးကပ်စွာပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းတို့ဖြင့် သံတမန်ရေးရာကဏ္ဍကို ပိုမို





ခိုင်မာအောင် တည်ဆောက်နိုင်ခဲ့၏။

ထို့ပြင် နှစ်စဉ်ကျင်းပပြုလုပ်မြဲဖြစ်သော အာဆီယံရေတပ်ဦးစီးချုပ်များ တွေ့ဆုံဆွေးနွေးပွဲ (ASEAN Naval Chiefs Meeting – ANCM)များကိုလည်း နှစ်စဉ်ပါဝင်တက်ရောက်၍ သံတမန်ရေးရာကဏ္ဍတွင် လစ်ဟင်းမှုမရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ၏။ မိမိတို့နိုင်ငံက အလှည့်ကျအိမ်ရှင်အဖြစ် လက်ခံကျင်းပပေးရမည့် 9th ANCM ကို ၂၀၁၅ ခုနှစ်ကလည်းကောင်း၊ 18th ANCM ကို ၂၀၂၄ ခုနှစ် အောက်တိုဘာလကလည်းကောင်း နေပြည်တော်၌ အောင်မြင်စွာကျင်းပနိုင်ခဲ့၏။ တပ်မတော်(ရေ)၏ သံတမန်ရေးကဏ္ဍကို ပိုမိုအသက်ဝင်ရှင်သန်စေခဲ့ခြင်းပင်ဖြစ်၏။

တပ်မတော်(ရေ)အနေဖြင့် စာနာအကူအညီပေးရေးကဏ္ဍတွင်လည်း ပိုမိုထိရောက်စွာဆောင်ရွက်လျက်ရှိ၏။ မျက်မှောက်ကာလတွင် ပိုမိုဖြစ်ပွားလာသည့် သဘာဝဘေးအန္တရာယ်များကြောင့် အတိဒုက္ခရောက်ကြရသော ပြည်သူလူထုကို ကိုယ့်နှယ်ထပ်တူအလေးမူလျက် ဖေးကူပံ့ပိုးစောင့်ရှောက်မိုးလျက်ရှိ၏။ အထူးသဖြင့် ကမ်းရိုးတန်းနေပြည်သူများ ပိုမိုခံစားလာရသော မုန်တိုင်းဘေး၊ ရေကြီးရေလျှံဘေး၊ မြေပြိုမှုဘေး၊ ဆူနာမီရေလှိုင်းဘေးတို့မှ သက်သာလွတ်ကင်းရန် ဘက်စုံထောင့်စုံ နည်းလမ်းစုံဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိ၏။ တပ်မတော်အကြီးအကဲကလည်း လူ့အသက်ထက်အရေးကြီးတာဘာမျှမရှိ၊ သဘာဝဘေးအန္တရာယ်ကျရောက်ပြီး ဒုက္ခရောက်နေသော ပြည်သူကို စာနာကူညီပေးရန်အတွက် အထက်ဌာန၏အမိန့်ကို စောင့်နေစရာမလို၊ အမြန်ဆုံးသွားရောက်အကူအညီပေးရန် လမ်းညွှန်မှာကြားထားပြီးဖြစ်လေ၏။

ထို့ပြင် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမမီသော ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများကို ခေတ်မီရောဂါရှာဖွေရေးပစ္စည်းကိရိယာများ တပ်ဆင်ထားသည့် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)နှင့် မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)တို့မှ ကျွမ်းကျင်ပါရဂူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဆရာဝန်၊ ဆရာမများဖြင့် အိမ်တိုင်ရာရောက်ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိ၏။ ကျေးဇူးတင်ကြည်နူးစိတ်ဖြင့် အလှပဆုံးပွင့်လန်းနေသော ပြည်သူတို့၏ အပြုံးပန်းများအကြားဝယ် ရေတပ်သားတို့အားသစ်အင်သစ် ဖြစ်ကြရ၏။ ၂၀၁၃ ခုနှစ်မှ ယနေ့ထိ ဆေးရုံရေယာဉ်များ၏ ဆေးကုသပေးမှုခရီးစဉ် ၃၅ ကြိမ်အတွင်း စုစုပေါင်းအမျိုးသား၊ အမျိုးသမီးလူနာ ၃၃၅၈၂ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့၏။ မိုးခေါင်ရေရှားရပ်ဝန်း၌ ရွာချခဲ့သော မိုးတစ်ပေါက်၏ တန်ဖိုးကို ဒေသခံပြည်သူများက အသိဆုံးဖြစ်ပေလိမ့်မည်။ ပြည်ပနိုင်ငံများတွင် အတိဒုက္ခရောက်နေကြသည့် အမိမြန်မာနိုင်ငံသားများကို တပ်မတော်(ရေ)စစ်ရေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီး ကွဲကွာနေကြသောမိသားစုများ ပြန်လည်ဆုံစည်းနိုင်အောင်၊ ကြမ်းတမ်းခါးသီးသည့် အိပ်မက်ဆိုးများလွန်မြောက်ပြီး နွေးထွေးလုံခြုံ





သည့် အမိမြေ၌ အိပ်မက်လှလှမက်နိုင်အောင်အကျိုးဆောင်ပေးနိုင်ခဲ့ပါ၏။

တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သော တိုင်ဖွန်းမုန်တိုင်း ရာဂိ၏အရှိန်နှင့် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်ခဲ့သောမုန်တိုင်းငယ်၏အရှိန်တို့ကြောင့် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၀ ရက်မှစတင်၍ နေရာအနှံ့အပြားမိုးအဆက်မပြတ်ရွာသွန်းမှုများဖြစ်ပွားခဲ့ပြီး ချောင်းရေနှင့် မြစ်ရေများ အဆက်မပြတ်မြင့်တက်လာမှုနှင့်အတူ နိုင်ငံအနှံ့အပြား၌ ရုတ်တရက်ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ ရေတပ်သားများသည် တပ်မတော်(ကြည်း)၊ တပ်မတော်(လေ)တပ်ဖွဲ့များနှင့်အတူ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တွန့်ဆုတ်မဲ့ကင်းစာနာခြင်းဖြင့် ရှိုင်းပင်းကူထောက်ထိရောက်စွာ စွမ်းဆောင်ပေးနိုင်ခဲ့၏။

မြန်မာ့တပ်မတော်(ရေ)အပါအဝင် နိုင်ငံတကာရေတပ်များသည် ယနေ့ခေတ်ကာလတွင် ခြိမ်းခြောက်မှု၊ စိန်ခေါ်မှုများနှင့် ပိုမိုရင်ဆိုင်ရလျက်ရှိ၏။ အကြီးမားဆုံးခြိမ်းခြောက်မှုမှာ သဘာဝဘေးအန္တရာယ်ပင်ဖြစ်၏။ ကမ္ဘာကြီး ပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲမှုများကြောင့် ပြင်းထန်သည့် မုန်တိုင်းကြီးများ၊ ဆူနာမီရေလှိုင်းများ၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုများကို ဖြစ်ပေါ်စေပြီး ပင်လယ်ကမ်းရိုးတန်းနေဘဝများကို ကြီးမားစွာခြိမ်းခြောက်လျက်ရှိ၏။ ထို့ပြင် ပင်လယ်ပြင်ညစ်ညမ်းမှု၊ တရားမဝင်ငါးခိုးဖမ်းမှု၊ သဘာဝသယံဇာတများ အလွန်အကျွံထုတ်ယူမှု၊ ပင်လယ်ပြင်မှ တရားမဝင်မူးယစ်ဆေးဝါး၊ လက်နက်ခဲယမ်းသယ်ဆောင်ရောင်းဝယ်မှု၊ လူများအစုလိုက်အပြုံလိုက်ရွှေ့ပြောင်းဝင်ရောက်မှု၊ ပင်လယ်ပြင်အခြေပြုအကြမ်းဖက်တိုက်ခိုက်မှု စသည့် အခြားခြိမ်းခြောက်မှုများကိုလည်း ရင်ဆိုင်ကျော်လွှားနိုင်ရန် ကြိုးပမ်းရမည်ဖြစ်၏။ ဖြတ်သန်းကျော်လွှားပြီးခဲ့သည့် စိန်ခေါ်မှုများ၊ခြိမ်းခြောက်မှုများကို အတွေ့အကြုံကောင်းများ၊ အောင်မြင်မှုအတွက် လှေကားထစ်များအဖြစ်ခံယူလျက် ဆက်လက်ကျော်ဖြတ်သွားရမည်သာဖြစ်၏။

**❖ ယနေ့တပ်မတော်(ရေ)သည် မိမိကမ်းရိုးတန်းကိုသာ ကာကွယ်နိုင်စွမ်းရှိသော Coastal Navy အဆင့် မဟုတ်တော့ဘဲ မိမိတို့၏ သီးသန့်စီးပွားရေးဇုန်ထိ ကာကွယ်စောင့်ရှောက်နိုင်သော ရေတပ်အဆင့်သို့ ရောက်ရှိနေပြီဖြစ်၏။ နိုင်ငံတကာရေတပ်အခမ်းအနားများသို့ မိမိတို့၏ စစ်ရေယာဉ်များ စေလွှတ်တက်ရောက်စေခြင်း၊ အပြန်အလှန်လည်ပတ်စေခြင်း၊ အိမ်နီးချင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာရေတပ်များနှင့် နီးကပ်စွာပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းတို့ဖြင့် သံတမန်ရေးရာကဏ္ဍကို ပိုမိုခိုင်မာအောင် တည်ဆောက်နိုင်ခဲ့၏။**

ယနေ့ တပ်မတော်(ရေ)သည် အထက်ဖော်ပြပါ ခြိမ်းခြောက်မှုများ၊ စိန်ခေါ်မှုများကို အောင်မြင်စွာ ရင်ဆိုင်ဖြတ်ကျော်ပြီး ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်သော၊ ရည်မှန်းချက်တာဝန် သုံးရပ်ကို အပြည့်အဝအကောင်အထည်ဖော်နိုင်သော၊ အစဉ်အဆက်သမိုင်းအစဉ်အလာကောင်းများကို ပိုမိုမြှင့်တင်ထိန်းသိမ်းနိုင်သော၊ နိုင်ငံနှင့်ပြည်သူတစ်ရပ်လုံးက အားကိုးရသော တပ်မတော်(ရေ)အဖြစ် အရည်အချင်းပြည့် အရာရှိ၊ စစ်သည်လူသားအရင်းအမြစ်များနှင့်အတူ "ရှေ့သို့ ချီတက်၊ အောင်ပွဲဆက်စေ တပ်မတော်(ရေ)"ဖြစ်ပါစေကြောင်း (၇၇)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါ၏။

**ရေညိုမှသည်၊ ရေပြာဆီသို့**
**လှမ်းချီရှေ့ဆက်၊ လက်နက်ရေယာဉ်**
စစ်သည်အင်အား၊ တိုးပွားခေတ်မီ
စွမ်းရည်ထက်မြက်၊ မျိုးဆက်ဆက်တို့
တိုးတက်အောင်မြင် ပါစေသော်။
ပြည်သူချစ်တဲ့ ရေတပ်မတော်။
ရေပြာထက်က အောင်လံတော်။

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၈) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၈)မှ သင်တန်းသားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၈)မှ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။









တိုင်းစစ်ဌာနချုပ်အသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၈) သင်တန်းဖွင့်ပွဲများ ကျင်းပစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၃**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၈)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၈) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၈)မှ သင်တန်းသားများကို တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများကို လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)ကို ၂၀၂၄ ခုနှစ် ဧပြီ ၈ ရက်မှ စတင်၍ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၈)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-

"နိုင်ငံတော်အတွက် လိုအပ်ရင်





ကာကွယ်မယ်ဆိုတဲ့စိတ်လေးနဲ့ လာရောက်တက်ရောက်ခြင်းဖြစ်ပါတယ်။ နိုင်ငံသားတစ်ယောက်ရဲ့တာဝန်ကို ထမ်းဆောင်ရတဲ့အတွက် ပျော်မိပါတယ်။ နောက်ထပ်လာမယ့်ညီငယ်တွေကို ပြောချင်တာကတော့ ကျွန်တော်တို့နိုင်ငံသားတိုင်း ထမ်းဆောင်ရမယ့် တာဝန်တစ်ရပ်ဖြစ်ပြီး အပြင်မှာ မရတဲ့ပညာတွေကို ဒီမှာရပါတယ်။ လူတိုင်းအတွက် အကျိုးရှိပါတယ်။ ဒါကြောင့် လာရောက်တက်ရောက်ဖို့ ဖိတ်ခေါ်ချင်ပါတယ်။" ဟု ပြောသည်။

"ပြောင်းလဲမှုတွေ စိန်ခေါ်မှုတွေ ရှိလာပါတယ်။ ပြောင်းလဲမှုတွေကတော့ ကျွန်တော့်ရဲ့ နေထိုင်မှုပုံစံတွေ၊ ဆောင်ရွက်သွားလာမှုပုံစံတွေ အစစအရာရာ အကုန်လုံးပြောင်းလဲသွားပါတယ်။ စိန်ခေါ်မှုတွေကတော့ ကျွန်တော်တို့ရဲ့ မတူညီတဲ့ အရပ်ဒေသနှစ်ခုဖြစ်နေတဲ့အတွက် တူညီအောင်လို့ အများကြီးတန်းညှိရတာရှိပါတယ်။ အဲဒါတွေကတော့ စိန်ခေါ်မှုတွေပါ။ ကိုယ့်ကိုယ်ကိုယ် ယောကျ်ားတစ်ယောက် ပီသတယ်လို့ခံစားရတယ်။ ကိုယ်လုပ်ရတဲ့ တာဝန်၊ ကိုယ်လုပ်ရတဲ့ အလုပ်တွေကို ပိုပြီးတော့ အာရုံစိုက်လာတယ်။ ကိုယ့်အတွက် ပိုပြီးကောင်းလာပါတယ်။ စည်းနဲ့ ကမ်းနဲ့ ဘောင်နဲ့ ပိုပြီးတင်းတင်းကျပ်ကျပ်ရှိတယ်။ အပြင်က ကဏ္ဍက အရပ်သား ဒီမှာက စစ်သား အများကြီးကွာတယ်။ အပြင်မှာက ကိုယ်သွားချင်တဲ့ဝတ်စုံနဲ့ သွားလို့ရပေမယ့် ဒီမှာက ယူနီဖောင်းနဲ့ပဲရတယ်။ ကိုယ့်ကိုယ်ကိုယ် ယူနီဖောင်းဝတ်လိုက်ပြီဆိုတာနဲ့ ကိုယ့်မှာတာဝန်တွေ၊ ဝတ္တရားတွေ အများကြီးရှိသွားတယ်။ အဲဒီတော့ ကိုယ့်မှာ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမယ်။ အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်း စစ်မှုထမ်းဆောင်ရမယ်လို့ဖြစ်သင့်တယ်။ ကိုယ့်နိုင်ငံကို ကာကွယ်မှ သူများတွေလာပြီး မထိခိုက်မှာ။ နောက်သင်တန်းလာတက်မယ့် ဂျူနီယာ ညီလေးတွေကို မှာချင်တာကတော့ ဒီနေရာတွေက ကျွန်တော်တို့ လူငယ်ဘဝတွေကို အများကြီးတိုးတက်ပြောင်းလဲသွားစေတဲ့အတွက် ငါ့ညီတွေကို လာခဲ့ပါလို့ ဖိတ်ခေါ်ချင်ပါတယ်။"ဟု ပြောသည်။ (ဧဝ၁)

## အစိုးရရုံးပိတ်ရက်နှင့် အများပြည်သူ အလုပ်ပိတ်ရက်များ၏ ကြားရက်များကို တစ်ဆက်စပ်တည်းပိတ်ပေးပြီး ပိတ်သောရက်များအတွက် စနေတစ်ရက်ပြန်အစားထိုးရန် သတ်မှတ်

နေပြည်တော် ဒီဇင်ဘာ ၂၃

နိုင်ငံတော်အစိုးရသည် အများပြည်သူနှင့် နိုင်ငံ့ဝန်ထမ်းများ ခရီးသွားလာမှုလွယ်ကူစေရန်နှင့် ရက်ရှည်အနားယူအပန်းဖြေနိုင်စေရန်အတွက် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၅ ခုနှစ် ပြက္ခဒိန်နှစ်အတွင်း အစိုးရရုံးပိတ်ရက်နှင့် အများပြည်သူအလုပ်ပိတ်ရက်များကြားရှိ အောက်ပါရုံးဖွင့်ရက်များကို တစ်ဆက်တည်းရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးသွားမည်ဖြစ်သည်-

(က) ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၈ ရက် (စနေနေ့)၊ ၂၉ ရက်(တနင်္ဂနွေနေ့)၊ ၃၀ ရက် (ကရင်နှစ်သစ်ကူးနေ့)နှင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တို့ကြားရှိ **၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်၊** (ရုံးပိတ်ရက် ငါးရက်)၊

(ခ) ၂၀၂၅ ခုနှစ် မတ် ၁၃ ရက် (တပေါင်းလပြည့်နေ့)၊ ၁၅ ရက် (စနေနေ့)နှင့် ၁၆ ရက် (တနင်္ဂနွေနေ့)တို့ကြားရှိ **မတ် ၁၄ ရက်နှင့် တပေါင်းလပြည့်နေ့၏ ရှေ့တစ်ရက်ဖြစ်သည့် မတ် ၁၂ ရက်၊** (ရုံးပိတ်ရက် ငါးရက်)၊

(ဂ) ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁ ရက် (စနေနေ့)၊ ၂ ရက် (တနင်္ဂနွေနေ့)နှင့် ၄ ရက် (တန်ဆောင်မုန်းလပြည့်နေ့)တို့ကြားရှိ **နိုဝင်ဘာ ၃ ရက်၊** (ရုံးပိတ်ရက် လေးရက်)၊

(ဃ) ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်(ခရစ္စမတ်နေ့)၊ ၂၇ ရက်(စနေနေ့)နှင့် ၂၈ ရက် (တနင်္ဂနွေနေ့)တို့ကြားရှိ **ဒီဇင်ဘာ ၂၆ ရက်၊** (ရုံးပိတ်ရက် လေးရက်)။

**အထက်ပါပိတ်ရက်ရှည်အဖြစ်သတ်မှတ်ပေးသည့် ရုံးပိတ်ရက်ရှည်များ၏ ရှေ့လာမည့် အနီးဆုံးစနေနေ့တစ်ရက်စီကို အစားထိုးရုံးတက်ရက်များအဖြစ် သတ်မှတ်မည်ဖြစ်**သည်။ ပထမရုံးပိတ်ရက် ငါးရက်အတွက် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက် စနေနေ့သည် အစားထိုးရုံးတက်ရက်ဖြစ်သော်လည်း ယင်းနေ့သည် လွတ်လပ်ရေးနေ့ဖြစ်၍ **ဇန်နဝါရီ ၁၁ ရက်**(စနေနေ့)၊ ဒုတိယရုံးပိတ်ရက်ရှည်အတွက် **မတ် ၂၂ ရက်** (စနေနေ့)နှင့် **မတ် ၂၉ ရက်**(စနေနေ့)၊ တတိယရုံးပိတ်ရက်ရှည်အတွက် **နိုဝင်ဘာ ၈ ရက်**(စနေနေ့)၊ စတုတ္ထရုံးပိတ်ရက်ရှည်အတွက် **၂၀၂၆ ခုနှစ် ဇန်နဝါရီ ၃ ရက် (စနေနေ့)တို့ကို အစားထိုးရုံးတက်ရက်များအဖြစ် သတ်မှတ်**မည်ဖြစ်ကြောင်း သိရှိရသည်။ (မြ၀)

## အားကောင်းသောလေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၃

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း(အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းလွန်-တမီးလ်နာဒူးမြောက်ပိုင်းကမ်းခြေ)တို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း(Well Marked Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါအားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်တောင်ဘက်သို့ ရွေ့လျားနိုင်ပြီး ဒီဇင်ဘာ ၂၄ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်း(အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်းနှင့် အင်ဒရာပရာဒေ့ရှ် တောင်ပိုင်းကမ်းခြေအနီး)သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဘုတလင်မြို့နယ် အင်တိုင်းရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဗုံးကြဲသဖြင့် ကလေးအပါအဝင် နှစ်ဦးဒဏ်ရာရကြောင်း သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော် ဒီဇင်ဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် အင်တိုင်းရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက တိုက်ပွဲမဖြစ်ဘဲလေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည့်အတွက် ရှစ်နှစ်အရွယ် ကလေးငယ် တစ်ဦးအပါအဝင် ပြည်သူ နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက်အရ ၎င်းသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်သမားများက မြို့ရွာများအတွင်း ဝင်ရောက်ခိုအောင်းနေထိုင်ကြောင်း ပြည်သူလူထု၏သတင်းပေးပို့မှုများရှိလာပါက အကြမ်းဖက်သမားများ အမှန်တကယ်ဝင်ရောက်နေထိုင်ခြင်း ရှိ၊ မရှိနှင့် အဆိုပါနယ်မြေအတွင်း ပြည်သူများ နေထိုင်ခြင်း ရှိ၊ မရှိကို နည်းပညာအကူအညီများရယူ၍ စုံစမ်းထောက်လှမ်းပြီးမှသာ တိုက်ခိုက်လေ့ရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာ၊ ရပ်ကွက်များကို အကြောက်တရားလွှမ်းမိုးစေရန် ဒရုန်းများ၊ လက်နက်ကြီးများဖြင့် ပစ်ခတ်လျက်ရှိကြောင်း၊ အထက်ပါသတင်းသည် တရားမဝင်ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် ဖြစ်စဉ်ဖြစ်ရပ်မှန်ကန်မှုမရှိသည့် သတင်းမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (မြ၀)

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးဦးအား အစမ်းခန့်ကာလ တစ်နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ၂၀၂၄ ဒီဇင်ဘာ ၂၃ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၂၄၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ဒီဇင်ဘာ ၁၅ ရက်မှ ၂၂ ရက်ထိ ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦးတွေ့ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၃

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၅ ရက် ည ၈ နာရီမှ ဒီဇင်ဘာ ၂၂ ရက် ည ၈ နာရီထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၄၃၁၂ ခုကို စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦးတွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ သုည ဒသမ ၀၅ ရာခိုင်နှုန်းဖြစ်သည်။ အစီရင်ခံကာလအတွင်း COVID-19 ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

## ထူးခြားသည့် ညအပူချိန်များ (၂၃-၁၂-၂၀၂၄)

| | | | | |
|---|---|---|---|---|
| ဟားခါး | -၁ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၆ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၉ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မချမ်းဘော | ၉ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ခန္တီး | ၁၀ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| မင်းကင်း | ၁၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်း ခံစားချက်စကားသံများကို သဇင်FM ၏ "**ပြည်သူ့ကြားက ပြည်သူ့စကား**"အစီအစဉ်မှ"**တော်လှန်ရေးခေါင်းစဉ်ပြပြီး အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးသတ်ဖြတ်မှုများကို မစွန့်လွှတ်နိုင်သေးသူများ**"ခေါင်းစဉ်ဖြင့် ၂၅-၁၂-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "**ပြည်ပနိုင်ငံများမှာ ခိုလှုံခွင့်ရရှိစေရေး အသည်းအသန်ကြိုးစားနေရတဲ့ သစ္စာဖောက်ပြည်ပြေးအစိုးရနှင့် အပေါင်းအပါများ**"ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ကိုလိုနီခေတ် သီချင်းရေးဆရာ ဝိုင်အမ်ဘီဆရာတင်



ဝိုင်အမ်ဘီ ဆရာတင်

ကိုလိုနီခေတ်မှာ အငြိမ့်သီချင်းရေးကြတဲ့ဆရာတွေ အများကြီးရှိတယ်။ နာမည်ဆင်တူကျော်ကြားကြတာ တွေလဲရှိတယ်။ နန်းတော်ရှေ့ဆရာတင်၊ ဝိုင်အမ်ဘီ ဆရာတင်၊ မြန်မာညွှန့်ဆရာတင် စတဲ့ဆရာတွေ အများကြီးရှိပါတယ်။

တို့ဗမာသီချင်းကိုရေးစပ်ခဲ့တဲ့ ဝိုင်အမ်ဘီဆရာတင် ကို နိုင်ငံရေးသီချင်း အရေးကောင်းတဲ့လူရယ်လို့ သတ်မှတ်ကြတယ်။ ဆရာတင်ဟာ ဝံသာနုသီချင်းတွေ ရေးခဲ့သလို အငြိမ့်မင်းသမီးတွေအတွက် အချစ် သီချင်းတွေရေးရာမှာလဲ တော်တဲ့သူပါ။

အာကာသဇိုးသီချင်းဟာ ဝိုင်အမ်ဘီ ဆရာတင် ပထမဆုံး ရေးစပ်ခဲ့တဲ့သီချင်းပါ။ အဲဒီသီချင်းကို မြခြေကျင်း မငွေမြိုင်အငြိမ့်ကတုန်းက ဆိုခဲ့တယ်။ အဲဒီသီချင်းဟာ အဖြတ်အတောက်အရေးအယူ သိပ်ကောင်းတဲ့သီချင်းလို့ ရွာစားကြီးစိန်ဗေဒါကပြော တယ်။ သူ့ဗလာဆိုင်းတီးတဲ့အခါတိုင်း အာကာသဇိုး သီချင်းကိုတီးလေ့ရှိပါတယ်။ ၁၂၅၅ နှစ်ဖွားမို့ ဝိုင်အမ်ဘီဆရာတင်ဟာ စိန်ဗေဒါထက် ၁၁ နှစ်ငယ် တယ်။ ဆရာတင်ဟာ မန္တလေးက ဗုဒ္ဓသာသနာနုဂ္ဂဟ ကျောင်းထွက်ပါ။ သူ့မိဘတွေက သွေးသောက်ကြီးမျိုး ဦးရန်အောင်-ဒေါ်သိန်းဖြစ်ပြီး မန္တလေးဇာတိပါ။

ဝိုင်အမ်ဘီဆရာတင် ၁၀ တန်းအောင်တော့ တိုင်းချစ်ဦးဘတင်ဖွင့်တဲ့ အမ်ဘီတီအလွတ်ပညာသင် ကျောင်းမှာ ကျောင်းဆရာလုပ်တယ်။ သုံးနှစ်လောက် လုပ်ပြီးတော့ လခစားမလုပ်ချင်တာနဲ့ ကိုယ်ပိုင် အလွတ်ပညာသင်ကျောင်းဖွင့်တယ်။ ကျောင်းခွဲတွေ အများကြီးဖွင့်နိုင်အောင် အောင်မြင်ခဲ့ပါတယ်။ ဆရာတင်လို့ ခေါ်ကြတာကတော့ ကိုယ်တိုင်က ကျောင်းဆရာမို့ပါ။

ဝါသနာပါတော့ လက်ဆွဲဘာဂျာဆွဲတယ်။ အင်္ဂလိပ်ရုပ်ရှင်တွေကြိုက်တယ်။ အဲဒီကနေမှ ဘာဂျာနဲ့အသံရှာပြီး သီချင်းတွေစပ်တယ်။ သူသီချင်း ရေးတော့မယ်ဆိုရင် မန္တလေးကပူလို့ ခဏခဏရေချိုး ရတော့ သီချင်းမစပ်ခင်ကတည်းက စဉ့်အိုးကြီးနဲ့ ရေတွေအပြည့်ဖြည့်ထားတတ်တယ်။ ပိုက်ဆံရှိရင် တော့ ချောကလက်၊ သကြားလုံး၊ ဆားငန်သီးချိုချို ချဉ်ချဉ်တွေ ဝယ်ထားတယ်။ စီးကရက်က နှစ်ဘူး၊ သုံးဘူး။ သီချင်းရေးတော့မယ်ဆိုရင် တင်ပျဉ်ခွေထိုင်၊ ခေါင်းကလေးမော့၊ ဒူးနှန့်ရင်းက ဘာဂျာနဲ့အသံရှာ တော့တာပါပဲ။ တစ်ခါတလေ ပါးစပ်ကအသံကို ညည်းကြည့်တယ်။ နောက်ဘာဂျာလေးစမ်းလိုက်၊ ချထားလိုက်နဲ့ပေါ့။ အသံကြိုက်သလိုရပြီဆို စကားကို အရင်သွင်းယူတယ်။ ဝိုင်အမ်ဘီ ဆရာတင်ကတော့ ပြောတယ်။ အသံထဲမှာ ခြောက်ပေါက်သံက အမြူး ဆုံးပဲကွ။ သာလဲသာတယ်။ မင်းသားနဲ့ မင်းသမီး စခန်းသွားတာလဲ ခြောက်ပေါက်ပဲ။ လက်ဝှေ့ထိုးတာ လဲ ခြောက်ပေါက်ပဲဆိုပြီး သူ့သီချင်းတွေကို ခြောက်ပေါက်သံနဲ့ စပ်တော့တာပါပဲ။

Young Man Buddhist School(Y.M.B)ကျောင်း ကို ဆရာတင်ဖွင့်တော့ သူဖွင့်ခဲ့တဲ့ကျောင်းရဲ့နာမည် အတိုကောက်ကိုယူပြီး ဝိုင်အမ်ဘီဆရာတင်ရယ်လို့ ခေါ်ကြတာပါ။ အဲဒီခေတ်က အငြိမ့်သမား၊ ဆိုင်း သမားတွေဟာ အသံအကြောင်းအကျားကိုမတီးတတ် သေးတော့ ဆရာတင်ရဲ့သီချင်းတွေက တီးရခက် လိုက်တာဆိုပြီး မကြိုက်ကြဘူး။ ဆရာတင်က သီချင်းရေးတဲ့အခါ ခြောက်ပေါက်သံကိုကြိုက်ပေမဲ့ သီချင်းထဲမှာ သူကြိုက်တဲ့ နိုင်ငံခြားသံတွေလဲထည့် တယ်။ အခြားအသံအကူးအပြောင်းတွေလဲ အများ ကြီးပဲ။ နန်းတော်ရှေ့ဆရာတင်ရဲ့သီချင်းတွေက လွယ်တယ်။ ဝိုင်အမ်ဘီဆရာတင်ရဲ့သီချင်းတွေက ခက်တယ်။ နောက်တော့မှသာ ဆရာတင်ရဲ့သီချင်း တွေ တဖြည်းဖြည်း လက်ခံလာကြတာပါ။

"ဘိုဆံတောက်တွေက ပိုလိုမသောက်ပါ။ ဝန်ခံ ပါသဖြင့် မွန်မြန်မာဘာသာအသင်းတို့မှာ လင်းလို့ ထိန်ဝါ။ တို့မြန်မာကိန်းညီတဲ့စကားပေမို့ မျိုးမြန်မာ မိန်းမဒီများတို့ရယ် အင်္ကျီများဖြင့် မပါးကြပေဘူး။ ယခုညွှန်စရာ ဝံသာနုကိုတဲ့ စောင့်ရှောက်ပါအများ"

အဲဒါကတော့ ဝိုင်အမ်ဘီဆရာတင်ရေးပြီး ဦးချစ် ဖွယ်ဆိုခဲ့တဲ့ ဝံသာနုသီချင်းထဲက စာသားတွေပါ။ ဗြိတိသျှတွေက မြန်မာတွေရဲ့ယဉ်ကျေးမှုကို အရက်၊ စီးကရက်၊ မှန်နိုင်လွန်တွေနဲ့ တစ်စတစ်စဖျက်ဆီး လာနေကြတာမို့ ဝံသာနုတွေမျိုးချစ်စိတ်ရှိကြပါ။ မသုံးကြပါနဲ့လို့ နှိုးဆော်ထားတဲ့သီချင်းပါ။ ဦးချစ်ဖွယ် ကလေးရာမှာ ပွဲအလွန်တောင်းခံရတဲ့ ဝိုင်အမ်ဘီ ဆရာတင်ရဲ့ ဝံသာနုသီချင်းပါပဲ။

ဝိုင်အမ်ဘီဆရာတင်ဟာ အိမ်ထောင်ရေးကံ မကောင်းတော့ မူလက သပ်သပ်ရပ်ရပ် ဝတ်စား နေထိုင်တတ်တဲ့ ဆရာတင်ဟာ သူ့ဇနီးနဲ့ခွဲခဲ့ရတဲ့ဒဏ် ကိုခံစားရတဲ့အခါ ကပျစ်ကညစ်နဲ့လုပ်ချင်ရာတွေ လုပ်လာတယ်။ သူ့မှာ ပန်းနာရောဂါကလဲရှိတယ်။ စိတ်ဝေဒနာတွေ ခံစားလာရတော့ မခံစားနိုင်လို့နဲ့တူ ပါရဲ့ ကိုကင်း၊ ဆေးခြောက်ရှူတာတွေလုပ်လာတယ်။ အရင်ကများဆို ဆရာတင်ဟာ သူ့ခေါင်းပေါင်းကို သူ့ဘာသာပေါင်းပြီး တိုက်ပုံအင်္ကျီနဲ့ ယောလုံချည်တို့ ကြံခင်းလုံချည်တို့ အမြဲတမ်းဝတ်လေ့ရှိတဲ့ ဆရာဟာ နောက်ပိုင်းကျတော့ ဖြစ်သလိုနေ၊ ဖြစ်သလို ဝတ်လာပါတယ်။

မိန်းမဆိုတာ သိပ်ဒုက္ခပေးတာပဲ။ ငါအသက်ရှိ သမျှကာလပတ်လုံး ဘယ်တော့မှ မိန်းမမယူဘူး။ ငါနေနိုင်တယ်နဲ့ သူ့ကိုနောက်အိမ်ထောင်ပြုပါလား လို့ တိုက်တွန်းလာသူတွေကို ဆရာတင်က ပြန်ပြော တတ်တယ်။ နောက်တော့ ဆရာတင်ကိုခင်မင်တဲ့သူတွေ၊ တပည့်တပန်းတွေက ဘာမှမပြောကြတော့ပါဘူး။

ဝိုင်အမ်ဘီဆရာတင်ရေးခဲ့တဲ့သီချင်းတွေထဲမှာ ပါးချိုင့်ကလေးဆိုတဲ့ သီချင်းတစ်ပုဒ်လဲပါတယ်။ ပါးချိုင့်ကလေးနဲ့ချစ်စရာပင်၊ လှထိပ်ခေါင်တင်ဆိုတဲ့ သီချင်းပေါ့။ အဲဒီသီချင်းကို ယုဝတီမြသောင်းခင်ဆို တယ်။ ဒီသီချင်းလေးရဲ့ နုပုံအိပုံကလဲ တစ်မျိုးရယ်။ မြို့မငြိမ်းရဲ့သီချင်းတွေလိုမျိုး ဆရာတင်ရဲ့သီချင်းကလဲ ကောင်းတာပဲ။ ဒီသီချင်းမှာ ရာဇဝင်လေးလဲရှိတယ်။ ဆရာတင်ဟာသူ့မိန်းမနဲ့ကွဲတော့ကျောင်းဆရာမလေး ဟာ ဆရာတင်ကိုခင်မင်တာနဲ့ သူ့အိမ်မှာ ဝင်ထွက် သွားလာနေတာပေါ့။ အဲဒီဆရာမလေးဆိုတာ ယဉ်စစနဲ့ ပါးချိုင့်လေးလဲပါတယ်။ ဆရာတင့်အစ်မ မိသားစုထဲ ဝင်ထွက်သွားလာနေပြီး ဆရာတင် စားဖို့ ငါးပိကြော်ဖန်ဘူးတွေ ထည့်ပို့တဲ့အခါပို့ပေါ့။ ပါးချိုင့်ကလေးဆိုတဲ့သီချင်းဟာ ဆရာမလေး အတွက် ရေးခဲ့တာတဲ့။

ဆရာတင်ဟာ စိတ်ညစ်လာရင်တွေ့ကရာလုပ် တတ်ပေမဲ့ အရက်တော့မသောက်ဘူးတဲ့။ သူ့သီချင်း တွေ ပရိသတ်ကလက်ခံလာတော့ သူဖွင့်ခဲ့တဲ့ ကျောင်းကိုပိတ်လိုက်ပြီး စားဝတ်နေရေးအတွက် ကျောင်းသားတစ်ယောက်၊ နှစ်ယောက်အိမ်မှာ စာလိုက်သင်ရင်း စရိတ်ရတော့ သီချင်းတွေပဲ ရေးနေတော့တာတဲ့။

ဆရာတင်ဟာ သီချင်းတွေရေးတဲ့အခါမှာ သူ့ စိတ်အပါဝင်ဆုံးသီချင်းကတော့ နိုင်ငံရေးသီချင်းတွေ၊ ဝံသာနုသီချင်းတွေ ရေးရတာစိတ်ဝင်စားပါသတဲ့။ ဝိုင်အမ်ဘီဆရာတင်ရဲ့ သီချင်းတွေဆိုရင် အငြိမ့်တွေ ကကော၊ ဇာတ်တွေကကော၊ ခတ်ပြားသွင်းတဲ့သူ တွေကကော၊ ဗြိတိသျှဘားမားတို့ကပါ တန်ဖိုးထား ကြတာတဲ့။ ၁၂၈၃ ခုနှစ်မှာ ဝိုင်အမ်ဘီဆရာတင်ဟာ ဝိုင်အမ်ဘီတီးဝိုင်းအဖွဲ့ဆိုပြီး ထောင်ခဲ့သေးတယ်။ ဆရာတင်ရေးခဲ့တဲ့သီချင်းတွေအများကြီးပါ။ အချစ် သီချင်းထဲက မြင်သာနီးနီး၊ သူကလေး၊ ပါးချိုင့် ကလေး၊ မောင့်ရွှေနှယ်ရီး၊ အုံ့ပုန်းချစ်၊ မော်တော်ကား ဆိုတဲ့သီချင်းတွေကို လူကြိုက်များကြသတဲ့။

နိုင်ငံရေးသီချင်းတွေထဲမှာတော့ တို့ဗမာသီချင်း၊ မိုးဒူးနဲ့တိုက်၊ သခင်သီချင်း၊ အလောင်းဘုရား ဦးအောင်ဇေယျသီချင်းတွေ နာမည်ကြီးပါတယ်။

ရွှေမန်းတင်မောင်က ဝိုင်အမ်ဘီဆရာတင်ရဲ့ သီချင်းတွေသဘောကျလို့ သူ့ဇာတ်ထဲလိုက်ရေးပေး ပါလို့ခေါ်ဖူးပါတယ်။ ဝိုင်အမ်ဘီဆရာတင်က သူ့သီချင်း မင်းသမီးကိုသင်ပေးတဲ့အခါ အကျအနကိုသင်တာ ပါ။ "ခရာရမည့်နေရာ ခရာပြီးမှဆို။ ဟောဒီလိုဆို။ နင်သဘင်သည်မဟုတ်လား။ ဘာရှက်နေတာလဲ။ မရှက်နဲ့"လို့ မင်းသမီးကိုပြောတာ၊ သူကိုယ်တိုင်ကလဲ သေချာလုပ်ပြတာပဲ။ သီချင်းရေးတုန်းက အသံရှာ တော့လဲ စိတ်ရှည်လက်ရှည်ရှာခဲ့သူပါ။

ဝိုင်အမ်ဘီဆရာတင်ဟာ သွားလေရာမှာ လွယ်အိတ် ကြီးတကားကားနဲ့၊ လွယ်အိတ်ထဲမှာက အလုံပိတ် ထားတဲ့ မင်အိုးလဲပါတယ်။ ကလောင်တံလဲပါတယ်။ အေဝမ်းလိုမျိုးအဖွဲ့တွေက သီချင်းတောင်းလာရင် တော့ တောင်းတဲ့နေရာမှာပဲ တစ်ထိုင်တည်းရေးပေး နိုင်တာဆိုပဲ။ အသံရှာ၊ စကားလုံးရှာရာမှာ ဆရာတင် ဆိုတာ မြန်ကလဲမြန်၊ ထက်ကလဲ ထက်တဲ့သူတဲ့လေ။

မြန်မာလူမျိုးတွေဟာ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ် တိုင်းဌာနေကို အလွန်ချစ်ကြသူတွေပါ။ နဂိုက သျှောင်တစ်စောင်းနဲ့နေခဲ့ကြရာက အင်္ဂလိပ်ခေတ်မှာ ဗိုလ်ကေတွေပြောင်းတော့ တချို့က သျှောင်ကိုမစွန့် ကြဘူးတဲ့။ ပင်နီဟာ ပြည်တွင်းဖြစ် ဝံသာနုအထည် ပါ။ မှန်နိုင်လွန်၊ ထောပတ်နဲ့ ဝိုင်အရက်တွေကို မသုံး စွဲဘဲ ပြည်တွင်းဖြစ်တွေကိုသာ သုံးကြတာ။ အဲဒါ မျိုးချစ်စိတ်ပါ။ တေးရေးဆရာတွေက သီချင်းနဲ့ နယ်ချဲ့ကိုတွန်းလှန်ခဲ့ကြရာမှာ ဝိုင်အမ်ဘီဆရာတင် ဟာ ထိပ်ဆုံးကပါဝင်ခဲ့တာမို့ လေးစားစွာဂုဏ်ပြု ရေးသားလိုက်ရပါတော့တယ်။

**ကိုးကား**

**- လူထုဒေါ်အမာရဲ့အငြိမ့်**

**မောင်သင်းထုံ(ကျောက်မဲ)**

**❖ဝိုင်အမ်ဘီ ဆရာတင်ကတော့ပြောတယ်။ အသံထဲမှာ ခြောက်ပေါက်သံက အမြူးဆုံးပဲကွ။ သာလဲသာတယ်။ မင်းသားနဲ့ မင်းသမီး စခန်းသွားတာလဲ ခြောက်ပေါက်ပဲ။ လက်ဝှေ့ထိုးတာလဲ ခြောက်ပေါက်ပဲဆိုပြီးမှ သူ့သီချင်းတွေကို ခြောက်ပေါက်သံနဲ့ စပ်တော့တာပါပဲ။ Young Man Buddhist School(Y.M.B)ကျောင်းကို ဆရာတင်ဖွင့်တော့ သူဖွင့်ခဲ့တဲ့ကျောင်းရဲ့နာမည် အတိုကောက်ကိုယူပြီး ဝိုင်အမ်ဘီဆရာတင်ရယ်လို့ခေါ်ကြတာပါ။ အဲဒီခေတ်က အငြိမ့်သမား၊ ဆိုင်းသမားတွေဟာ အသံအကြောင်းအကျားကိုမတီးတတ်သေးတော့ ဆရာတင်ရဲ့သီချင်းတွေက တီးရခက်လိုက်တာဆိုပြီး မကြိုက်ကြဘူး။ ❖**

## ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၅၇၁ ဧက စိုက်ပျိုးပြီးစီး

ဘုတလင် ဒီဇင်ဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၅၇၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၁၅၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၅၇၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဘုတလင်မြို့နယ်အတွင်း ပဲတီစိမ်းဧက ၁၅၅၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၅၇၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲတီစိမ်းတိုးချဲ့စိုက်ပျိုးနိုင်ဖို့ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၂၀၆)

# ဖိလစ်ပိုင်နိုင်ငံတွင် ဆူနာမီလှိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေးအစီအမံများ ဆောင်ရွက်ထားသင့်



**မနီလာ ဒီဇင်ဘာ ၂၃**

ဖိလစ်ပိုင်နိုင်ငံတွင် ဆူနာမီလှိုင်းအန္တရာယ် ဖြစ်ပေါ်လာနိုင်သည့်ဧရိယာများတွင် ကြိုတင်ကာကွယ်ရေးအစီအမံများဆောင်ရွက်ထားသင့်ကြောင်း ပြည်သူ့ကာကွယ်ရေးရုံး(OCD)က သတိပေးခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ဆူနာမီလှိုင်းအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည့်ဒေသများမှာ အိုင်လိုကိုစ်နယ်မြေ၊ ကာဂါယန်ချိုင့်ဝှမ်းနှင့် လူဇွန်ကျွန်းအလယ်ပိုင်းဒေသများဖြစ်ကြပြီး သက်ဆိုင်ရာဒေသအလိုက်မှ အာဏာပိုင်အဖွဲ့အစည်းများအနေဖြင့် ဆူနာမီလှိုင်းဖြစ်ပေါ်လာချိန်တွင် ဒေသခံများကို ဘေးအန္တရာယ်ကင်းစွာဖြင့် လျင်လျင်မြန်မြန် ရွှေ့ပြောင်းပေးနိုင်ရေး အစီအစဉ်များကိုပြင်ဆင်ထားသင့်သကဲ့သို့ ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများလည်း ပြုလုပ်ထားသင့်ကြောင်းပြည်သူ့ကာကွယ်ရေးရုံး(OCD)က သတိပေးချက်ထုတ်ပြန်ခဲ့သည်။

"အိုင်လိုကိုစ်နယ်မြေ၊ ကာဂါယန်ချိုင့်ဝှမ်းနဲ့ လူဇွန်ကျွန်းအလယ်ပိုင်းဒေသတွေမှာ ဆူနာမီလှိုင်းအန္တရာယ်တွေ အချိန်မရွေးဖြစ်ပေါ်လာနိုင်ပါတယ်။ ဒါကြောင့် နယ်မြေအလိုက် အာဏာပိုင်အဖွဲ့အစည်းတွေအနေနဲ့ အစိုးရအေဂျင်စီတွေနဲ့ ချိတ်ဆက်ပြီး ဆူနာမီလှိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေး အစီအစဉ်တွေ အမြန်ဆုံး ဆောင်ရွက်သွားဖို့ လိုအပ်ပါလိမ့်မယ်။ အရေးပေါ်အစည်းအဝေး ခေါ်ပြီးတော့ လိုအပ်တာတွေ ကြိုတင်ပြင်ဆင်ထားသင့်ပါတယ်။ အရေးကြီးဆုံးကတော့ ဆူနာမီလှိုင်းဖြစ်ပေါ်လာတာနဲ့ ဒေသခံတွေကို ဘေးအန္တရာယ်ကင်းအောင် ဘယ်လိုရွှေ့ပြောင်းပေးမလဲဆိုတဲ့ အစီအစဉ်ပါပဲ"ဟု ပြည်သူ့ကာကွယ်ရေးရုံး(OCD) မှ ပြောရေးဆိုခွင့်ရှိသူ အရီရယ်က ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

# ဗလန်စီယာနယ်မြေရှိ ရေဘေးဒဏ်သင့်သူများကို စပိန်ဘုရင် သွားရောက်တွေ့ဆုံ

**မက်ဒရစ် ဒီဇင်ဘာ ၂၃**

စပိန်ဘုရင်ဖိလစ်နှင့် တော်ဝင်မိသားစုဝင်တချို့သည် ဒီဇင်ဘာ ၂၂ ရက်တွင် ဗလန်စီယာနယ်မြေရှိ ရေဘေးသင့်ပြည်သူများနှင့် သွားရောက် တွေ့ဆုံခဲ့ကြောင်း စပိန်အစိုးရက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အောက်တိုဘာ ၂၉ ရက်တွင် စပိန်နိုင်ငံသက်တမ်းတစ်လျှောက် အဆိုးရွားဆုံးသော ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်ပြီး ဗလန်စီယာအာဏာပိုင်အဖွဲ့အစည်းအနေဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို စပိန်အစိုးရ အကူအညီဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သို့သော်လည်း အပျက်အစီးများခဲ့သည့်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်ယူဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ နေအိမ်များပျက်စီးခဲ့သည့် ပြည်သူများအနေဖြင့်လည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ငွေကြေးအဆင်မပြေမှုများ ရှိနေကြောင်း သိရသည်။

"စပိန်ဘုရင်ဖိလစ်နဲ့ သမီးတော်တွေဖြစ်ကြတဲ့ လီယိုနိုနဲ့ ဆိုဖီယာတို့လိုက်ပါတဲ့ တော်ဝင်မိသားစုတွေဟာ ရေဘေးသင့်ပြည်သူတွေနဲ့ သီးသန့်သွားရောက်တွေ့ဆုံအားပေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ မိသားစုဝင်တွေ ဆုံးရှုံးခဲ့ရတဲ့ ပြည်သူတွေကိုလဲ နှစ်သိမ့်အားပေးခဲ့ကြပါတယ်"ဟု စပိန်တော်ဝင်မိသားစုမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဗလန်စီယာ ရေကြီးရေလျှံမှုတွင် သေဆုံးသူ ဦးရေ ၂၃၀ ကျော်ရှိခဲ့ပြီး စပိန်ဘုရင်နှင့် ဘုရင်မတို့က ဒီဇင်ဘာ ၇ ရက်တွင် ပြုလုပ်ခဲ့သော ဝမ်းနည်းခြင်း အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း၊ ဒီဇင်ဘာ ၂၂ ရက်က ရေဘေးသင့်ပြည်သူများကို ထပ်မံသွားရောက်တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး ပြည်သူများကို လိုအပ်သောပံ့ပိုးမှုများလည်း ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း စပိန်ဘုရင်က ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# လေပြင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် အဝါရောင်သတိပေးချက်ထုတ်ပြန်ထား

**ပဲရစ် ဒီဇင်ဘာ ၂၃**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ဒီဇင်ဘာ ၂၂ ရက်က လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်မှုကြောင့် လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းများ ဖြစ်ပေါ်နေသဖြင့် အဝါရောင် သတိပေးချက် ထုတ်ပြန်ထားကြောင်း ပြင်သစ်မိုးလေဝသဌာနမှ ထုတ်ပြန်သော သတင်းများကို ကိုးကား၍ ယနေ့သတင်းများတွင် ဖော်ပြထားသည်။



စကော့တလန်နိုင်ငံ၏ မြောက်ဘက်တွင် စတင်ဖြစ်ပေါ်ခဲ့သော အီနော လေဖိအားနည်းရပ်ဝန်းသည် ပြင်သစ်နိုင်ငံဘက်သို့ ဆက်လက်ရွေ့လျားလာမှုကြောင့် ကမ်းရိုးတန်းနှင့် တောင်တန်းဒေသများတွင် လေတိုက်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ မှ ၁၂၀ ကြား တိုက်ခတ်လျက် ရှိသည့်အပြင် တောင်တန်းဒေသများတွင်လည်း နှင်းများထူထပ်စွာ ကျဆင်းမှုများ ဖြစ်ပေါ်နေကြောင်း သိရသည်။

နိုင်ငံအနှံ့အပြားတွင် လေတိုက်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၇၀ မှ ၈၀ ကြား တိုက်ခတ်လျက်ရှိသဖြင့် ကြိုတင်ကာကွယ်မှုအနေဖြင့် ပန်းခြံများ၊ လူနေထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာအများအပြားကို ခေတ္တပိတ်ထားပြီး ခရီးသွားလုပ်ငန်းများနှင့် သစ်တောများအတွင်း ခရီးသွားလာခြင်းများကိုလည်း အထူးသတိထားကြရန် ထုတ်ပြန်ချက်တွင် ထည့်သွင်း ဖော်ပြထားကြောင်း သိရသည်။

အချို့ဒေသများတွင် မိုးရေချိန် မီလီမီတာ ၂၀ ထိ ရွာသွန်းနိုင်ပြီး အဲလ်ပ်တောင်တန်းဒေသတွင် ဆီးနှင်းကျဆင်းမှု သိသိသာသာ ဖြစ်ပေါ်လျက်ရှိရာ စင်တီမီတာ ၂၀ မှ ၄၀ ထိ ကျဆင်းလျက်ရှိကာ အချို့နေရာများတွင် စင်တီမီတာ ၆၀ ထိ ကျဆင်းလျက်ရှိရာ နှင်းလျှောစီးအပန်းဖြေစခန်းများတွင် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသကဲ့သို့ တောင်တက်လမ်းအသုံးပြုသူများအနေဖြင့် အန္တရာယ်ရှိနိုင်ကြောင်း အာဏာပိုင်များက သတင်းထုတ်ပြန်ထားသည်။

လေဖိအားနည်းရပ်ဝန်းသည် မြေထဲပင်လယ်သို့ ဦးတည်ရွေ့လျားလျက် ရှိသော်လည်း အချို့ဒေသများတွင် နောက်နှစ်ရက်ခန့်ထိ လေပြင်းတိုက်ခတ်မှုနှင့်အတူ အန္တရာယ်ရှိနိုင်သော အခြေအနေများ ဖြစ်ပေါ်နေလိမ့်မည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : AZH**

# မြောက်ကိုရီးယားနိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသည့်နေအိမ်များ ဆောက်လုပ်ပြီးစီး မြောက်ကိုရီးယားခေါင်းဆောင် တက်ရောက်ဖွင့်လှစ်

**ပြုံယမ်း ဒီဇင်ဘာ ၂၃**

မြောက်ကိုရီးယားနိုင်ငံတွင် ဇူလိုင်လအတွင်းက ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများအတွင်း ပျက်စီးခဲ့ရသော နေအိမ်များအတွက် နေအိမ်အသစ်များ ပြန်လည်ဆောက်လုပ်ပြီးစီးခဲ့ပြီဖြစ်သဖြင့် အဆိုပါအဆောက်အအုံများဖွင့်ပွဲကို ဒီဇင်ဘာ ၂၂ ရက်တွင် ကျင်းပခဲ့ရာ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

နေအိမ်များ အသစ်ပြန်လည်ဆောက်လုပ်ပြီးစီးမှုအထိမ်းအမှတ်ဖွင့်ပွဲအခမ်းအနားသို့ မြောက်ကိုရီးယားခေါင်းဆောင် ကိုယ်တိုင်တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်းကို နိုင်ငံပိုင်သတင်းဌာနဖြစ်သော KCNA သတင်းဌာနက ဖော်ပြခဲ့ပြီး အဆိုပါအခမ်းအနားတွင် ကင်ဂျုံအန်က စိန်ခေါ်မှုများအောက်တွင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သော ဆောက်လုပ်ရေးကဏ္ဍကို ချီးကျူးဂုဏ်ပြုခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံတွင် ယခုနှစ် ဇူလိုင်လအတွင်းက ယူလာမြစ်တစ်လျှောက် ကြီးမားသော ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ မြောက်ပြုံယမ်းပြည်နယ်အတွင်း ထိခိုက်ပျက်စီးမှုများ ကြီးမားစွာဖြစ်ပေါ်ခဲ့ရပြီး အဆိုပါဒေသမှ ဒေသခံများအနေဖြင့် ပြုံယမ်းမြို့တော် ကယ်ဆယ်ရေးစင်တာများတွင် နေထိုင်ခဲ့ကြရာ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ နှောင့်နှေးကြန့်ကြာနေခဲ့ရမှုအပေါ် စိတ်မကောင်းဖြစ်ရကြောင်း မြောက်ကိုရီးယားခေါင်းဆောင်က ပြောကြားခဲ့သည်။

ရေကြီးရေလျှံမှုဖြစ်ပွားရခြင်းနှင့်ပတ်သက်၍ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးစနစ်များနှင့် မူဘောင်များအားနည်းမှုအပြင် တာဝန်ရှိသူများ၏ ပေါ့လျော့မှု၊ တာဝန်ခံမှုကင်းမဲ့မှုများကို ၎င်းက ထောက်ပြပြောဆိုခဲ့ပြီး လာမည့်နှစ်တွင် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးစီမံကိန်း အသစ်များကို စတင်ရန်စီစဉ်လျက်ရှိကြောင်း ၎င်းက ထုတ်ဖော်ပြောကြားခဲ့သည်။

**Ref : Russia Today**
**Trs : AZH**

# အင်္ဂလန်နိုင်ငံ၏ လေးပုံတစ်ပုံခန့် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေ

**လန်ဒန် ဒီဇင်ဘာ ၂၃**

အင်္ဂလန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းကာ မြစ်ရေလျှံတက်မှုများကြောင့် နေရာတချို့တွင် ရေကြီးရေလျှံမှုဖြစ်ပေါ်လျက်ရှိရာ မိုးရေချိန်မြင့်မားစွာရွာသွန်းနေဆဲဖြစ်သည့်အတွက် အင်္ဂလန်နိုင်ငံ၏ လေးပုံတစ်ပုံခန့်သော ဧရိယာများမှာ ရေကြီးရေလျှံမှုပြဿနာဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း သဘာဝပတ်ဝန်းကျင်အေဂျင်စီ(EA)က သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရနိုင်သည့် ပြည်သူပိုင်အဆောက်အအုံနှင့် အခြေခံအဆောက်အအုံ ၄ ဒသမ ၆ သန်းခန့်ရှိနေကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းမှုအပြင် ရေနုတ်မြောင်း စနစ်များလည်း အားနည်းချက် ရှိနေသည့်အတွက် စွန့်ပစ်ရေနှင့် လျှံတက်လာသော မြစ်ရေများကို ရေနုတ်မြောင်းများမှတစ်ဆင့် ကောင်းမွန်စွာရေလွှဲနိုင်ခြင်းမရှိသည့်အခြေအနေကြောင့် ရေဘေးအန္တရာယ်အခြေအနေ ပိုမိုဆိုးရွားလာနိုင်ခြင်းဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင် အေဂျင်စီ(EA)က သတိပေးခဲ့သည်။

"လက်ရှိ မိုးရွာသွန်းမှုအခြေအနေနဲ့ မြစ်ရေပမာဏမြင့်တက်မှုတွေကြောင့် နေရာတချို့မှာရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရတယ်။ အင်္ဂလန်နိုင်ငံအတွင်းရှိ နေအိမ်စုစုပေါင်းရဲ့ ၁၄ ဒသမ ၅ ရာခိုင်နှုန်းလောက်ထိ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ရနိုင်ပါတယ်"ဟု သဘာဝပတ်ဝန်းကျင် အေဂျင်စီ(EA)မှ အမျိုးသားရေဘေးအန္တရာယ်ဆိုင်ရာ အကဲဖြတ်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**










ABL APP is now AVAILABLE in both MM and ENG versions!

**မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ကုန်တင်ယာဉ်/ခေါက်တိုယာဉ်များနှင့် ကုန်ဂိတ်များ မှတ်ပုံတင်ကြပါရန် အသိပေးနှိုးဆော်ခြင်း**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ပြေးဆွဲဖွစ်လှစ်လျက်ရှိသော မန္တလေးမြို့အခြေစိုက် ကုန်တင်ယာဉ်များ၊ ခေါက်တိုယာဉ်များနှင့် ကုန်စည်ဂိတ်များသည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြဋ္ဌာန်းထားသည့် တိုင်းဒေသကြီး ပုဂ္ဂလိကပိုင်မော်တော်ယာဉ် လုပ်ငန်းယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေအရ တိုင်းဒေသကြီး(ကုန်တင်ယာဉ်/ ခေါက်တိုယာဉ်)ယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီတွင် နှစ်စဉ်မှတ်ပုံတင်ကြရမည်ဖြစ်ပါသည်။

**၂၀၂၅ ခုနှစ်**တွင် မှတ်ပုံတင်ခြင်းဆောင်ရွက်ရန် ကုန်တင်ယာဉ်များ၊ ခေါက်တိုယာဉ်များနှင့် ကုန်စည်ဂိတ်များသည် တိုင်းဒေသကြီး(ကုန်တင်ယာဉ်/ ခေါက်တိုယာဉ်)ယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီရုံး၊ အမရပူရမြို့နယ်၊ ပြည်ကြီးမင်္ဂလာကုန်တင်ယာဉ်ရပ်နားစခန်း(စွယ်တော်)၊ အခန်းအမှတ်(MM-5)သို့ (၁-၁-၂၀၂၅)ရက်နေ့မှစ၍ လာရောက်မှတ်ပုံတင်ကြပါရန်နှင့် ရုံးသို့လာရောက်ရန်အခက်အခဲရှိသည့် ယာဉ်ပိုင်ရှင်များအနေဖြင့် ကော်မတီ၏စည်းကြပ်ခပေးဆောင်ရသည့် ကွင်းစစ်ဆေးရေးစခန်းများတွင်လည်း ဝင်ရောက်မှတ်ပုံတင်ခြင်းကိုဆောင်ရွက်နိုင်ပါကြောင်း **ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။**

**မန္တလေးတိုင်းဒေသကြီး**
**ကုန်တင်ယာဉ်/ခေါက်တိုယာဉ်**
**ယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီ**
**မန္တလေးမြို့**

**ပျောက်ဆုံးကြောင်း**

မုဒုံမြို့နယ်၊ မြို့မ(၁)ရပ်ကွက်နေ ဒေါ်နိုင်နိုင်မော် (ဘ) ဦးဝမ်းရှိန် (၁၀/မဒန(နိုင်)၁၉၂၃၁၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (P.No - A036455)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၅၇၄၃၇၀၀၃

**ပျောက်ဆုံးကြောင်း**

ကျောက်မဲမြို့နယ်၊ နမ့်ဟူးတောင်းအထက်ရွာနေ မောင်မင်းသန့် (ဘ) ဦးစိုင်းကြည်ယုံ (၁၃/ကမန(နိုင်)၁၅၀၅၉၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၄၅၄၈၈၉၈၈

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

- ❖ **လူငယ်များအနေဖြင့် ဘဝတွင် အောင်မြင်တိုးတက်ရန်အတွက် စည်းကမ်းရှိရန်၊ ဥပဒေများကို လေးစားလိုက်နာတတ်ရန်လည်းလို...**
- ❖ **နိုင်ငံတော်က ချမှတ်ထားသည့် စည်းကမ်းများ၊ ဥပဒေများကိုလေးစားလိုက်နာမှသာ အပြစ်အနာအဆာကင်းပြီး တန်ဖိုးရှိသည့် နိုင်ငံသားကောင်းများအဖြစ် နိုင်ငံကို အကျိုးပြုနိုင်မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ပြုလုပ်သော ၂၀၂၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်း လက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပ

စာမျက်နှာ- ၁၉





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံ၏ ဒုတိယမြောက် မြေအောက်လမ်းကူးလူသွားဥမင်(Underpass)အဆောက်အအုံဝင်ပေါက်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံ၏ဒုတိယမြောက် မြေအောက်လမ်းကူးလူသွားဥမင်(Underpass)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၂၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ်နှင့် ပြည်သူ့ရင်ပြင်ပန်းခြံကြား ဦးဝိစာရလမ်းတွင် ဖောက်လုပ်ထားသည့်မြန်မာနိုင်ငံ၏ ဒုတိယမြောက် မြေအောက်လမ်းကူးလူသွားဥမင် (Underpass) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြို့တော်ဝန်နှင့် တိုင်းဒေသကြီးအဆင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည်

စာမျက်နှာ ၂၀ ကော်လံ ၁ ☆

